www.burmeseclassic.com

မောင်မျိုး
စီစဉ်သည်

ကြက်ဖျားရေး

မိုးဝေ

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

မင်းခိုက်စိုးစန်

# ကြက်တူရွေးပါးစပ်

www.burmeseclassic.com

www.burmeseclassic.com

**နိုင်ငံတော်ကို ဖျက်ဆီးစိတ်** ~~

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

BURMESE CLASSIC .com

စာမူခွင့်ပြုချက်အမှတ်
၅၀၀၇၂၅၀၆၀၆

မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၁၀၈၄၀၆၀၉

**ထုတ်ဝေသူ**
ဦးမောင်မျိုး
ကြောင်နှစ်ကောင်စာပေ

**ပုံနှိပ်သူ**
ဦးမောင်မျိုး
ကြောင်နှစ်ကောင်ပုံနှိပ်တိုက်

**ထုတ်ဝေခြင်း**
ပထမအကြိမ် ၂၀၀၆ ခုနှစ်၊ အောက်တိုဘာလ
အုပ်ရေ ၅၀၀၊ တန်ဖိုး ၁၀၀ ကျပ်

TWO CATS PUBLICATION

**မောင်မျိုး**
(ကြောင်နှစ်ကောင်စာပေ)
စီစဉ်သည်

www.burmeseclassic.com

www.burmeseclassic.com



# သေတ္တာထဲကလက်ဆောင်

ကြောင်နှစ်ကောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



# (၁)

ကျွန်တော်၏ ချစ်သူသည် "ရန်း နတ်သမီး" ဖြစ်ပါသည်။ သူမသည် ဂရိရာဇဝင်ထဲတွင်ပါရှိသော အိုလံပီယာ (Olympia) တောင်ထိပ်တွင်နေထိုင်သည့် ဇု (Zeus) နတ်မင်းကြီး၏ နိုင်းစေချက်အတိုင်း ပန်းပွင့်များကို ရန်းသွင်းပေး ရသည့်တာဝန် ထမ်းဆောင်ပါသည်။

လူခြေတိတ်သည့် ဒီဇင်ဘာလ၏ ည သန်းခေါင်ယံအချိန်တွင် သူမက ဆိတ်ဖလူး ပန်းပွင့်များကို ရန်းသွင်းပေးနေခိုက် ကျွန်တော်နှင့်သူမ ဆုံဆည်းခဲ့ရသည်။ နှင်းမှုန်တွေ ပြာလဲ့ရီဝေနေသည့် လရောင်အောက်မှာပင် ကျွန်တော်တို့နှစ်ယောက် ချစ်သူတွေ ဖြစ်ခဲ့ကြပါသည်။

"ကျွန်မတို့နဲ့ မျိုးနွယ်ချင်းမတူတဲ့ ရှင့်လို လူသားတစ်ယောက်ကို ချစ်ရတာ သိပ်ကို အန္တရာယ်ကြီးပါတယ်"

ကြောင်နှစ်ကောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ"

"ကျွန်မတို့ရဲ့ အရှင်သခင်ဖြစ်တဲ့ ဇု နတ်မင်းကြီးသာ ဒီအကြောင်းကိုသိသွားရင် ကျွန်မကို ပြစ်ဒဏ်ခတ်လိမ့်မယ်"

ကျွန်တော် သူမကို တင်းတင်း ပွေ့ဖက်ထားလိုက်မိသည်။ ညသည် ဗျပ်စောင်းကို တီးခတ်လျက်။နှင်းစက်တွေ ဥနေသည့် စံကားဝါရွက်ချပ်တွေကြားမှာ အချစ်သည် တိတ်ဆိတ်စွာပုန်းခိုနေ၏။ မာတိကာမပါသော အနမ်းများနှင့်ပင် ကျွန်တော်တို့နှစ်ယောက် ချစ်ခဲ့ကြပါသည်။





(၂)

ကျွန်တော်တို့နှစ်ယောက် မျှော်လင့်ထားခဲ့ကြသည့် အန္တရာယ်သည် သိပ်လည်း မစောလွန်းသလို၊ သိပ်လည်း နှောက်မကျလွန်းဘဲ ရောက်ရှိလာခဲ့၏။

"ကျွန်မတို့ ခွဲကြရတော့မယ်။ ကျွန်မတို့ အကြောင်းကို ဇု နတ်မင်းကြီး သိသွားပြီ။ သူက ကျွန်မကို ဟိုး...အာဖရိက တောနက်တွေထဲကို သွားပြီး တာဝန်ထမ်းဆောင်ရမယ်လို့ အမိန့်ချလိုက်တယ်"

"တစ်နေ့တွင်ခွဲခွာကြရလိမ့်မည်" ဟု ကြိုသိထားနှင့်ခဲ့သော်လည်း တကယ်တမ်း ခွဲခွာရသောအခါ ခံစားရသော ဝေဒနာက မျှော်လင့်ထားသည်ထက် ပိုမိုခါးသီး ပြင်းထန် ရက်စက်လွန်းပါသည်။ ကျွန်တော် အသံမထွက်ဘဲ ငိုကြွေးနေမိ၏။



www.burmeseclassic.com

www.burmeseclassic.com



အမှောင်သည် မြွေပေါက်တစ်ကောင်၏ အဆိပ်နှင့် တူပါသည်။ နလုံးသားသည် သွေးစို့သော ဒဏ်ရာနှင့်ပင် သေဆုံးသွားခဲ့သည်။ ကျွန်တော့် ရင်ဘတ်ထဲတွင် နလုံးမခုန်ပါ။ အစွယ်ရာနှစ်ပေါက်သာ ရှိတော့၏။

"ရှင့်အတွက် လက်ဆောင်တစ်ခု ပေးခဲ့မယ်။ ရော့ ... ယူပါ။ ဟောဒီ ... ကရမက်သားနဲ့ ထွင်းထားတဲ့ သေတ္တာကလေးထဲမှာ ... ကျွန်မ ဘယ်ပန်းပွင့်ကိုမှ မဆွတ်ဖူးနိုင်ခဲ့ပေမဲ့ ချန်ထားတဲ့ "အကောင်းဆုံး ရနံ့တစ်ခု" ထည့်ထားတယ်။ အဖုံး ကိုတော့ သေသေချာချာ ပိတ်ထားပါနော်။ ဖွင့်လိုက်ရင် အထဲက "ရနံ့" လွင့်ပျယ်သွားမှာ စိုးလို့ပါ"

သူမက ကျွန်တော့်လက်ထဲသို့ ကနုတ်ပန်းခက်များ ထွင်းထုထားသည့် သစ်သား သေတ္တာကလေးတစ်လုံး ထည့်ပေးသည်။ နောက် .. မျက်ရည်များ စီးကျနေသည့် ပါးပြင်ချွင်းထိကပ်ကာ နှုတ်ဆက်လိုက်ပြီးနောက် ... အမှောင်ထဲတွင် သူမ ... ပျောက်ကွယ်သွားပါတော့သည်။

သူမကိုယ်စား... ကျွန်တော့်လက်ထဲတွင် အဖုံးပိတ်ထားသည့် သေတ္တာကလေးတစ်လုံးသာ ကျန်ရစ်ခဲ့ ၏။

အထဲတွင် "အကောင်းဆုံးရနံ့" တစ်မျိုးရှိသည်။ ... "ရှိသည်" ဟု ဆိုပါသည်။





(၃)

သူမ ကျွန်တော့်ကို ခွဲခွာ သွားရစ်ခဲ့သည်မှာ နှစ်ဆယ့်ကိုးနှစ် (၂၉ နှစ်) တိတိရှိပါပြီ ... ။ သူမ ပေးထားရစ်ခဲ့သော "သေတ္တာ" ကလေးကို ကျွန်တော် အခုထိ မဖွင့်ရသေးပါ။

ပဟေဠိဆန်သော သေတ္တာကလေးသည် ကျွန်တော့် ရင်ခွင် ထဲတွင် အဖုံးပိတ်လျက်သား ..။

အထဲမှာ ဘယ်လို"ရနံ့"မျိုးရှိသလဲ??? ဟင့်အင်း . . .။ ဖွင့်ကြည့် လိုက်ရင် အဲဒါကို ငါဆုံးရှုံးရမှာပေါ့။ မဖွင့်ဘူး... မဖွင့်ဘူး။ သေတ္တာ ကလေးကို ကျွန်တော့် ရင်ခွင်ထဲတွင် တင်းတင်းကျပ်ကျပ် ပွေ့ပိုက် ထားမိသည်။ ၂၉... နှစ်တဲ့။ ကြာလှပါပြီ...။ သေတ္တာအဖုံးကို ပိတ်လျက်သား ထိန်းသိမ်းစောင့်ကြပ်ထားခဲ့ရသည်မှာ ၂၉ နှစ်ပင် ကြာခဲ့ပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



ထိုမျှ ရှည်လျားသော (ကျွန်တော့်ဘဝ သက်တမ်း ထက်ဝက်စာ) ကာလတစ်လျှောက်လုံး နံနက် မိုးသောက်ချိန် တိုင်းမှာ "သေတ္တာကလေးကို ဖွင့်လိုက်တော့မည်" ဟု စိတ်ကူးပြီး သော့တံကို သော့ပေါက်ထဲ ထိုးထည့်ဖြစ်သည်။ နောက်ပြီး ... အဲသည် အကြိမ်တိုင်းမှာပင် "အထဲက ရနံ့ကို ငါ ခဏလေးပဲရှူရှိုက်ခွင့်ရလိုက်ပြီး ဒါကို တစ်သက်လုံး အစားပြန်မရနိုင်တော့ဘူး" ဟူသော နှမြောတသစိတ်ဖြင့် သော့တံကို ပြန်လည်နှုတ်ယူမိသည်။

သေတ္တာလေးကတော့ အဖုံးပိတ်လျက်သား ...။

ဘုရားရေ ...။ ငါ့ဘဝတစ်လျှောက်လုံးဟာ ဒီလိုနဲ့ ပြီးဆုံးရတော့မှာလား???။





(၄)

ဇုနတ်မင်း၏ရှေ့က စားပွဲပေါ်သို့ "အဖုံးပိတ်ထား သောသေတ္တာကလေး"ကို ကျွန်တော်က "ဒေါက်ခနဲ" ပစ်တင်လိုက်သည်။ သူက မော့ကြည့်၏။ ထို့နောက်

"ငါ ... မင်းကို ဘာအကူအညီပေးရမလဲ"

ဟူသော လူကြီးလူကောင်း(ဆိုသူများ)ပြောလေ့ရှိသည့် ကြိုဆိုစကားဖြင့် ပဋိသရုပြု၏။ ကျွန်တော်က တစ်ခွန်းတည်း မေးလိုက်သည်။

"ကျွန်တော် ... ဒီသေတ္တာကို ဖွင့်သင့်သလား။ မဖွင့်သင့်ဘူးလား"

ဇု နတ်မင်းက ကျွန်တော့်မျက်နှာကိုမကြည့်။ ကျွန်တော့်နှလုံးသားရှိရာ ဝဲဘက်ရင်အုံတည့်တည့်ကို အကြာကြီး စိုက်ကြည့်နေသည်။ ပြီးမှ ...

"တကယ်တော့မင်းဟာ လူအဖြစ်က ဆုံးရှုံး လျှောကျ



www.burmeseclassic.com

www.burmeseclassic.com



နေတဲ့ကောင်ပဲ။ အနည်းဆုံးတော့ မင်းဟာ မင်းရဲ့ ခံစားချက်အပေါ် သစ္စာရှိသင့်တာပေါ့။ မင်းက ဘာကိုလိုချင်တာလဲ။ ပြန်လည်ဆုံးရှုံးရမှာကို ကြောက်လို့ ဘာကိုမှ မလိုချင်ရဲလောက်အောင် သတ္တိမဲ့နေရင်တော့ မင်းဟာ လူမဟုတ်တော့ဘူး။ လူ့ဘဝဆိုတာ "ခဏငယ်" ကလေးတွေနဲ့ တည်ဆောက်ထားတာ။ အဲဒီ စက္ကန့် အစိတ်အပိုင်း ကလေးတိုင်းဟာ တန်ဖိုးရှိတယ်။ ဘယ်အရာမဆို အဲဒီ "ခဏငယ်" လေးအတွင်းမှာ "ဖြစ်" ပြီးတာနဲ့ "ပျက်" သွားတာပဲ။ အဲဒါကိုက အဲဒီ အချိန်စက္ကန့် အစိတ်အပိုင်းလေးရဲ့ အဖိုးမဖြတ်နိုင်အောင် ခမ်းနားကြီးကျယ်တဲ့ တန်ဖိုးပဲ"

ကျွန်တော် လှည့်ထွက်ရန် ဟန်ပြင်လိုက်သည်။ နောက်ကျောဘက်ဆီမှ လှမ်းပြောလိုက်သည့် ဇိုနတ်မင်းကြီး၏ အသံကို ကြားရ၏။

"မင်းဟာ ၂၉ နှစ်လုံးလုံး ပျက်ရမှာကို ကြောက်လို့ "ဘာမှမဖြစ်ရဲ"ခဲ့တဲ့ကောင်ပဲ။ ဒါကြောင့် မင်းကို လူအဖြစ်က ဆုံးရှုံးနေတဲ့ကောင်လို့ ပြောတာ"





(၅)

နောက်ဆုံး … ဆုံးဖြတ်ချက်နှင့်အတူ သေတ္တာသော့ပေါက်ကလေးအတွင်းသို့ သော့တံကို ကျွန်တော် ထိုးထည့်လိုက်သည်။ ထင်ထားခဲ့ဖူးသလောက် ခဲခဲယဉ်းယဉ်း တုန်လှုပ်ခြင်းမရှိဘဲ သော့တံကို လှည့်လိုက်သောအခါ "ကလစ်" ခနဲ မြည်ပြီး သေတ္တာအဖုံး ပွင့်သွားပါသည်။

သေတ္တာပွင့်သွားပြီ …။

အတွင်းမှ အလွန်မွှေးကြိုင်သော (ကမ္ဘာမြေပေါ်တွင် မရှိခဲ့ဘူးသေးသည့်) အကောင်းဆုံး ရနံ့တစ်မျိုးထွက်လာသည်။ ကောင်းကင်တစ်ခုလုံး သင်းပျံ့သွား၏။ ခရမ်းနုရောင် ရနံ့သည် အေးစိမ့်ချိုသက်သော "ရသ" ဖြင့် အရာရာကို ငြိမ်သက်သွားအောင် ညှို့လိုက်သည်။

သို့သော် … ခဏသာဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



မိနစ်ပိုင်းအတွင်းမှာပင် ထိုရန့်သည် လေထုထဲတွင် တဖြည်းဖြည်း လွင့်ပါးပျောက်ကွယ်သွားတော့သည်။ ဖျော့တော့ လွင့်ပျယ်။ မရှိတော့။ (ပြီးသွားတော့လည်း ဘာမှမဟုတ်တော့ပါ)

ကျွန်တော် ကျေနပ်စွာဖြင့်ပင် ထိုင်နေရာမှ ထလိုက်သည်။

ထိုရန့်ကိုရလိုက်သော တခဏလေးသည် ကျွန်တော့်အတွက် လုံးဝအဓိပ္ပာယ်ရှိသည်။ တန်ဖိုးရှိသည်။ ပြီးတော့ ပျောက်ကွယ်ဆုံးရှုံးသွားသည်။ ကဲ … ဘာဖြစ်သေးလဲ။

ကျွန်တော် … ဖြတ်သန်းရဲခဲ့ပြီ။

*

တကယ်တော့ … ကျွန်တော်သည် ၂၉ နှစ် လုံးလုံး ကိုယ့်ကိုယ်ကို သေတ္တာထဲထည့်ကာ သော့ခတ်ထားခဲ့သူ တစ်ယောက်သာဖြစ်ပါသည်။





## ဇော်ကြိုး



www.burmeseclassic.com

www.burmeseclassic.com



(၁)

သူ့ဘဝသည် ပြိုင်မြင်းတစ်ကောင်အဖြစ်နှင့် မွေးဖွား လာခဲ့ခြင်းဖြစ်လေသည်။

*

သူ့ကိုထားသော မြင်းဇောင်းမှာ အခြားမြင်းဇောင်းများနှင့်မတူ၊ အမြဲတစေသန့်ပြန့်ပြီး လေဝင်လေထွက်ကောင်းမွန်လျက်ရှိသည်။ သူ့ကို အချိန်မှန်မှန်အစာကျွေးရန်နှင့် ညဖက်များတွင် မြင်းဇောင်းအပြင်မှ စောင့်အိပ်ရန် အစေခံတစ်ယောက်ကိုပါ ထားပေးထား၏။

အစာစားလျှင်လည်း အခြားမြင်းများလို တွေ့ကရာ မြက် သစ်ရွက်တို့ကို ရှာဖွေစားသောက်ရခြင်းမျိုးမဟုတ်၊ တသီးတသန့် ခင်းကျင်းထားသော အစာခွက်ထဲတွင် ဖွဲနု၊ နှမ်းဖတ်တို့နှင့် ရောနယ် ထားသောအစာကို ကျကျနန ကျွေးမွေးထားခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ညဖက်ဆိုလျှင်လည်း မှက်၊ ခြင်၊ ယင် မကိုက်ရအောင် ဂရုစိုက်၏။ တစ်ခါတစ်ရံ လိုအပ်လျှင် မီးဖိုပါ ဖိုပေးထား၏။ သူ့ကျန်းမာရေးကို စစ်ဆေးရန် တိရစ္ဆာန်ဆေးကု ဆရာဝန် တစ်ယောက်လည်း မကြာမကြာ လာလေ့ရှိသည်။

တခြားမြင်းများနှင့် ယှဉ်လိုက်လျှင် သူ့ဘဝသည် အများကြီးကံကောင်းပါသည်။

သူသည် ပြိုင်မြင်းတစ်ကောင်အဖြစ်နှင့် မွေးဖွားလာခဲ့ခြင်းဖြစ်၏။





(၂)

"ဟဲ့ . . . မြင်း၊ ဟဲ့ . . . မြင်း"

သူ့တင်ပါးပေါ်သို့ တရှမ်းရှမ်းကျလာသော ကြိမ်ရိုက်ချက်နှင့်အတူ သူ့ကျောပေါ်တွင် စီးနင်းလိုက်ပါလာသော ဂျော်ကီ၏ ကြုံးဝါးအချက်ပေးသံကို ကြားလိုက်ရသည်။

သူ ပြေးနှုန်းကို မြှင့်တင်လိုက်၏။

သူ့ခြေထောက် အနှုတ်အသိမ်းတွေက အလွန်လျင်မြန်စွာ ခုတ်မောင်းနေသော စက်ယန္တရား တစ်ခု၏ မောင်းတံတွေလို လှုပ်ခနဲ လှုပ်ခနဲ လှုပ်ရှားသွားကြသည်။

သူ့ခန္ဓာကိုယ်သည် လေထုကို ထိုးခွဲ၍ တရိပ်ရိပ် ပြေးလွှားနေ၏။

ပြေးထား . . . ပြေးထား . . . ပြေးထားမှဖြစ်မယ်။



www.burmeseclassic.com

www.burmeseclassic.com



သူ့လက်ဝဲဖက်မှကပ်၍ အပြေးလိုက်ပါလာသော ဖြူဖြင်ဖက်မြင်းတစ်ကောင်ကို အသာငဲ့ကြည့်လိုက်သည်။ ထိုမြင်းကလည်း ဇက်ကို အစွမ်းကုန် ဆန့်တန်းလျက် သူ့ဘေးမှ အသေအလဲ ကပ်ခါပြေးလာနေ၏။ သူ့ကို ကျော်တက်ဖို့ အစွမ်းကုန် အားထုတ်နေ၏။ ပြေးနေ၏။

အလျှော့မပေးနဲ့… အလျှော့မပေးနဲ့ … သူ့ ကို ငါနိုင်မှ ဖြစ်မယ်… ပြေးထား…ပြေးထား။

သူ စိတ်ထဲမှကျိတ်၍ ရေရွတ်လိုက်ရင်း ရှိသမျှ ခွန်အားကို မီးပွင့်မတတ် ညှစ်ထုတ်လိုက်သည်။

ခွာသံများ… ခွာသံများ… ခွာသံများ။

သူ့တစ်ကိုယ်လုံး ဖြူဖြင်ဖက်မြင်းထက် ရှေ့သို့ ကျွံထွက်လာသည်။

"ဟုတ်ပြီကွ … ဟုတ်ပြီ…ဖေ့သားကြီး"

သူ့ကျောကုန်းပေါ်မှ ဂျော်ကီ၏ အားရဝမ်းသာ ဟစ်ကြွေးလိုက်သံက မီးတောင်တစ်လုံးလို ပေါက်ကွဲသွားသည်။ ရှေ့မှာ ပန်းဝင်စည်းတားထားသည့် ဖဲကြိုး…။

သူ ရင်တွေ တဒိုင်းဒိုင်းခုန်နေသည်။ သူ့ နှလုံးသားထဲမှ အသံတစ်သံက…

"ပြေး… ပြေး… ပြေး၊ ငါ့ ဖြူဖြင်ဖက်ထက် ပိုမြန်အောင်ပြေး"

"ငါ့ဖြူဖြင်ဖက်ထက် ပိုမြန်အောင်"

"ပိုမြန်အောင်"

သူ့တစ်ကိုယ်လုံး၏ အရှိန်အဟုန်က ကြောက်ခမန်းလိလိ…၊





ရေခွာအစုံက ကျည်ဆန်တစ်တောင့်လို ဝှီးခနဲ တစ်ကိုယ်လုံးကို တွန်းကန်ထွက်သွားသည်။

ပန်းဝင်ဖဲကြိုး ပြတ်သွားသည်နှင့် တစ်ပြိုင်နက်

"ဟေး… ၊ နိုင်ပြီကွ… နိုင်ပြီ…"

"ဝေး… ဟေး… ဟေး…"

"ရှီး… ဖြောင်း… ဖြောင်း… ဖြောင်း"

သူ့အောင်ပွဲကို ဂုဏ်ပြုသော ချီးကျူး ထောပနာ သံများ လက်ခုပ်သံများက သိမ့်ခနဲ တုန်ခါသွားသည်အထိ ပြုဆင်းကျလာတော့သည်။

သူ အနိုင်ရလိုက်ပြီ …။

*

သည်အချက်ကို ဘာမှ သံသယ ဖြစ်စရာ မလိုပါ။ သူ အနိုင်ရလိုက်ပြီ။

သို့သော် …

ပြီးတော့ကော… ဘာဖြစ်သေးသနည်း။ ဘာမှမဖြစ်ပါ။

သူသည် တခြားမြင်းများထက် ပို၍ မြန်မြန် ပြေးနိုင်သော မြင်းတစ်ကောင်ဖြစ်သည်။

နောက်တစ်ပွဲကျလျှင်လည်း သူသည် တခြားမြင်းများထက် ပိုပြီး မြန်မြန်ပြေးနိုင်အောင် ကြိုးစားရဦးမည်ဖြစ်သည်။

သည်အချက်ကိုလည်း ဘာမှ သံသယ ဖြစ်စရာမလိုပါ။



www.burmeseclassic.com

www.burmeseclassic.com



(၃)

“ငါ ရှင်သန်နေတာ ဘာအတွက်လဲ?”

ဟု သူ့ကိုယ်သူ ပြန်မေးကြည့်နေသည်။ သူ အသက်ရှင်နေသည်မှာ “မြန်မြန် ပြေးဖို့” ဖြစ်သည်။

ဘဝဆိုသည်မှာ တခြားမြင်းများထက် ပိုပြီး မြန်မြန်ပြေးခြင်းသာဖြစ်၏။ ပြိုင်ပွဲတွေ အများကြီးရှိသည်။ ပြိုင်ဖက်မြင်းတွေ အများကြီးရှိသည်။

အပြေးပြိုင်နေခြင်းသည် ဘဝဖြစ်၏။

ဒါပဲလား…။ ဟုတ်သည်… ဒါပါပဲ။

*





သူပြေးသည်။ သူနိုင်သည်။ ပွဲတစ်ပွဲ ပြီးဆုံးသွားသည်။ ထို့နောက် နောက်တစ်ပွဲ ထပ်စသည်။ သူပြေးပြန်သည်။ သူနိုင်ပြန်သည်။ ပွဲပြီးသွားပြန်သည်။ သို့သော် သူကား ပြီးဆုံးခွင့်မရသေး…။

နောက်တစ်ပွဲ ထပ်စဦးမည်။ သူထပ်ပြီး အပြေးပြိုင်ရပြန်ဦးတော့မည်။

သူ့အဖြစ်က ရယ်စရာပင် ကောင်းနေသေးတော့သည်။

တစ်ချိန်တည်းမှာပင် … ငိုစရာလည်း ကောင်းနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



(၄)

"ခွေးရူးဟေ့ … ခွေးရူး …"

"ဟဲ့ … ဟဲ့ … ကလေးတွေ ၊ အိမ်ထဲ မြန်မြန်ဝင်ကြစမ်း"

"ရှူး … ရှူး … ဟဲ့ … ခွေး သွားစမ်း"

ရွာထဲရှိ လူတွေအားလုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်။ ရွာလယ်လမ်းမတစ်လျှောက် ပြေးဝင်လာသော ခွေးရူးတစ်ကောင်ကို တွေ့လိုက်ရသောကြောင့် ဖြစ်၏။

ထိုခွေး၏ ပါးစပ်ထဲမှလျှာသည် တွဲလောင်းကျနေပြီး သွားရည်တမြားမြားနှင့် ဖြစ်နေသည်။ မွဲခြောက်ခြောက် ကိုယ်လုံးတွင် ဖုံအလိမ်းလိမ်းနှင့်၊ အမြီးကလည်း ကုပ်နေသည်။

ခွေးရူး၏ ဦးခေါင်းက စောင်းငမ်း စောင်းငမ်းနှင့် ဦးတည်ရာမဲ့ ယိုင်တိယိုင်ထိုး ပြေးလွှားနေသည်။ ဟိုမှ သည်မှ ဝိုင်းဝန်း မောင်းနှင်





ထုတ်လိုက်သောကြောင့် ရွာအပြင် ကွင်းစပ်အနီးသို့ ရောက်လာသည်။

ထိုနေရာသည် ပြိုင်မြင်းများကိုထားသော မြင်းဇောင်းနှင့် သိပ်မဝေးလှပါ။



www.burmeseclassic.com

www.burmeseclassic.com



(၅)

မြင်းဇောင်းထဲတွင်တော့ သူသည် ညောင်းညာကိုက်ခဲနေသော သူ့ ရှေ့ခြေထောက်ခွာများကို ငုံ့ကြည့်နေ၏။ မနေ့ကတင် ပြိုင်ပွဲတစ်ခုမှာ သူ အနိုင်ရခဲ့သေးသည်။ (ထိုပြိုင်ပွဲသည် သူ့ဘဝအတွက် ဘယ်နှစ်ခုမြောက် ပြိုင်ပွဲဖြစ်သနည်း ဆိုသည်ကိုတော့ သူမမှတ်မိတော့၊ မှတ်လည်း မှတ်သား မနေချင်တော့)

မနေ့က သူရယူပေးခဲ့သည့် ဆုဖလားက ဘယ်လို ပုံသဏ္ဍာန်ရှိသလဲ၊ ဒါကိုလည်း သူ မမှတ်မိတော့။ သူ့ကျောကို အမြဲစီးနင်းလိုက်ပါနေကျဖြစ်သော ဂျော်ကီက အနိုင်ရရှိသော ဆုဖလားကြီးကို ဂုဏ်ယူဝင့်ကြွားစွာ ကိုင်မြှောက်လျက် ပရိသတ်ဘက်သို့ လှည့်ပြနေပုံကို သူ စက်စက်ဆုပ်ဆုပ် ရွံရွံရှာရှာ ကြည့်နေမိခဲ့ကြောင်းကိုတော့ ကောင်းကောင်းမှတ်မိနေခဲ့သည်။





ဒင်းအတွက်တော့ ဆုရတာဟာ ဂုဏ်ယူစရာတဲ့လား။ သူကတော့ နာနာကျည်းကျည်း ရယ်မောရုံသာ ရယ်မောလိုက်ချင်ပါတော့သည်။

သူ့အတွက်တော့ ပြိုင်ပွဲဆိုသည်မှာ ဘာမှ ထူးခြားသော အရာတစ်ခု မဟုတ်တော့ပါ။ ဆုဆိုသည်မှာလည်း မက်လောက်စရာ ပစ္စည်းတစ်ခု မဟုတ်တော့ပါ။

အဲဒီလို အကြောင်းကြောင်း အရောင်ပြောင်းပြောင်း လက်လက်ခွက်တစ်ခွက်ရဖို့ သူတစ်သက်လုံး ပြေးလွှား ရင်ဆိုင်နေရသည်ဆိုလျှင်တော့ ဘဝဆိုသည်မှာ ဗျက်လုံး တစ်ခုသာသာမျှသာ ဖြစ်ပေတော့မည်။

နောက် ... များမကြာခင်မှာ အလားတူ ပြိုင်ပွဲတစ်ခု လာပေလိမ့်ဦးမည်။ ထိုပြိုင်ပွဲတွင် သူပြေးရဦးမည်။ ပြိုင်ဖက်များအားလုံးထက်သာအောင် သူပြေးရပေလိမ့်မည်။

ယခု ... သူအသက်ရှင်နေသည်မှာ သူများတွေထက်သာအောင် ပြေးဖို့လား။

ဘဝတစ်ခုလုံး၏ ရည်မှန်းချက်ပန်းတိုင်သည် ဒီတစ်ခုမျှသာပဲလား။ သူ့ပါးစပ်ထဲမှ စားလက်စအစာကို ထွီခနဲ ထွေးထုတ်လိုက်သည်။

သူ ... ငြီးငွေ့လှပါပြီ။

*

"အပြေးပြိုင်ခြင်း" နှင့် လွတ်ကင်းသော ကမ္ဘာမြေပေါ်ကို တစ်နေရာရာကို ရှာဖွေတော့မည်ဟု ဆုံးဖြတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုဆုံးဖြတ်ချက်နှင့်အတူ မြင်းဇောင်းအဝတွင် ကာရံထားသော သစ်သားတန်းကို လွှားခနဲခုန်ကျော်လျက် ထွက်လိုက်၏။ အပြင်အပ၏ ကမ္ဘာမြေသည် သစ်လွင်သော ရနံ့တစ်ခုနှင့်အတူ သူ့ကို စောင့်ကြိုနေလေသည်။

လေပြည်တစ်ချက် တိုက်ခတ်လာ၏။ ရွာအပြင် ကွင်းစပ်တွင် ပေါက်နေသော အဝါရောင် တောပန်းရိုင်း ကလေးများကို လှမ်းမြင်ရသည်။

"..........."

သူ မြူးတူးစွာဖြင့် တစ်ချက်ဟီလိုက်သည်။ ခွာလေးဖက် စလုံးက ကြွကြွရွရွ... ။ သူ ကဆုန်ပေါက်၍ ခုန်လိုက်၏။ ထိုစဉ်... မြင်းထိန်းက သူ့ကို လှမ်းမြင်သွားပြီး

"ဟာ... ဇောင်းထဲကမြင်း လွတ်သွားပြီ... လွတ်သွားပြီ"

သူက လည်ဆံမွေးဖါးဖါးတွေကို ခါလိုက်ရင်း မြင်းထိန်းဆီသို့ မထီမဲ့မြင် တစ်ချက် လှမ်းကြည့်လိုက်၏။ ထို့နောက် ကျောခိုင်းပြီး ရွာပြင်ကွင်းစပ်ဆီဦးတည်ကာ အေးအေးဆေးဆေး လမ်းလျှောက်ထွက်ခွာသွားတော့သည်။

"လုပ်ကြပါဦးဟ ... လိုက်ဖမ်းကြပါဦး။ မြင်းလွတ် သွားလို့"

"ဖမ်းကြ... ဖမ်းကြပါဟေ့"

နောက်ဖက်ဆီမှ ... ညာသံပေးသူတို့၏ အော်သံ ဟစ်သံများကို ကြားရသည်။ ထိုအသံများအကြားမှ သူ ရင်းရင်းနှီးနှီး ကျွမ်းဝင်မှတ်မိနေသော အသံတစ်သံက . . .





"ဟေ့ ... မြန်မြန် ... မြန်မြန်လိုက်ကြ၊ ရွာထဲမှာ ခွေးရူးတစ်ကောင်လည်း လွတ်နေတယ်။ ငါ့မြင်း ကို ခွေးရူး ကိုက်သွားဦးမယ်။ လုပ်ပါဟ... ဖမ်းကြပါဟ၊ ဟေး ပြန်လာခဲ့ ပြန်လာခဲ့"

သူ့သခင်ဖြစ်သူ၏ စိုးရိမ်တကြီး ဟစ်အော် ခေါ်ငင်သံ ဖြစ်သည်။ သူ့ရင်ထဲမှာ ထိတ်ခနဲလန့်ဖျပ်သွား၏။ ဘုရားရေ ငါဟာ သူ့ရဲ့ ဇက်ကြိုးခွံရာနောက်ကို ပြန်ပြီး လိုက်ပါရဦးမှာလား။

ဟင့်အင်း...ဟင့်အင်း ... ငါ့ကို မချုပ်ကိုင်ကြပါနဲ့ . . ငါ သွားပါရစေ ... လွတ်လပ်ရာ ကွင်းပြင်ဆီကို ငါ သွားပါရစေ တော့ ...၊

"ဟေး... ဟေး..."

နောက်မှ ပြေးလိုက်လာနေသော သူ့သခင်၏ ခြေသံကို ကြားရသည်။ ခေါ်ငင်သံက သူ့ခွာသံများဆီသို့ ထပ်ချပ်လိုက်ပါလာ နေလေပြီ။

"ပြန်လာခဲ့... ပြန်လာခဲ့ ၊ ဖေ့သားကြီး ... ပြန်လာခဲ့ပါကွာ၊ လျှောက်မသွားနဲ့ကွ၊ မင်းကို ခွေးရူး ကိုက်သွားလိမ့်မယ်။ ရွာထဲမှာ ခွေးရူးတစ်ကောင် လွတ်နေတယ်ကွ။ မတော်တဆ ကိုက်မိနေမှဖြင့်ကွာ၊ ဒုက္ခပါပဲ ဒုက္ခပါပဲ...၊ ကျွတ်... ကျွတ် ... မပြေးနဲ့ ... မပြေးနဲ့... လာ... လာ"

သူ့သခင်၏ စကားထဲမှာပါသော ဝေါဟာရ တစ်လုံးက ကဆုန်ပေါက်ပြေးရန် ဟန်ပြင်နေသော ခွာသံတို့ကို ရပ်တန့်သွားစေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ခွေးရူး ..." တဲ့၊

ကြောက်စရာပဲ... ဟု သူတွေးလိုက်သည်။ ဘုရား ဘုရား အမြင်အပ လောကထဲကဘဝဟာ မြင်းဇောင်းထဲမှာ နေထိုင်ရတာ လောက် မလုံခြုံပါလား။ ခွေးရူးအကိုက်ခံရလျှင် ဒဏ်ရာရမည်။ ရောဂါပိုးဝင်မည်။ နောက်ဆုံး သေသွားနိုင်သည်။ မြင်းဇောင်းထဲ ပြန်ဝင်သွားမည်ဆိုလျှင်ကော၊ ပြိုင်ပွဲတွေထဲမှာ သူဘဝကို ထိုးကျွေး ရဦးမည်။ ပြေးရဦးမည်။ တခြားမြင်းတွေထက် ပိုမြန်အောင်ပြေးရင်း ... ပြေးရင်း ပြေးရင်း အရင် သံသရာဟောင်းထဲမှာ ပြန်လည်နစ်မြုပ် သွားရဦးတော့မည်။

သူ တွေဝေနေသည်။

"ငါ ဘာလုပ်ရမှာလဲ ..."

ဟူသော မေးခွန်းထဲမှာပင် သူ့ ခြေလှမ်းတွေက ရှေ့တိုးမရ၊ နောက်ဆုတ်မရ ဖြစ်နေ၏။

အန္တရာယ်နှင့် လွတ်လပ်ခြင်းလား?

လုံခြုံမှုနှင့် အသက်ရှူကျပ်သော ဘဝလား?

*

သူစဉ်းစားတွေဝေနေခိုက်မှာပင် သူ့ ဇက်ကြိုးကို တစ်စုံ တစ်ယောက်က လာရောက်ဆုပ်ကိုင်လိုက်မှန်း ခံစားသိရှိလိုက်ရ၏။

မျက်လုံးတွေကို ဝေ့ကြည့်လိုက်တော့ မောကြီးပန်းကြီး ပြေးလိုက်လာသော သူ့ သခင်၏ မျက်နှာ ...။





သူ့သခင်၏ အသံက မောပိုက်စွာဖြင့် ...

"ဟူး ... တော်ပါသေးရဲ့ ...။ ကဲ ... လာ လာ ... ဖေ့သားကြီး ပြန်လိုက်ခဲ့ ...ပြန်လိုက်ခဲ့။ လိမ္မာပါတယ်ကွာ လာ ... လာ ..."

*

သူ ... ဦးခေါင်းကို နောက်သို့ပြန်လှည့်ပြီး ဇက်ကြိုးဆွဲရာ နောက်သို့ ကောက်ကောက်ပါအောင် လိုက်ခဲ့တော့သည်။

သူက ... သူ့သခင်၏ မျက်နှာကို ယောင်ယမ်းပြီး တစ်ချက်လှမ်းကြည့်လိုက်မိသည်။

သူ့နောက်သို့ မောကြီးပန်းကြီး ပြေးလိုက်လာခဲ့ရသော ကြောင့်လား မပြောတတ်။ သူ့သခင်၏ပါးစပ်သည် ဟောင်းလောင်း ပွင့်ဟနေပြီး လျှာက တန်းလန်းထွက်ကျနေသည်။ သွားရည်တွေက လည်း စီးကျနေ၏။

သူ့သခင်၏ မျက်နှာသည် ခွေးရူးတစ်ကောင်နှင့် တူနေ လေသည်။



www.burmeseclassic.com

www.burmeseclassic.com



# လူကြီးလူကောင်းညစာ

ကြောင်နှစ်ကောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



## (၁)

ကျုပ်က အဲဒါတွေ မခံချင်တာ။ ဒါပေမဲ့ စိတ်လျှော့ပါတယ်။ သိတယ်မဟုတ်လား။ အမူအခင်းတွေ ဘာတွေဖြစ်ရင် နှစ်ဖက်စလုံးမကောင်းဘူးလေ။ ဒါကြောင့်မို့လည်း ကိုယ့်ကို ပြောင်ပြောင်တင်းတင်း လှလည်ကျသွားတာကို သည်းခံနေလိုက်တာ။ ကျုပ်က အသက်သာ လေးဆယ်ဝန်းကျင်ရှိသေးတာ၊ တရားကိုတော့ နှလုံးသွင်းတတ်နေပြီ။ အခု ဦးသီလကို ပြောပြဖြစ်တယ်ဆိုတာကလည်း မိတ်ရင်း ဆွေရင်း လေးငါးယောက်၊ ဒီလို စနေ၊ တနင်္ဂနွေဆုံနေကျ ဟိုဟိုသည်သည် စကားစပ်ရင်း ပြောဖြစ်သွားတာ၊ ဦးသီလကတော့ ပြောရှာပါတယ်။

"သည်းခံလိုက်ပါ ကိုထင်ကျော်ရယ်။ ဘယ်သူတရား
ပျက်ပျက်၊ ကိုယ်မပျက်နဲ့ဆိုတဲ့ စကားလည်း အရှိသားပဲ။
ကြောင်နှစ်ကောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်အမှန်တရားကို ကိုယ့် ကိုယ်စောင့်နတ်သိပါတယ်"

အချင်းချင်းကျတော့ တစ်ယောက်သဘော တစ်ယောက် အတွင်းသိ အစင်းသိဖြစ်နေတာကိုး။ ဦးသီလဖြေသိမ့်တာ ကျုပ်သက်ခံပါတယ်။ ကိုယ့် ကိုယ်စောင့်နတ်က သိတာပဲ၊ ဟုတ်ပါရဲ့ ကျန်တဲ့လူတွေကလည်း ခေါင်းတညိတ်ညိတ်နဲ့ ထောက်ခံကြတယ်။ ကျန်တဲ့လူတွေဆိုလို့ သိပ်များများ စားစားမွှောမဟုတ်ဘူး။ အိမ်ရှင်ဖြစ်တဲ့ ဦးသီလနဲ့ ဒေါ်သွယ်တို့ လင်မယားရယ်၊ ကျုပ်ရယ်၊ လွန်ခဲ့တဲ့ ငါးနှစ်လောက်က ခင်ပွန်းဆုံးသွားလို့ စိန်လေး၊ ရွှေလေး အပေါင်ခံပြီး စားသောက်နေရတဲ့ မညွှန့်ရယ်၊ ဆရာဝန်ကတော် ဒေါ်တင်တင်ရယ် ဒါပဲ။

အားလုံးက သက်တူရွယ်တူ လေးဆယ်ဝန်းကျင်တွေ။ ကျုပ်နဲ့ ဦးသီလဆိုလည်း တစ်ချိန်က သူ့စီးပွား ကိုယ့်စီးပွားနဲ့ လုပ်ငန်း သဘောအရ ဆွေမျိုးတော်ပြီး ရင်းနှီးလာခဲ့တာ။ မညွှန့်ရဲ့ ခင်ပွန်းဆို လည်း မဆုံးခင်က ကျုပ်တို့နဲ့ တတွဲတွဲပေါ့။ စီးပွားရေးအရလည်း တစ်ယောက်နဲ့ တစ်ယောက် အပြန်အလှန် အကျိုးပြုနေကြတာကလား။ အခုလို ဆုံးသွားပြီးတဲ့နောက်တော့လည်း အထုပ်ကလေး အထည် ကလေးကျန်ခဲ့တော့ ခများမှာ အခြေမပျက်လှဘူး။ စောစောက ပြောသလိုပေါ့။ ပစ္စည်းလေး အပေါင်ခံလိုက်၊ ငွေတိုးကလေးပေးလိုက်နဲ့ တည်တည်တန့်တန့် နေနိုင်တယ်။ သားထောက်သမီးခံမရှိတာ တစ်ခုပဲ ဆိုးတယ်။ အင်းလေ.... လွတ်လွတ်လပ်လပ် ရှိတော့လည်း လူမှုရေး လုပ်ငန်းတွေမှာ ပိုအချိန်ပေးနိုင်တာပေါ့။ မညွှန့်က ရပ်ကွက်





ဥပုသ်ဝတ်အသင်းကို ဦးဆောင်နေတာလေ။

ဒေါ်တင်တင်ကကော ဘာထူးသေးလဲ၊ အလှုအတန်းဆို အင်မတန် ရက်ရောတာကလား။ သူ့ခင်ပွန်း ဆရာဝန်က နိုင်ငံခြားမှာ ဆိုတော့ ပိုပိုလျှံလျှံလည်း သုံးစွဲနိုင်တာကိုး။ ကျုပ်တို့ အားလုံးက မိသားစုတာဝန်တွေ ဘာရေး ညာရေး ကိစ္စတွေ ခပ်ပါးပါးဆိုတော့ စနေ၊ တနင်္ဂနွေ ညနေခင်းတွေမှာဆို ဟောဒီ ဦးသီလတို့ အိမ်မှာ လာဆုံပြီး ထွေရာလေးပါး စကားပြောဖြစ်ကြတယ်။ သာတောင့် သာယာ စိတ်အေးလက်အေးကလည်း ရှိပါဘိသနဲ့။ ညွှေခန်းကို စီမံ ထားပုံလေးကလည်း သပ်သပ်ရပ်ရပ်နဲ့ ကြည်နူးစရာ။ ပြတင်းပေါက် ကနေ လှမ်းကြည့်လိုက်ရင် အပြင်မှာ ဥယျာဉ်ကလေးနဲ့ ပန်းမျိုးကိုစုံလို့။ သည်ကြားထဲ ဦးသီလဇနီး ဒေါ်သွယ်ကလည်း လက်ဖက်သုပ်၊ ဆနွင်း မကင်း၊ ဟာလဝါ တစ်ခုပြီးတစ်ခု စားစရာမပြတ်အောင် စီမံပေးသေးရဲ့။ တစ်ခါ တစ်ခါ တို့ဟူးသုပ်၊ တစ်ခါတစ်ခါ ရွှေတောင်ခေါက်ဆွဲ ဆိုတာ ကလည်း အထူးအစီအစဉ်အနေနဲ့ ပါလိုက်သေးရဲ့။

ကျုပ်တို့မလည်း တစ်ပတ်တစ်ခါ နှစ်ခါလောက်ဆုံရတာ ဆိုတော့ ထွေရာလေးပါး ပြောလို့ကိုကုန်နိုင်တယ်မရှိဘူး။ များသော အားဖြင့်တော့ လောကုတ္တရာအကြောင်း ဆွေးနွေးဖြစ်တာများပါတယ်။ သိတယ် မဟုတ်လား။ သပြေကန်ဆရာတော်ရဲ့ ဟောဖျှင်ခုနှစ်ပါးတို့ ရှင်ဇနကာ ဘိဝံသရဲ့ ကိုယ်ကျင့်အဘိဓမ္မာတို့။ တစ်ခါတလေတော့ ကျုပ်တို့စကားဝိုင်းမှာ ဦးသီလရဲ့တူ ဝင်းကျော်ဆိုတာ ပါလာတတ်တယ်။ ဝင်းကျော်က အသက် နှစ်ဆယ့်ခြောက်နှစ်လောက် ရှိနေပေါ့။



www.burmeseclassic.com

www.burmeseclassic.com



အရင်တုန်းကတော့ သဘော်လိုက်တယ်ဆိုလားပဲ။ အခုတော့ မလိုက်ဖြစ်တော့ဘူးထင်ပါရဲ့။ ဦးသီလတို့အိမ်မှာပဲ တွေ့တွေ့နေရတာ တစ်နှစ်လောက် ရှိရော့မယ်။ အမယ် ဒီကောင်လည်း စကားပြော မခေဘူးပဲ။ လူကြီးတွေနဲ့ ဘုရားအကြောင်း၊ တရားအကြောင်း နှံ့နှံ့စပ်စပ် ဆွေးနွေးနိုင်တာ။ တီရှစ္စာန်လည်း အင်မတန် ချစ်တတ်ဟန်တူရဲ့။ ကျုပ်တို့နဲ့ စကားပြောနေရင်းတောင်မှ သူ့ ကြောင်ကလေး ဂျိမ်း(စ်)ဘွန်း ကိုပေါင်ပေါ်က မချဘူး။ ကြောင်ကလေးကလည်း အင်မတန် ချစ်စရာ ကောင်းတယ်။ အမျိုးကောင်းကလေး၊ စကော့ပူဆိပ်ကမ်းကပ်တုန်းက ဆိပ်ကပ်သမားတစ်ယောက်ဆီက ဝယ်ခဲ့တယ်ပြောတာပဲ။ ဈေးတော့ အတော်အကြီးသား။

ဒါနဲ့ ကျုပ်က ဝင်းကျော်အကြောင်း မေးကြည့်မလို့ ပါးစပ်ပြင် ရုံရှိသေး၊ မညွန့်က လက်ဖက်ပန်းကန်ကို စားပွဲအလယ်ရောက်အောင် တွန်းလိုက်ပြီး . . .

"ဘာထူးလို့လဲ ကိုထင်ကျော်ရယ်။ ကျွန်မတောင် တစ်နေ့က ပစ္စည်းလာပေါင်တဲ့ မိန်းမတစ်ယောက်နဲ့ ရန်ဖြစ်ရမလို ကြုံရသေးတယ်။ အဲ ... လာပေါင်တာ မဟုတ်ဘူး။ လာပြန်ရွေးတာ။ အဲဒါကို သူ ပေါင်ထားတာ နှစ်နှစ် လောက်တော့ရှိပြီ။ အရင်တုန်းကတော့ အတိုးမှန်မှန် ပေးပါတယ်။ ဒါပေမဲ့ နောက်ဆုံး သုံးလစာ ကျန်နေတယ်။ သူက ငွတ်ငြင်းတယ်လေ။ ကျွန်မ ပိုက်ဆံစပေးကတည်းက အတိုးသုံးလစာ ဖြတ်ထားလိုက်ပြီးသားပဲ။ ဘာ... ညာနဲ့ပေါ့။





ကျွန်မဘက်က သက်သေသက္ကာယတော့ မပြနိုင်ဘူးပေါ့ လေ။ ဒါပေမဲ့ ကိုယ့်ဘက်ကတော့ ကိုယ်သေချာတာပေါ့။ ကျွန်မ ငြင်းမနေတော့ပါဘူး။ သူ့ပစ္စည်း ပြန်ပေးလိုက်ပါတယ်။ ကိုယ့်တရားကို ကိုယ့် ကိုယ်စောင့်နတ်ပဲသိတာ"

မညွန့်စိတ်ကို ကျုပ်တို့ နားလည်ပြီးသားပါလေဆိုတဲ့ ဦးသီလရဲ့ လေသံပြေပြေကလေး ထွက်လာတယ်။ အဲဒီမှာပဲ ဒေါ်တင်တင်က ...

"ဖြစ်တတ်ပါတယ် မညွန့်ရယ်။ မညွန့်တို့ ကိုထင်ကျော်တို့ကမှ သူစိမ်းတွေရဲ့ ဒဏ်ခံရတာ တော်သေးတယ်မှတ်ပါနော်။ ကျွန်မ ကမှ ကျွန်မတူမ အရင်းခေါက်ခေါက်။ ဟိုတစ်လောက ကျွန်မ ယောက်ျားက သူ့ညီမနှစ်ယောက်အတွက် လက်ပတ်နာရီ နှစ်လုံး ပို့လိုက်တယ်။ ကျွန်မလည်း အလွယ်တကူ အိပ်ခန်း ထဲက စားပွဲပေါ်မှာတင်ထားလိုက်တာပေါ့။ နောက် နှစ်ရက် လောက်ကြာတော့ ကျွန်မယောင်းမနှစ်ယောက် ရောက်လာပြီး တောင်းပါလေရော။ အဲဒီအချိန်မှာ နာရီကပျောက်နေပြီ။ ဒါနဲ့ ကျွန်မတူမလေးကို မေးကြည့်မိတယ်။ စွပ်စွဲတာ မဟုတ်ပါဘူး။ မေးကြည့်တာပါ။ ဒါကို ဒင်းက တစ်ပြန်စီးပြီးတော့ အန်တီ ဖာသာ အန်တီ ဖဲရှုံးပစ်လိုက်တာဖြစ်မှာပေါ့၊ အန်တီစားပွဲ ပေါ်ကပစ္စည်း ဘယ်သူဝင်ယူမှာလဲ၊ ဘာညာနဲ့ပေါ့လေ။ ကျွန်မကိုလေ ပက်ပက် စက်စက် ပြောရက်လိုက်တာ၊ ဒါပေမဲ့ ကျွန်မသည်းခံ လိုက်ပါတယ်။ ကိုယ်က လူကြီးမဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



ခြေသာ ကိုယ့် ကိုယ်စောင့်နတ်ကိုပဲ တိုင်တည်ရမှာပဲလို့လေ"

မလွယ်တော့ဘူး။ နာကျည်းချက်တွေပါလာရင် စကားဆက်တွေ ရှည်တော့မယ်ဆိုတာ အတွေ့အကြုံအရ ကျုပ် ကောင်းကောင်းကြီး သိနေတယ်။ ဒါနဲ့ ကျုပ်ကပဲ စကားလွှဲတဲ့ အနေနဲ့

"ဒါနဲ့… ကိုသီလ၊ ခင်ဗျားတူ ဝင်းကျော် တစ်ယောက်ကော မမြင်ပါလား"

ဦးသီလက ဖြေဖို့ ပါးစပ်ပြင်ရုံရှိသေး၊ သူ့ဇနီး ဒေါ်သွယ်က မြန်ဆိုဝင်ပြီး

"အမယ်လေး ရှိပါ့တော်၊ စာကြည့်ခန်းထဲမှာလေ၊ ခါတိုင်းလိုပဲ သူ့အလုပ်ကြီး အကိုင်ကြီးကို လုပ်နေမှာပေါ့"

"ဘာလဲဗျာ အလုပ်ကြီး အကိုင်ကြီး"

"ဒီလို ကိုထင်ကျော်ရေ၊ အဲဒီအကြောင်းက လူကြားရင် တောင် ရယ်စရာ ဖြစ်နေမှာမို့ ခင်ဗျားတို့ကို ကျုပ်အရင်က မပြောခဲ့တာ။ ကျုပ်တူ ဝင်းကျော်ဆိုတဲ့ကောင်ကလည်း အရူး မဟုတ်၊ အပေါမဟုတ်နဲ့ တိရစ္ဆာန်ကို လူစကားတတ်အောင် သင်သတဲ့လေ။ စက်ာပူမှာ သဘောၤဒေါက်တင်တော့ သူနဲ့မိတ်ဆွေဖြစ်ခဲ့တဲ့ ဒေးဗစ်ကာလိုင်းဆိုတဲ့ ဆက်ကာပ်ဆရာ တစ်ယောက်ဆီက ရတဲ့နည်းလို့ ပြောတာပဲ။ အခု သူ မွေးထားတဲ့ ကြောင်ကလေး ဂျိမ်း(စ်)ဘွန်းဟာ အဲဒီ ဒေးဗစ်ကာလိုင်းက ရောင်းလိုက်တာတဲ့။ အတော် လေ့ကျင့် ပေးပြီးသားလို့ ပြောတာပဲ။ ကျုပ်စိတ်ထဲတော့ သိပ်ဟန်မယ်





မထင်ပါဘူး။ ဟိုကောင်က ညာရောင်းလိုက်တာနဲ့ တူပါရဲ့"

ကျုပ်တို့အားလုံး ဦးသီလရဲ့ စကားသံထွက်နေတဲ့ ပါးစပ်ကြီးကို ငေးကြည့်နေမိကြရဲ့။ ဘယ့်နှယ်ကြောင်ကို လူစကား ပြောတတ်အောင် သင်ရတယ်လို့။ ကျုပ်တော့ အတော်ကို ထူးဆန်းတယ် ထင်မိတာကိုး။ အဲဒီအချိန်မှာပဲ

"ညာလိုက်တာ မဟုတ်ဘူး ဦးလေးရဲ့ တကယ်ပဲ"

ညေ့ခန်းဝက ဝင်းကျော်ရဲ့အသံကို ကြားလိုက်ရလေရဲ့ ကျုပ်တို့ အားလုံးက တိုင်ပင်မထားဘဲ တစ်ပြိုင်တည်းလှည့်ကြည့်မိကြတယ်။

ဦးသီလကတော့ သူ့ပြောထားပြီးသားစကားကို အပျက် မခံချင်တဲ့ပုံနဲ့ ဟာ မင်းဟာက မဖြစ်နိုင်ပါဘူး။ ငါ့မျက်စိထဲမှာတော့ ကြောင်ဟာ ကြောင်ပဲကွ။ ဘာညာနဲ့ လျှောက်ပြောတာပေါ့။ ဝင်းကျော် က သူ့ဦးလေးဘေး ဝင်ထိုင်ပြီး လည်ချောင်းဆစ်တွေ တည်ဆောက် ထားပုံအကြောင်း၊ အသံဆိုတာ ဘယ်က ဘယ်လိုအကြောင်းခံနဲ့ ဖြစ်တယ်ဆိုတဲ့အကြောင်း၊ စကားသံဖြစ် အင်္ဂါတွေအကြောင်း ရှင်းပြ တယ်။ ဒါပေမဲ့ မရပါဘူး။

ဦးသီလ –

"ဟုတ်တယ်ဆိုရင် မင်းအကောင်ကို ငါတို့ရှေ့မှာ လက်တွေ့ ပြနိုင်ရမှာပေါ့ကွ"

ကျုပ်တို့ကလည်း ဟုတ်သော်ရှိ မဟုတ်သော်ရှိ ကြောင် တစ်ကောင်က လူစကားပြောတာကို ကြားဖူးချင်တာနဲ့ ဦးသီလဘက်က ဝိုင်းပြီး ထောက်ခံဖြစ်ကြရောဆိုပါတော့။



www.burmeseclassic.com

www.burmeseclassic.com



ဒါနဲ့ပဲ ဝင်းကျော်က စာကြည့်ခန်းထဲဝင်၊ သူ့ ကြောင်ကလေး ဂျိမ်း(စ်)ဘွန်းကို တယုတယ ပွေ့ချီပြီး ပြန်ထွက်လာတယ်။ ကျုပ်တို့ အားလုံးကလည်း မျက်တောင်မခတ်စတမ်း စိုက်ကြည့်လို့ပေါ့။ ဘယ့်နှယ် ပြောမယ့်သာ ပြောရတယ်။ ဂျိမ်း(စ်)ဘွန်းဟာ အရင်အခေါက်တွေ တုန်းကလို ကျုပ်တို့ မြင်ဖူးနေကျ ဂျိမ်း(စ်)ဘွန်းပါပဲ။ ဘာမှ ထွေထွေ ထူးထူး မဟုတ်ပါဘူး။

တစ်ခန်းလုံး တိတ်ဆိတ်ငြိမ်ကျသွားတယ်။

တစ်သက်နဲ့တစ်ကိုယ် ကြုံခဲ့ရတဲ့ အံ့သြစရာ မျက်လှည့် ပြကွက်ဆန်းတစ်ခုကို စက္ကန့်ပိုင်းအတွင်း မြင်ရတော့မယ့်ပုံမျိုး။ အာရုံတွေ အချင်းချင်း ပိတ်နယ် ကျိတ်ခွေလို့။ ပြတင်းအပြင်ဘက် ဥယျာဉ်ထဲက သစ်ရွက်ကလေးတစ်ရွက် ကြွေကျသွားတဲ့ အသံကတောင် ချောက်ချား စရာ ကောင်းနေသေးရဲ့။

ဒီကောင့်ဆီက စကားသံထွက်လာအောင် ဘယ်လို လုပ်ရင် ကောင်းမလဲလို့ ကျုပ် အပြင်းအထန် စဉ်းစားနေတယ်။ ရိုးရိုးကြောင် တွေကိုခေါ်သလို မီး… မီး ဆိုပြီး ခေါ်ဖို့လည်း သိပ်မကောင်းဘူးလို့ ထင်တယ်လေ။ ဒီကောင့်အသံ ထွက်လာအောင် စကားတစ်ခုခု ပြောကြည့်ရင် ကောင်းမယ်လို့ ကျုပ်တွေးနေတုန်း ရှိသေးတယ်။ မညွန့် ကဝင်ပြီး

"ဂျိမ်း(စ်)ဘွန်းရေ… အန်တီကို ချစ်ရဲ့လား"

ဆိုပြီး ဝင်ပြောလိုက်လေရဲ့။ တကယ်ဆို သူ့ပြောပုံက ကလေးတစ်ယောက်ကို မြူတာနဲ့ တူနေတယ်။ အင်းလေ သူလည်း





ပါးစပ်ထဲတွေ့ရာ ပြောလိုက်တာပဲပေါ့လို့ ကျုပ်စဉ်းစားနေမိတဲ့ အခိုက်မှာပဲ ကြောင်ကလေး ဂျိမ်း(စ်)ဘွန်းက

"ကျွန်တော် ချစ်တာ၊ မချစ်တာက သိပ် အရေးမကြီးပါဘူး။ အရေးကြီးတာက ကျွန်တော့် အိမ်ရှင် ဦးသီလက အန်တီညွန့် ကို ချစ်နေတာပဲ မဟုတ်လား။ ဒီနေ့မနက်တောင် ပန်းခြံ နောက်မှာ ခင်ဗျားတို့နှစ်ယောက် ဖက်ထားကြတာ ကျွန်တော် မြင်လိုက်သေးတယ်"

ပီပီသသကြီး ပြောချလိုက်ပုံက တကယ့်ကို ပြသနာ။ ဦးသီလ ကော မညွန့်ပါ မျက်နှာကြီးတွေ နီရဲတက်သွားကြလေရဲ့။ အင်း ဦးသီလ မိန်းမ ဒေါ်သွယ်ကတော့ ဘယ့်နှယ်ဖြစ်နေမယ် မသိဘူး။ ကျုပ် မကြည့်ရဲဘူး။

အဲဒီအချိန်မှာ ဒေါ်တင်တင်က အခြေအနေကို ဝင်ထိန်းတဲ့ အနေနဲ့

"ပွစိရေ… အန်တီကိုတော့ ချစ်တယ် မဟုတ်လားဟေ့"

"အန်တီ့ကိုလား အင်း ကျွန်တော့်အိမ်ရှင် ဒေါ်ဒေါ်သွယ်က တော့ အန်တီ့ကို သိပ် မကျေနပ်လှဘူးထင်တယ်။ ဖဲသမကြီး လင်က နိုင်ငံခြားက ရှာပို့လိုက်တဲ့ ငွေကိုဖဲရိုက်ပြီး ဖြုန်းပစ်နေ တာလို့ ခဏခဏ ပြောသံကြားရတယ်ဗျ။ အန်တီကလည်း အန်တီ့ ကားစုတ်ကြီးကို ဖဲရှုံးလို့ လာရောင်းတုန်းက ဒေါ်ဒေါ်သွယ်က မဝယ်လိုက်လို့၊ ကပ်စေးနဲကြီးလို့ ပြန်အတွင်း မှာ ကျိတ်ဆဲသွားသေးတယ် မဟုတ်လား။ အဲဒီတုန်းက



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က လေ့ခါးနားမှာ ဝပ်နေတာဗျ။ ကောင်း ကောင်း ကြားလိုက်ရတာပေါ့"

ရှုပ်ကုန်ပြီ။ ကြာရင် ငယ်ကျိုးငယ်နာတွေ အကုန် ပေါ်တော့မယ်။ ကျုပ်ရင်တွေ တဒိန်းဒိန်းခုန်နေတယ်။ ဟိုကောင် ဝင်းကျော်ကလည်း သူ့ကြောင်စုတ်ကို ပြန်ယူမသွားသေးဘူး။ လက်ကြီးပိုက်ပြီး ပြုံးဖြီးဖြီး လုပ်နေလေရဲ့။ အဲဒီကောင် ဂြိုဟ်ကောင်။ သူ့ ကြောင်လည်း ဂြိုဟ်ကောင်ပဲ။

ကိုယ့်ဘေးအနီးအနားမှာ လူတစ်ယောက်မှ ရှိမနေရုံနဲ့ ကျုပ်တို့က လုံလုံပြီမှတ်နေတာ။ ဒီဂြိုဟ်ကောင်လေးက ဒါတွေသိနေမယ်လို့ ဘယ်ထင်ထားမှာတုန်း။ အခုလို ပြန်ပြော တတ်လိမ့်မယ်လို့ ထင်ဖို့ကတော့ ဝေလာဝေး…။ ဒါနဲ့ ကျုပ်က တမင် လေသံကို မာပစ်လိုက်ပြီး

"ဟိတ်ကောင် ဂျိမ်း(စ်)ဘွန်း၊ ကြောင်စုတ်၊ ကိုယ့်သခင်တွေကို ဒီလိုပဲ ပြောရလား။ သွားစမ်း၊ ထွက်သွား ရှူး… ရှူး"

ဂျိမ်း(စ်)ဘွန်းက ကျုပ်ဘက်ကို ဆတ်ခနဲ လှည့်ကြည့်ပြီး မာန်ဖီလိုက်တယ်။ ခွီးခနဲပဲ။ ဒေါသထွက်သွားတယ် ထင်ပါရဲ့။ နောက်

"ဟေ့လူကြီး ခင်ဗျားက ဘာအခွင့်နဲ့ ဝင်ပြီး မင်္ဂလာယူတာလဲ။ ခင်ဗျားကြီးလည်း ဘာထူးလို့လဲ။ ဒေါ်သွယ်ကြီး ကျွေးတဲ့ အစားအသောက်တွေကို ကြိုက်လို့သာ ဒီမှာ ကြာကြာ နေနိုင်တာ။ ဒေါ်သွယ့် မျက်နှာပေါက်ကတော့ တစ်စက်မှ ကျက်သရေမရှိဘူးလို့ အန်တီညွန့်ကို ခင်ဗျားပဲ တိုးတိုးကပ်ပြီး





ပြောခဲ့ဖူးတယ် မဟုတ်လား"

"ခွမ်း"

ကျုပ်သည်းမခံနိုင်တော့လို့ ဆေးလိပ်ခွက်နဲ့ လှမ်းပစ်ပေါက်လိုက်တယ်။ ဒါပေမဲ့ ကြောင်ကလည်း ကြောင်ပါးပဲ၊ ရှောင်လိုက်တာ လှစ်ခနဲ။

အဲဒီအချိန်မှာ ဦးသီလက ဝင်းကျော်ကို လှမ်းမေးလိုက်တယ်။

"ဟေ့ကောင် ဝင်းကျော် မင်းကြောင်က သူ့ တတ်ထားတဲ့ စကားကို တခြားကြောင်တွေကိုကော ပြန်သင်ပေးနိုင်လား"

ဝင်းကျော်တွေခနဲ ဖြစ်သွားတယ်။ ပြီးမှ မေးစေ့ကို လက်တစ်ဖက်နဲ့ပွတ်ရင်း ‐

"အတိအကျတော့ မသိဘူး ဦးလေးရဲ့ ပြန်သင် ပေးနိုင်မယ်လို့ ထင်တယ်"

လို့ ခပ်လေးလေး ခပ်ဆဆ ပြောလေရဲ့။

အဲဒီအချိန်မှာ ဦးသီလက ကျုပ်ကို အဓိပ္ပာယ်ရှိရှိ တစ်ချက် လှမ်းကြည့်တယ်။

ကျုပ်ကလည်း ဦးသီလကို ပြန်ကြည့်လိုက်တယ်။

ကျုပ် နားလည်လိုက်တယ်လေ။



www.burmeseclassic.com

www.burmeseclassic.com



(၂)

အဲဒီညက ကျုပ်တို့ ကျောင်းသားဟောင်းနဲ့ ထမင်း စားကြတယ်။

(မိတ်ဆွေတစ်ယောက် ပြောပြတဲ့ ဇာတ်ကွက်ကလေးကို ပြန်ရေးထားတာပါ)





# ငှက်ဆိုး



www.burmeseclassic.com

www.burmeseclassic.com



(၁)

နွေဦးလေပြေထဲတွင် ငှက်တစ်ကောင်၏ တေးသီ သံ သဲ့သဲ့ကို ကြားရသည်။ ကံ့ကော်ရနံ့လို ရင်ခွင်တစ်ခုလုံးမှာ အဝါရောင် စိုစွတ်သွား၏။ နွေဦးသည် ခြောက်သွေ့နေလေသည်။

အခုတော့ ... သည်အခန်းကျဉ်းလေးထဲတွင်

အလွမ်း ... နှင့်အတူ

ကျွန်တော် တစ်ယောက်တည်းသာ ကျန်နေရစ်ခဲ့ရတော့သည်။

ပြတင်းပေါက်ဘောင်ပေါ် တင်နေသည့် ဖုန်မှုန့်တွေကို ကျွန်တော် ငေးကြည့်နေမိသည်။ အဝါရောင် ခြောက်ခြောက် ညစ်ထေးထေး အလင်းရောင် အဲသည် ဖုန်မှုန့်တွေဟာ အလွမ်းရဲ့ ဝတ်ဆံ ဝတ်မှုန်တွေပဲလား။

ကြောင်နှစ်ကောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နိုင်ပါသည်။

သည်အခန်း ကျဉ်းကျဉ်းကလေးကို နတ်သမီး တစ်ပါးလို ပွေ့ဖက် စောင့်ရှောက်မည့် "သူမ" မရှိတော့ကတည်းက နံရံလေးဖက်စလုံးသည် သေဆုံးနေသည့် ဥယျာဉ်တစ်ခုအနေနှင့်သာ ကျန်ရစ်ခဲ့တော့သည်။

အောက်မေ့တသခြင်း သစ်သီးတွေ ကြွေ… ကြွေ ကျလာကြသည်။

ကောင်မလေးရေ … လွမ်းတယ်။

မိစ္ဆာတစ်ကောင်၏ လေချွန်သံလိုလို ကြားရသည်။ ဟင့်အင်း သွားစမ်းပါ။ အဲဒီ အသံမျိုးနဲ့ ငါ့ကို စိတ် အနှောင့်အယှက် မပေးစမ်းပါနဲ့။ ဖုန်မှုန့်တွေ ထူထပ်နေသော ကြမ်းပြင်ပေါ်တွင် ကျွန်တော် တင်ပျဉ်ခွေထိုင်ရင်း မျက်လုံးအစုံကို တင်းတင်းမှိတ်ထား၏။

ထွက်သက်ဝင်သက်ကို မှန်မှန် ရှူရှိုက်ရင်း စိတ်ကို တည်ငြိမ်အောင် ထိန်းချုပ်ဖို့ ကြိုးစားသည်။ မရ။ မိစ္ဆာ၏ လေချွန်သံက ပြတင်းမှန်သားပြင်ကို စိမ့်ဝင်ဖြတ်သန်းကာ ကျွန်တော့်နားရွက်အစုံပေါ် ဖုံးလွှမ်းနေသည့် ဆံပင်စတွေကြား တိုးဝှေ့လာလေသည်။

နားထောင်စမ်း…၊ ဆိုးရွားလိုက်တာကွယ်။ ဒါ… စောစောက ကြားနေရတဲ့ ငှက်တစ်ကောင်ရဲ့ တေးသီချင်း ဆိုသံပဲ မဟုတ်လား။

သေချာပါသည်။ ကျွန်တော့်စိတ်ကို တည်ငြိမ်မှုမရှိ အောင် အမျိုးမျိုး အနှောင့်အယှက်ပေးနေသည့်အသံသည် ထိုငှက်၏ အော်မြည်တွန်ကျူးသံဖြစ်၏။ (ကျွန်တော့်အထင် ပြောရလျှင်)





ထိုငှက်သည် ကျွန်တော် သွားလေရာနောက် တကောက်ကောက် လိုက်နေပုံရ၏။ ကျွန်တော် တရားထိုင်ပြီ ဆိုလျှင် (အမှန်က မေ့မှုကိုနားလည်ဖို့ တရားထိုင်ခြင်း မဟုတ်ပါ။ စိတ်တည်ငြိမ်အောင် အာရုံကိုစူးစိုက် ထိန်းသိမ်းသော လေ့ကျင့်ခန်းတစ်ခု လုပ်ခြင်းမျှသာ ဖြစ်ပါသည်) ထိုငှက်က ကျွန်တော်နှင့် မနီးမဝေး တစ်နေရာရာတွင်နားလျက် တွန်ကျူးနေတတ်စမြဲ ဖြစ်၏။

ကောင်းကင်ရန့်လို နှည့်နေသော သူ့အသံသည် ကျွန်တော့်ကို မိစ္ဆာတစ်ကောင်လို အစဉ်အမြဲ ခြောက်လှန့်နေလေသည်။

စမ်းချောင်းတစ်ခု၏ နံဘေးမှာလည်း ကျွန်တော် ထိုင်ကြည့်ခဲ့ဖူးပြီ။ လူသူမရောက်သည့် ချောက်ကမ်းပါး တစ်ခု၏ အစပ်ကိုလည်း ရောက်ခဲ့ဖူးပြီ။ မှောင်မိုက်သည့် တွင်းနက်နက် တစ်ခုထဲကိုလည်း ဆင်းပြီး ထိုင်ခဲ့ဖူးပြီ။

သို့သော်…၊ မည်သည့်နေရာကို ရောက်ရောက်… ထိုနေရာတွင် ကျွန်တော် တင်ပလင်ခွေ ထိုင်လိုက်ပြီဆိုသည်နှင့် တစ်ပြိုင်နက် ထိုငှက်ကလေး၏ တွန်သံကို ကြားရတော့သည်။ စိတ်ကို ဘယ်လိုမှ စုစည်း၍မရတော့။

နောက်ဆုံး… လုံးဝ ဆိတ်ငြိမ်နိုင်မည့်နေရာကို ရှာဖွေရင်း ရှာဖွေရင်း (ကျွန်တော် ဒီတစ်သက် ပြန်မလာ တော့ဘူးဟု ဆုံးဖြတ်ထားခဲ့သည့်) သည် အခန်းကျဉ်း ကလေးထဲသို့ ပြန်ရောက်လာရခြင်းဖြစ်သည်။

သည်အခန်းကျဉ်းကလေးထဲတွင် … ကျွန်တော့်ကို



www.burmeseclassic.com

www.burmeseclassic.com



စွန့်ခွာသွားရစ်ပြီဖြစ်သော သူမ၏ ကိုယ်သင်းရနံ့များရှိသည်။ သေခုံးနေသည့် ဥယျာဉ်တစ်ခုရှိသည်။ ပန်းပွင့်တွေကို ကျောက်ရုပ်လို ထုဆစ်ထားသည့် အလွမ်းရုပ်ထုတစ်ခုရှိသည်။

ဟော ··· အခုတော့ မိစ္ဆာငှက်ကလေးတစ်ကောင်၏ တွန်ကျူးသံပါ ရှိနေပြီဖြစ်၏။

ကျွန်တော့်စိတ်ကို စုစည်း၍ မရတော့ ···။

မျက်လုံးကို ပြန်ဖွင့်လိုက်သည်။

အရာရာသည် ခြောက်သွေ့ နာကျင်နေလေသည်။





(နှစ်)

အစိမ်းရောင်နုနု နံရံကပ်စက္ကူပေါ်မှ ပန်းပွင့်ပုံ သေးသေးလေးတွေကို ကျွန်တော် ငေးကြည့်နေမိသည်။ အရင်တုန်းက ထိုနေရာတွင် သူမ၏ ဓာတ်ပုံကို ချိတ်ထားခဲ့သော်လည်း ယခုတော့ ဖြုတ်ပစ်လိုက်သည်မှာ ကြာပြီဖြစ်၏။

နွေဦးရဲ့ တိမ်တွေလို
ကိုယ့်အိမ် ကိုယ်ပြန်ရတာနဲ့ပဲ အဆုံးသတ်၊
ကောင်မလေးရေ . . .
အလွမ်းတွေကိုပဲ တော်တယ် . . .။
ချစ်သူရေ . . . မင်းမှာ နွေဦးရဲ့ တိမ်တိုက်တစ်ခုပါပဲ။

ခြောက်ကပ် ရှင်းလင်းလွန်းနေသော နံရံတပြင်လုံး ပေါ်တွင် အပူချိန်တိုင်း သာမိုမီတာ ပြဒါးတိုင်ကလေး တစ်ခုသာ တွဲလောင်းချိတ်



www.burmeseclassic.com

www.burmeseclassic.com



လျက်သားရှိ၏။ (အဲသည် ပြဒါးတိုင်ကိုလည်း ချစ်သူ နွေဦးတိမ်တိုက် ကလေးကပင် ဝယ်လာပြီး သည့်နံရံတွင် ချိတ်ထားခဲ့ခြင်းဖြစ်ပါသည်။ နောက် ... အချို့သော နေ့တွေ ညတွေ ... အတော်များများတွင် အဲသည် ပြဒါးတိုင် ရှေ့တည့်တည့်မှာ သူမ တစ်ယောက်တည်း ငြိမ်ငြိမ် တိတ်တိတ် ကလေးထိုင်နေတတ်သည်ကိုလည်း ကျွန်တော် တွေ့ဖူး ၏။)

ကျွန်တော် သူမကို နားမလည်နိုင်ပါ။ ပြဒါးတိုင် တစ်ခုဟာ ဘာများ ထူးဆန်းလို့လဲကွယ် ... ။

မိုးရွာသည့်အခါ၊ နှင်းကျသည့်အခါ အခန်းအပူချိန် ကျလာမည်၊ အေးလာမည်။ ထိုအခါ ပြဒါးတိုင်၏ ထုထည် ကျုံ့ဝင်သွားပေလိမ့်မည်။ နောက် ... ပြဒါးမျက်နှာပြင် အမှတ်အသားက အောက်သို့နိမ့်ဆင်း သွားမည်ဖြစ်၏။ ရိုးရိုးကလေးပင် ဖြစ်သည်။

အပြန်အလှန်အားဖြင့် အခန်းအပူချိန် တက်လာမည့်အခါ ပြဒါးမျက်နှာပြင် အမှတ်အသားကလည်း မြင့်တက်လာပေလိမ့်မည်။

ထိုအကြောင်းကို ကျွန်တော်က ပြောပြသည့်အခါ ချစ်သူက အေးတိအေးစက် ရယ်မော၏။ (သူမ ရယ်မောသည့် အသံက ကျွန်တော့် အသိဉာဏ်ကို လှောင်ပြောင်သလိုမျိုး "ကလေးဆန် လိုက်တာ ..." ဟု ခွင့်လွှတ်စွာ စိတ်ပျက်သည့်အသံမျိုး)

"ဘာဖြစ်လို့ ရယ်တာလဲ။ ကိုယ်ပြောတာ မှားလို့လား"

သူမက ခေါင်းကို အသာအယာ ခါယမ်းရင်း ...

"မှားတော့ မမှားပါဘူး။ ဒါပေမဲ့ ရှင်နားလည်ထားတဲ့ အသိက





အပေါ်ယံကျလွန်းတယ်" ---

ဩော် ... မင်းရဲ့ အသိဉာဏ်ကတော့ သိပ် နက်ရှိုင်းလွန်း တယ်ပေါ့လေ။ သေချင်းဆိုးမလေး ...။

ကျွန်တော့် စိတ်ထဲက ကျိတ်ပြီး ကျိန်ဆဲလိုက်သည်။

"ဒါဆိုလည်း ... မင်းရဲ့ ခမ်းနားကြီးကျယ်တဲ့ အသိဉာဏ် တွေကို ကိုယ့်ကို သင်ပေးစမ်းပါဦး"

"ရှင် ... ကျွန်မကို မလှောင်ပါနဲ့"

ဘုရားရေ ... မင်းကို လှောင်ရအောင်၊ မင်းက ဈေးတက် လာနိုင်စရာ အလားအလာရှိတဲ့ ကုန်ပစ္စည်း တစ်ခုမှ မဟုတ်ဘဲ။

"ရှင် ... ပြောသလိုဆိုရင် ဒီဖန်ပြွန်ထဲက ပြဒါးပေါ်ကို အပြင်က အပူအအေးက တိုက်ရိုက် လှမ်းပြီး ကျုံ့ခိုင်း ဆန့်ခိုင်းနိုင်သလို ဖြစ်နေတာပေါ့။ အဲဒီလိုလား"

ကြည့်စမ်း။ မင်းမျက်လုံးတွေက ...။ ငါ့ကို အိမ်စာမလုပ် ခဲ့မိတဲ့ ကျောင်းသားတစ်ယောက်ကို စစ်မေးနေပုံမျိုး ဘာလဲ ... မင်းက ဆရာမကြီးလား ... သွားစမ်းပါ။

"ဟုတ်မှာပေါ့ ..."

သူမ၏အမေးကို ကျွန်တော်က ခပ်ပေါ့ပေါ့ပင် ဖြေလိုက်၏။

"ဒါဆိုရင် ... "

သူမက ယပ်တောင်တစ်ချောင်းကို သွားယူလာပြီး ကျွန်တော့်ကို လှမ်းပေးရင်း ပြော၏။

"ဟောဒီယပ်တောင်နဲ့ ပြဒါးတိုင်ကို အေးလာအောင်



www.burmeseclassic.com

www.burmeseclassic.com



ယပ်ခတ်ပေးပါလား။ ပြဒါးတိုင်ရဲ့ မျက်နှာပြင် အမှတ်အသား နိမ့်ဆင်းသွားမှာလားလို့ ကြည့်ရအောင်"

"အိုကေ ..."

သူမ၏ စိန်ခေါ်သံကို လွယ်လင့်တကူ လက်ခံလိုက်မိသည်က ကျွန်တော့်အမှားပင်ဖြစ်၏။

ပြဒါးတိုင်ကို ယပ်တောင်ဖြင့် ခတ်ရင်း ခတ်ရင်း ကျွန်တော့် လက်အံသေလာသည်။ ဆယ့်ငါးမိနစ် ... နာရီဝက်... တစ်နာရီ... ဘာမှ အကြောင်းမထူး။

ပြဒါးတိုင်၏ အမှတ်အသားက နိမ့်ကျမသွားပါ။

သေလိုက်စမ်း ... ငါတော့ အရှုံးဖြစ်ပြီ။ သူမကတော့ တိုးတိုးကလေး ရယ်နေသည်။ သူမမှာ အဖြေ တစ်စုံတစ်ရာတော့ ရှိမှာသေချာသည်။ ဘာကြောင့်များပါလိမ့် ...။

ပြင်ပက တိုက်ခတ်တဲ့ လေအေးအေးဟာ ပြဒါးတိုင်ကို ဘယ်လိုမှ မတုန်လှုပ် မပြောင်းလဲ စေနိုင်ဘူးလား။

ဟင့်အင်း ၊ အကြောင်းတစ်ခုခုတော့ ရှိရမည်။

သို့သော် ... ထိုအကြောင်းရင်းကို ကျွန်တော် မသိပါ။

*

အကြောင်းရင်းကို ကျွန်တော် မသိခဲ့ပါ။

လူ့ဘဝဆိုတာကော ဒီလိုပဲလား၊ လူ့စိတ်ဆိုတာကော ဒီလိုပဲလား? ၊ ရာသီဥတု အပြောင်းအလဲတွေ။ လူ့ပတ်ဝန်းကျင်က ထွေးထုတ်လိုက်တဲ့ နေရောင်ခြည်နဲ့ မိုးစက်တွေ ...၊ ရယ်မောစရာ





ငိုကြွေးစရာ ပထဝီမြေပြင် အနိမ့်အမြင့်တွေ ...၊ ချီးကျူးသံ ကဲ့ရဲ့သံ မြောက်ပြန်လေနဲ့ နှင်းမြူမှုန်ဝါးဝါးတွေ ...။

လူတွေ၏ လျှာဖျားက အပူချိန် အပြောင်းအလဲကို ကျွန်တော့်ရင်ထဲက ပြဒါးတိုင်က မခံနိုင်ခဲ့ပါ။

ကျွန်တော်နှင့် ချစ်သူ နွေဦးတိမ်တိုက်ကလေးတို့ အကြားက ပြဿနာက ထိုအပူချိန် အပြောင်းအလဲဖြစ်သည်။ လူ့ အသိုက်အဝန်း၏ ပါးစပ်က တိုက်ခတ်လာသော လေပြင်းများဖြစ်သည်။ (ချစ်သူက မတုန်မလှုပ် နေနိုင်သည့်တိုင်) ကျွန်တော့် နှလုံးသား ပြဒါးမျက်နှာပြင်က တော့ သိသိသာသာ ချောက်ချားဖွယ် နိမ့်ဆင်းသွားခဲ့၏။

သူမက ...

"အဲဒီ ပြင်ပစကားတွေ ၊ အဲဒီ ပတ်ဝန်းကျင် အပူချိန်တွေက ကျွန်မတို့ နှစ်ယောက်ရဲ့ နှလုံးသားကို တိုက်ရိုက် ကျုံ့နိုင်း ဆန့်နိုင်း မြင့်နိုင်း နိမ့်နိုင်း နိုင်လို့လား"

ကျွန်တော် အချိန်ကြာမြင့်စွာ စဉ်းစား တွေဝေနေမိပြီးမှ...

"အင်း ..."

ဟု ဖြေလိုက်၏။

သည်လိုနှင့် ကျွန်တော်တို့နှစ်ယောက် လမ်းခွဲဖြစ်ကြတော့ သည်။

*

အဲသည်နေ့က စိုစွတ်ထိုင်းမှိုင်းပြီး အေးစက်လွန်းနေသည့် လေထုထဲတွင် ညှီစို့စို့ ရနံ့တစ်ခု လွင့်ပျံ့လာသည်။ အမှောင်ထဲမှ



www.burmeseclassic.com

www.burmeseclassic.com



ငှက်တစ်ကောင်၏ တွန်ကျူးသံ သဲ့သဲ့ ကြားရ၏။

ငှက်တွေက တစ်သက်လုံးမှာ သီချင်းတစ်ပုဒ်ပဲ ဆိုတတ်တယ်။

ကောင်မလေးရေ ... ငါဟာ ငှက်တစ်ကောင် ပါကွဲ့...။

“မင်းကတော့ ... ငါ့ရဲ့သီချင်းဖြစ်တယ်”

*





## (သုံး)

သူမ ... ဟိုးအဝေးကြီးကို ထွက်သွားခဲ့သည်။

*

သူမ ... ဟိုးအဝေးကြီးကို ထွက်သွားခဲ့သည်။ လူတွေ၏ စကားသံများကြားတွင် ကျွန်တော် တစ်ယောက် တည်း ကျန်ရစ်ခဲ့၏။ လူတွေ၏ ချီးကျူးသံကို ကြားရသည်။ ကျွန်တော်၏ စိတ်ပြဒါးတိုင်အမှတ် မြင့်တက်လာ၏။ လူတွေ၏ ကဲ့ရဲ့သံကို ကြားရသည်။ ကျွန်တော့် စိတ်ပြဒါးတိုင်အမှတ် နိမ့်ဆင်းသွားပြန်၏။

လူတွေက လှောင်လိုက် ပြောင်လိုက် ရယ်မော လိုက်ကြပြန် သည်။ နွေးထွေးလိုက်လှဲ့ဗွာ ကျောကို ပွတ်သပ်လျက် ကြင်နာ သနားပြ



www.burmeseclassic.com

www.burmeseclassic.com



ကြပြန်သည်။ တီးတိုးကျိန်စာများ၊ အတင်းပြောသံများ၊ မိစ္ဆာတို့၏ လေချွန်သံများ ··· ထိုအသံတို့၏ အပူအအေးကြောင့် ကျွန်တော့်စိတ် ပြဒါးမျက်နှာပြင်က တက်လိုက်၊ ကျလိုက်၊ မြင့်လိုက်၊ နိမ့်လိုက် ···။

ငါ ဘာဖြစ်လို့ ဒီအသံတွေကို ကြံ့ကြံ့မခံနိုင်ရတာလဲ ဟု ကိုယ့်ကိုယ်ကို ပြန်မေးမိသည်။ အဖြေမရ။ မိမိ၏စိတ်ကို နားလည်အောင် ကြိုးပမ်းရခြင်းသည် အခက်ခဲဆုံး ပုစ္ဆာတစ်ပုဒ် ဖြစ်နေ၏။

နောက်ဆုံး ···။

လူတွေနှင့် ဝေးရာဆီသို့ (အရှုံးပေးသော ခြေလှမ်း များဖြင့်) ဆုတ်ခွာ ပြေးထွက်ခဲ့ရတော့သည်။

ယခု ···

ကျွန်တော့် အနီးထံပါးတွင် မည်သည့် လူသံ သူသံမှ မရှိပါ။

သို့သော် ···

ငှက်တစ်ကောင်၏ အသံက ချောက်ချားစရာ ကောင်းလောက်အောင် အနှောင့်အယှက် ပေးနေပြန်လေသည်။

ဘုရားရေ ··· ငါ ဘာလုပ်ရမလဲကွယ်။





(လေး)

ဘာမှ ပြောင်းလဲလိမ့်မည် မဟုတ်မှန်း သိပါလျက်နှင့် ပြဒါးတိုင်ကို ယပ်ခတ်ပေးနေမိပြန်သည်။ (ချစ်သူကို သတိရသော စိတ်တစ်ခြမ်းနှင့် ဖြစ်ပေလိမ့်မည်)

သည်အခိုက်မှာပင် ···

ရုတ်တရက် ကျွန်တော် တစ်စုံတစ်ခုကို သတိရလိုက်၏။ ယပ်တောင်ခတ်တဲ့ လေဟာ ကိုယ်ခန္ဓာပေါ်က ချွေးစက်တွေကိုတော့ အငွေ့ပျံစေနိုင်တယ် မဟုတ်လား။

. . . . . . . .

ဒါပဲပေါ့ ···။

အဖြေကို ···ကျွန်တော် သိလိုက်ရပြီ ထင်သည်။

. . . . . . . .

ကျွန်တော်က ပြဒါးတိုင် ဖန်ပြွန်ကို ရေစက် အနည်းငယ် ဖျန်းလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



နောက် ... ပြဒါးတိုင်ကို ယပ်တောင်ဖြင့် ခတ်ပေးလိုက်သည်။

ခဏကြာသောအခါ ...

ပြဒါးမျက်နှာပြင် အမှတ်အသားက တဖြည်းဖြည်းချင်း နိမ့်ဆင်းကျလာတော့သည်။

*

ကျွန်တော် နားလည်လိုက်သည်။

ဖန်ပြွန်ပေါ် ကပ်ငြိ စိုစွတ်နေသော ရေစက် ရေပေါက် များက ယပ်တောင်ခတ်လိုက်သော လေကြောင့် အငွေ့ ပျံသွားသည့်အခါ အပူငွေ့ကို စုပ်ယူသွားသည့်အတွက် အေးမြသွားပြီး ပြဒါးမျက်နှာပြင် နိမ့်ဆင်းသွားခြင်းဖြစ်၏။

ပြင်ပ အပူအအေးက ပြဒါးပေါ် တိုက်ရိုက် ပြောင်းလဲစေခြင်းမဟုတ်ပါ။ ပြောင်းလဲသူမှာ ... ပြဒါးပြွန်ပေါ် ကပ်ငြိနေသော (မမြင်ရသည့်) ရေစက်ရေမှုန် ကလေးများသာဖြစ်ပါသည်။

ချစ်သူပေးခဲ့သော အဖြေမှာ ...

*

ကျွန်တော်တို့၏ စိတ်သည် အခွံနှစ်ထပ်ဖြစ်၏။ အတွင်းမှာ ပြဒါးဖြစ်ပြီး အပြင်မှာ မမြင်နိုင်သော ရေစက်ရေမှုန် ကလေးတွေ ကပ်ငြိနေပါသည်။





ထို့ကြောင့် အပြင်က အနှောင့်အယှက်များ၊ ဒုက္ခများနှင့် ကြုံလာရသောအခါ ထိုရေစက်ရေမှုန် ကလေးများက အပူကို စုပ်ယူကြသည်။ အပူကို ထုတ်လွှတ်ကြသည်။

သောကဆိုသည်မှာ ကျွန်တော်တို့၏ စိတ် အကာအရံ ရေမှုန်ကလေးများက ဖန်တီးနေကြခြင်းဖြစ်ပါသည်။

ထပ်၍ ပြောပါဦးမည်။

ကျွန်တော်တို့သည် စိတ်အခွံနှစ်ထပ်နှင့် လူသားများ ဖြစ်၏။

*



www.burmeseclassic.com

www.burmeseclassic.com



## (ငါး)

နွေဦး၏ လေပြေထဲတွင် ကံ့ကော်ရနံ့တွေ သင်းပျံ့လာ၏။

ကျွန်တော့်စိတ်အပေါ်မှ တစ်ထပ် ဖုံးအုပ်နေသော စိတ်အခွံကို ဖယ်ရှားခွာချလိုက်သည်။

ငှက်ကလေးက တွန်ကျူးနေ၏။

"ငှက်က သီးခြားပဲ၊ ငါက သီးခြားပဲ ..."

ဟု နားလည်လိုက်သည့် တခဏတွင် ရင်ထဲ လင်းခနဲ ဖြစ်သွားသည်။

ထို့နောက် ... အရာရာသည် လုံးဝ တိတ်ဆိတ် သွားတော့၏။

ငှက်သံကို မကြားရတော့ ...။

သည။

*





# ညှော်သည်



www.burmeseclassic.com

www.burmeseclassic.com



လေးလံသိပ်သည်းသော ကျောက်သားထု အထပ်ထပ်ဖြင့် ဖွဲ့စည်းထားသည့် "မဟာသေလာ" တောင်၏ မြင့်မားမတ်စောက်သော ပါးပျဉ်းသည် ကောင်းကင်သို့ ထိုးတက်ကာ လမင်းကို ရိုက်ချရန် ကြိုးစားနေသည်။

ခပ်ပြေပြေ ဆင်းလာသော တောင်ခြေပတ်လမ်းကလေးသည် ကျောက်မှုန်အစအနနှင့် ကျောက်ခဲငယ်တို့ အကြားတွင် တစ်ကိုယ်လုံး မြုပ်အောင် ဝပ်ကာ ငြိမ်နေ၏။ အမှောင်ထဲတွင် သစ်ပင်တို့ တီးတိုးစကားဆိုနေကြသံကို ကြားရသည်။

တောင်ခြေပတ်လမ်းအဆုံးတွင် ဥရောပဆန်ဆန် သစ်လုံးအိမ်ငယ်ကလေးတစ်လုံး ရှိ၏။ လရောင်နှင့် သစ်ပင်တို့၏ အရိပ်သည် အိမ်ကလေး၏ နံရံကို ခွေခေါက် မှေးမှိန်ကျသား ရှိကြသည်။

ကြောင်နှစ်ကောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



အနက်ရောင်အဝတ်အစားနှင့် ညှိုသည်တစ်ယောက် …

အိမ်တံခါးရှေ့တွင် လာရပ်သည်။ စေ့ရုံစေ့ထားသော တံခါးကို အသာအယာခေါက်သည်။ အိမ်ထဲမှ တစ်စုံတစ်ယောက်၏ ခြေသံရှပ်ရှပ်ကို ကြားရပြီးနောက် … ဝင်ပေါက်တံခါး သည် ညင်သာစွာ ပွင့်ဟသွား၏။

အတွင်းဘက် မီးလင်းဖိုမှ ဝေါခနဲ စီးကျလာသည့် နီရဲရဲ အလင်းရောင်သည် သူ၏ လက်တံရှည်ကြီးများဖြင့် ညှိုသည်ကို အိမ်ထဲသို့ တရှုတ်ဆွဲ သွင်းလိုက်လေသည်။

"ကျွန်တော်ဟာ ခရီးသွားညှိုသည် တစ်ယောက်ပါခင်ဗျာ။ ဒီအိမ်မှာ တစ်ညလောက် တည်းခိုပါရစေ"

အိမ်အတွင်း မီးလင်းဖိုကို ဝိုင်းပတ်၍ ထိုင်နေကြသူ အားလုံးက ညှိုသည်ကို လှမ်းကြည့်လိုက်ကြသည်။ အဖိုးအို တစ်ယောက်၊ အဖွားအိုတစ်ယောက် …၊ သူတို့၏ သားနှင့်ချွေးမ ဖြစ်ဟန်တူသော အသက်လေးဆယ်အရွယ် လင်မယားစုံတွဲ။

နောက်… ထိုလင်မယားနှင့် မျက်နှာချင်းခပ်ဆင်ဆင် တူသည့် အသက်နှစ်ဆယ်အရွယ် မိန်းခလေးတစ်ယောက်။ ရှစ်နှစ် ကိုးနှစ်အရွယ် ယောက်ျားလေးတစ်ဦး။ စုစုပေါင်း မိသားစု ခြောက်ယောက်။

အဖိုးအိုက သူ့မိသားစု၏ မျက်နှာများကို တစ်ချက် ဝေ့ကြည့်လိုက်ပြီး

"ဝင်ခဲ့ပါကွဲ့၊ အပြင်မှာ သိပ်အေးတယ်"

ဟု ပြောလိုက်၏။





ညှိုသည်က ကျေးဇူးပါပဲခင်ဗျာဟု ယဉ်ကျေးချိုသာစွာ ပြန်လည်ပြောရင်း မီးလင်းဖိုအနီးသို့ လျှောက်လာသည်။ ထို့နောက် အပေါ်အင်္ကျီနှင့် ဦးထုပ်ကို ဖြေးညှင်းစွာ ချွတ်လိုက်ပြီး အင်္ကျီထားရာ စင်တစ်ခုတွင် ချိတ်လိုက်၏။ ထိုအခါမှသာ ညှိုသည်၏ မျက်နှာကို အားလုံးက ပီပီပြင်ပြင် စတင် မြင်တွေ့ကြရတော့သည်။ ညှိုသည်၏ မျက်နှာသည် နုနယ်သည်လည်းမဟုတ်၊ ရင့်ရော်သည်လည်း မဟုတ်၊ ချောမော သည်လည်းမဟုတ်၊ ရုပ်ဆိုးသည်လည်း မဟုတ်၊ နူးညံ့ သည်လည်း မဟုတ်၊ ကြမ်းတမ်းသည်လည်း မဟုတ် …။

သူ့အသက်အရွယ်ကို ခန့်မှန်း သိရှိနိုင်ရန် ခဲယဉ်းလှသည်။

"ကျွန်တော့်ကို မီးလင်းဖိုဘေးမှာ ထိုင်ခွင့်ပြုပါခင်ဗျာ"

သူ့အသံက အက်ကွဲကွဲ ရှတတ၊ ကျောက်သားချင်း ပွတ်တိုက် ကြိတ်ချေရာမှ ထွက်ပေါ်လာသော အသံမျိုး။ အိမ်သား အားလုံးက ညှိုသည်ကို ရှင်ပျတက်ကြသော အပြုံးတစ်ခုစီ အသီးသီး ကမ်းပေးရင်း ဖိတ်ခေါ်လိုက်ကြ၏။ အဖိုးအိုက

"လာပါ၊ ထိုင်ပါကွဲ့။ ကိုယ့်အိမ်လို သဘောထားပါ။ အင်း… ဒါပေမဲ့ တည်းမယ် ခိုမယ်ဆိုတဲ့ ကိစ္စကိုတော့ အဘ နည်းနည်း ရှင်းပြချင်တယ်။ ပြီးမှပဲ တည်းသင့် မတည်းသင့် ကိုယ့်ဖာသာ ဆုံးဖြတ်ပေတော့"

ညှိုသည်က ကြောင်စီစီဖြင့်ကြည့်ရင်း အဖိုးအို၏ ဘေးတွင် ဝင်ထိုင်လိုက်သည်။ သူ၏ ညာဘက်တွင် အသက် လေးဆယ်အရွယ် လင်မယားစုံတွဲရှိ၏။ မိန်းမပျိုနှင့် သူ့မ၏ မောင်လေးက ညှိုသည်နှင့်



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာချင်းဆိုင် မီးဖိုဓါတ်တစ်ဖက်တွင် ထိုင်ကြသည်။

မီးလင်းဖိုမှ အလင်းရောင်သည် လွှားခနဲ လွှားခနဲ ခုန်၍ သူတို့၏ မျက်နှာများကို လှမ်းပုတ်နေ၏။ အိမ်သူ အိမ်သား အားလုံးတို့၏ ပျော်ရွှင်မှုဖြင့် တောက်ပနေသော မျက်နှာများသည် ဟုန်းဟုန်းထနေသည့် မီးရှိန်ရဲရဲထဲတွင် ကြွပ်ရွလျက်သားရှိကြသည်။

သူတို့ ဘာလို့ ဒီလောက်တောင် ပျော်နေကြတာ လဲဟု ညှေ့သည်က စိတ်ထဲမှနေ၍ မေးခွန်း ထုတ်ကြည့်နေဖြစ်သည်။ ထိုအချိန်တွင် -

"ဝှန်း"

ခနဲဟူသော မြည်သံ ဟိန်းထွက်လာပြီး တစ်စုံတစ်ရာက အရှိန်အဟုန်ပြင်းစွာ ဝင်ဆောင့်လိုက်သည့်အလား သစ်လုံးအိမ်ကလေးသည် သွက်သွက်ခါ လှုပ်ယမ်းသွား၏။

တစ်အိမ်သားလုံး၏ နှုတ်မှ . . .

"ဟေး"

ခနဲ ဝမ်းသာရွှင်မြူးသည့်အသံ လွှင့်တက်လာသည်။ အသက် လေးဆယ်အရွယ် လင်မယားစုံတွဲမှ ခင်ပွန်းသည်ဖြစ်သူက ကျယ် လောင်စွာ ရေရွတ်ကျူးရင့်လိုက်သည်။

"ဒါဟာ မကြာခင် ရောက်လာတော့မယ့် မဟာနိဂုံးရဲ့ ရေတော် ပြေးပဲ"

နားမလည်နိုင်စွာ ငေးကြည့်နေသော ညှေ့သည်၏ ပုခုံးကို တရင်းတနှီး ပုတ်လိုက်ရင်း - အဖိုးအိုက





"ဒီက ညှေ့သည် မိတ်ဆွေလေးကတော့ ကျုပ်တို့တတွေ ပျော်ရွှင်နေကြတာကိုကြည့်ပြီး ဘာများလဲလို့ တွေးချင် တွေးနေ မှာဘဲနော်။ ကျုပ် ရှင်းပြပါ့မယ် ... ဒီလိုပါ။ပျော်ရတဲ့ အကြောင်းကတော့ ဒီည ကျုပ်တို့ တစ်အိမ်သားလုံး သေဆုံး ကြရတော့မှာ မို့လို့ပါပဲ"

" ဗျာ !! ဘယ်လို... ??? "

"ဟုတ်တယ် မိတ်ဆွေလေးရဲ့ ကျုပ်တို့ မိသားစုက သေခြင်း တရား ရောက်အလာကို စောင့်ဆိုင်းနေကြတာပဲ။ ကျုပ်တို့အိမ်ဟာ ဟောဒီ "မဟာ သေလာ" တောင်ခြေရင်း တည့်တည့်မှာ ဆောက်ထားတာကို မိတ်ဆွေလေး သတိထား မိမှာပေါ့။ ဒါဟာ အကြောင်းမဲ့ မဟုတ်ဘူး။ တစ်နေ့နေ့မှာ ဟောဒီကျောက်တောင်ကြီး ပြိုကျလာလိမ့်မယ်လို့ ကျုပ်တို့ အလေးအနက် ယူဆ မျှော်လင့်ထားကြတယ်။ တိတိကျကျ ပြောရရင် "မျှော်လင့်တယ်" ဆိုတာထက် "ယုံကြည်တယ်" ဆိုရင် ပိုမှန်လိမ့်ဦးမကွဲ့"

"ကျုပ်တို့ရဲ့ အလေးနက် အပြင်းထန်ဆုံး မျှော်လင့်ခြင်းက တော့ ဒီကျောက်တောင်ကြီး ပြိုကျလာတဲ့အခါမှာ သေဆုံးပစ် လိုက်ဖို့ပါပဲ။ ဒါကြောင့်ပဲ ဟောဒီတောင်ခြေ တည့်တည့်မှာ အိမ်ဆောက် အခြေချပြီး သေခြင်းတရားနဲ့ မိတ်ဆက်စားပွဲ ထိုင်ဖို့ စောင့်မျှော်နေခဲ့ကြတာ ... ၊ ကြာလှပေါ့။ ဒီမြေး အငယ်ဆုံးလေး တစ်သက်ပဲ ရှိနေပြီကွဲ့။ ကိုးနှစ် ဆိုပါ



www.burmeseclassic.com

www.burmeseclassic.com



တော့ကွယ်"

အဖိုးအိုက စကားကို ဆိုင်းငံ့ကာ တစ်ဖက်ကိုလှည့်၍ ရေနွေးကြမ်းတစ်ခွက်စာ ငုံ့သည်။ နောက်... အငွေ့ ပျယ်ရုံမျှ မွှမွှ မှုတ်ရင်း ဖြည်းဖြည်းချင်း ငုံ၍ ငုံ၍ သောက်နေလေသည်။ ညှေသည်က တစ်ခုတစ်ခုမေးရန် နှုတ်ခမ်းများကို အားယူလိုက်သည်။ ထိုအခိုက် အတန့်တွင်ပင် အဖွားအို၏ အသံက ထွက်ပေါ်လာ၏။

"မောင်ရင်လေး ဘာမေးချင်နေသလဲဆိုတာ အဖွား သိနေနှင့်သလိုပဲကွဲ့။ ဒီလောက်တောင် သေချင်နေကြတာဖြင့်ရင်လည်း ကိုယ့်ကိုကိုယ် သတ်မသေ ပစ်လိုက်ကြဘဲနဲ့ ဘာဖြစ်လို့ ဒီကျောက်တောင်ကြီး ပြိုအကျကို စောင့်နေရသလဲ ... လို့များ မေးချင်တာလား။ ဒီလိုကွဲ့ အဖွားတို့က သေခြင်းတရား ရောက်အလာကို စောင့်ဆိုင်းနေဖို့ပဲ ရည်ရွယ်တာ၊ သေခြင်းတရားကို ကိုယ့်ဆီအရောက် အတင်း အဓမ္မ လက်ဆွဲခေါ်ဖို့ အထိတော့ အလောတကြီး မနိုင်သင့်ဘူးလို့ ယူဆတယ်။ ဒါဟာ ... တရား မျှတမှုကင်းမဲ့တဲ့ အပြုအမူပဲလေ ...။ လောကကြီးမှာ အလှည့်ဆိုတဲ့ သဘောတရားဟာ ရှိတယ်။ ကိုယ့်အလှည့်မှာ ကိုယ့်နေရာမှန်ဖို့ပဲ လိုတယ်။ ပေးချင်မှန်းမသိ၊ မပေးချင်မှန်း မသိ... ကိုယ့်နေရာ ရဖို့ ကိုယ့်ဆန္ဒတစ်ခုကိုပဲ ဦးစားပေးလိုက်မယ်ဆိုရင် လောကကြီးရဲ့ "အလှည့်" သဘောတရားဟာ [illegible]းမှာပေါ့။ အဖွားကတော့ လွန်ခဲ့တဲ့ ဆယ်နှစ်လောက်[illegible]းက





နေရာမှန်အတွက် အသင့်ပြင်ဆင်ထားပြီးသားပါ။ ဟော ... အခုညမှာ "အလှည့်" ရောက်လာပြီလေ။ ဒီလိုကွဲ့ မနေ့ညက အဖွားတို့ အိမ်သားခြောက်ယောက်စလုံးက အိပ်မက်တစ်ခုတည်းကို ထပ်တူထပ်မျှ မက်ကြတယ်။ ဟောဒီ ကျောက်တောင်ကြီး ပြိုကျသွားတယ်။ အဖွားတို့အားလုံး သေဆုံးကုန်ကြတယ်ဆိုတဲ့ အိပ်မက် ပေါ့။ မောင်ရင်လေးရဲ့ ဘဝအတွက် "အလှည့်" ရောက်ပြီလို့ယူဆရင် ဒီည ဒီမှာပဲ တည်းခိုအိပ်စက်ပြီး ထာဝရ အနားယူလိုက်ပေရော့ ...။ ဒါမှမဟုတ် မောင်ရင်လေးအနေနဲ့ "အလှည့်" မရောက်သေးဘူးလို့ ကိုယ့်ဖာသာ ယူဆရင်လည်း ... ဒီပတ်ဝန်းကျင်နဲ့ လွတ်ရာကင်းရာကို အမြန်ဆုံးသွားမှ တော်လိမ့်မယ်ကွယ့်"

အခန်းတွင်း၌ ပြန်လည်တိတ်ဆိတ်သွားလေသည်။

မြွေဆိုးတစ်ကောင်နှယ် စိုစွတ်ချောကျိ၍ မသတီစရာ ညှီစို့စို့ဖြစ်နေသော သေမင်း၏ လက်တံရှည်များသည် သစ်လုံးအိမ်ကလေးကို တစ်ပတ်ချင်း ရစ်ပတ်နေကြပြီဟုပင် အောက်မေ့စရာ ကောင်းနေ၏။ ဝန်းကျင်၌ လေတိုးသံမျှပင် မကြားရ၊ ချောက်ချားစရာ ကောင်းလောက်အောင်ပင် အေးစက်တင်းမာ၍ နေလေသည်။ အသက်လေးဆယ်အရွယ် လင်မယားက စကားပြောရန် လည်ချောင်းရှင်းသည့်အနေဖြင့် ချောင်းဟန့်လိုက်ကြရာ မတိုင်ပင်ထားဘဲနှင့် ပြိုင်တူလိုလို ဖြစ်သွားသောကြောင့် နှစ်ယောက်သား တစ်ဦးကိုတစ်ဦး လှည့်ကြည့်ပြီး ရယ်မောလိုက်ကြသေး၏။ နောက် ခင်ပွန်းဖြစ်သူက . . .



www.burmeseclassic.com

www.burmeseclassic.com



"ကိုညွှန့်သည်အတွက်တော့ ထူးဆန်းချင်လည်း ထူးဆန်းနေပေလိမ့်မပေါ့။ ဘာဖြစ်လို့လည်းဆိုတော့ ဘဝ ခေါက်တည်မှုနဲ့ ပတ်သက်လို့ တစ်ဦးနဲ့တစ်ဦး အမြင်ချင်းတူနိုင်ဖို့ဟာ ခဲယဉ်းသားပဲ။ သေခြင်းတရားနဲ့ ပတ်သက်လို့လည်း ဒီလိုပဲပေါ့။ ခံယူပုံချင်း ကွဲလွဲနိုင်ပါတယ်။ အခု သေခြင်းတရားကို တပြေးတည်းရင်ဆိုင်ဖို့ အသင့်ရှိနေကြတဲ့ ဒီမိသားစု တစ်ခုတည်းမှာတောင်မှ တစ်ဦးချင်းစီရဲ့ဘဝနဲ့ သေဆုံးခြင်းအပေါ်ထားတဲ့ ပင်မ သဘောတရား သီဝရီတွေက ကွဲလွဲနေကြသေးတယ်"

ညွှန့်သည်၏ စိတ်ထဲတွင် ခင်ဗျားကကော ဘယ်လို သဘောထားလို့လဲ ဟု မေးလိုက်ချင်စိတ် ဖျတ်ခနဲ ဖြစ်မိသည်။ ပြောသူက ညွှန့်သည်၏ စိတ်ကူးကို သိမြင်လိုက်သည့်နှယ် တစ်ချက်ပြုံးရယ်ရင်း ဆိုင်းထားသော စကားကိုဆက်၏။

"ဒီလိုဗျ… ကိုညွှန့်သည်ရဲ့ ဘဝဆိုတာ အံစာတုံး တစ်တုံးနဲ့ တူတယ်။ အံစာတုံးတစ်တုံးမှာ မျက်နှာပြင် ခြောက်ခု ရှိတယ် မဟုတ်လား။ ခင်ဗျားက သုံးဂဏန်းကို ကြိုက်တယ်ဆိုပါစို့။ ခင်ဗျားဟာ အံစာတုံး တစ်တုံးကို ပစ်လိုက်လိုက်ပြီး သုံးဂဏန်းကျပါစေလို့ ဆုတောင်းကြည့်၊ အံစာပစ်ကြည့်။ ဘယ်လောက်ပဲ ကြိုးစားကြိုးစား အံစာတုံးတစ်တုံးမှာ ခင်ဗျားကြိုက်တဲ့ ဂဏန်းကျဖို့ အခွင့်အရေးဟာ ခြောက်ပုံတစ်ပုံပဲရှိတယ်။ နည်းလွန်းတယ်ပေါ့ဗျာ။ ဒါတောင်မှ အံစာတုံးမှာ မျက်နှာပြင် ခြောက်ဘက်ပဲရှိလို့ ။ ဘဝမှာ ဆိုရင်ကော … အား !!





မျက်နှာပြင်တွေ အများကြီး …အများကြီး …၊ ကျုပ်တို့ လှုပ်ရှားနေကြတာတွေကကော ဘာလဲ။ ဘဝကို ထိုးဖောက်ဖို့ဆိုပြီး လမ်းတွေ ဖောက်နေတာ ဒါဟာ မျက်နှာပြင်အသစ် … အသစ်တွေ ဖန်တီးနေတာပဲ။ မျက်နှာပြင်များလေလေ … ကိုယ် ကြိုက်ရာ ဂဏန်းရဖို့ အခွင့်အရေး နည်းလေလေပဲ။ ဒါပေမဲ့ အံစာပွဲပြီး သွားတော့ကော … ဘာဖြစ်သွားသလဲ။ မျက်နှာပြင်တွေဟာ အရေးမပါတော့ဘူး။ ကိုယ်ကြိုက်တဲ့ဂဏန်းလည်း အရေးမပါတော့ဘူး။ အားလုံး ပြီးဆုံးသွားပြီလေ။ ကျုပ်သဘောကတော့ ဘဝဟာ မျက်နှာပြင်မဲ့သင့်တယ်ဆိုတာပဲ"

စကားအဆုံးတွင် ညွှန့်သည်၏ မျက်နှာသည် ရုတ်ချည်း အိုမင်းရင့်ရော်သွားသည်ဟုပင် မှတ်ရထင်ရသည်။ ဘာမှ ပြန်မ ပြောနိုင် - ဟုန်းဟုန်းတောက်လောင်နေသော မီးခက် မီးလက်တို့ကိုသာ ငေးစိုက်ကြည့်နေမိလျက်သား။

ခင်ပွန်းသည်၏ စကားအဆုံးတွင် ဇနီးဖြစ်သူက ညွှန့်သည်ကို မျက်နှာရိပ် မျက်နှာကဲခတ်သလို တစ်ချက် ကြည့်လိုက်ပြီး -

"ဒီလိုပါရှင် - ကိုညွှန့်သည်အနေနဲ့တော့ နားရှုပ် သွားမလား၊ မသိဘူး။ ကျွန်မကလည်း ကျွန်မရဲ့ အမြင်ကို နည်းနည်းလောက် ပြောပြချင်သေးတယ်။ ကျွန်မက ငယ်ငယ်တုန်းက အဘိုးနဲ့ နေရတာရှင့်။ အဘိုးက မုဆိုးဆိုတော့ ကျွန်မကလည်း သေနတ်ပစ်တာ၊ လေး မြား ဓါး လှံ ပစ်တာ



www.burmeseclassic.com

www.burmeseclassic.com



ခတ်တာတွေနဲ့ ရင်းနှီးခဲ့ရတာပေါ့ရှင်။ ကျွန်မ စိတ်အထင်တော့ ဘဝဆိုတာ သေနတ်တစ်လက်နဲ့ တူတယ်ရှင့်။ ကျွန်မတို့ မွေးဖွားလာတာနဲ့ တစ်ပြိုင်နက် သေနတ်ကို ကျည်ထိုး မောင်းတင်လိုက်ပြီးသားဖြစ်သွားပြီ။ ကိုင်း … ဒါဖြင့်ရင် ဒီသေနတ်ရဲ့အဓိပ္ပါယ်ဟာ ဘာလဲ …။ သူ့အဓိပ္ပါယ်ဟာ သူ့တာဝန်ပဲ။ သူ့ တာဝန်ဟာ ကျည်ဆံကိုပစ်ခတ် ထုတ်ပစ်လိုက်ဖို့ပဲ မဟုတ်လား။ ကျည်ဆံထည့် မောင်းတင်ထားတဲ့ သေနတ်တစ်လက်ဟာ မပစ်ခတ်သေးသမျှ ဘာ အဓိပ္ပါယ်မှမရှိဘူး။ ပစ်လိုက်ရမယ်။ ဒါမှ နိဂုံးကိုရောက်မယ်။ ဘဝဟာလည်း မပစ်ရသေးတဲ့ သေနတ်တစ်လက်လို မဖြစ်သင့်ဘူး။ သေပစ်လိုက်ရမယ်။ သေလိုက်မှသာ အဓိပ္ပါယ်ရှိသွားမယ် … ဟုတ်တယ်မဟုတ်လား … ကိုညှသည်”

စကားအတုံ့အပြန်မရ။ ညှသည်ငိုင်နေသည်။ သူ၏ သွင်ပြင်သည် ပို၍ ပို၍ပင် အိုစာသွားသယောင်ရှိ၏။ မိန်းမပျိုကလေး၏မျက်နှာကို သူလှမ်းကြည့်လိုက်သည်။ မိန်းမပျိုက တက်ကြွသောလေသံဖြင့် -

“ကျွန်မအတွက်တော့ ဘဝဆိုတာ ရေကူးသင်တန်း တစ်ခုပဲ။ သင်ကြားရုံနဲ့တင် ပြည့်စုံတဲ့အရာ မဟုတ်ဘူး။ အတွေ့အကြုံသာ အဓိကကျတဲ့ ရင်းမြစ်ဖြစ်တယ်လို့ထင်တယ်လေ …။ ကျွန်မက ငယ်ပါသေးတယ်။ ဒီတော့ အတွေ့အကြုံတွေ အများကြီး လိုနေသေးတာပေါ့။ ကျွန်မ စဉ်းစားကြည့်မိတယ်။





ရေကူးကန်တွေအများကြီးကို ကူးကြည့်ရင်၊ အတွေ့အကြုံတွေ ရှာသွားမလား … ပင်လယ်ကြီးတစ်ခုကို ဖြတ်ကူးပြီး အမြင့်မားဆုံးနဲ့ အကြီးကျယ် အခမ်းနားဆုံး အတွေ့အကြုံကိုပဲ အမိအရယူမလားပေါ့လေ…။ နောက်တော့ ကျွန်မ ဆုံးဖြတ်လိုက်တယ်။ ဘဝမှာ အလေးနက်ဆုံးနဲ့ အဓိကအကျဆုံးဖြစ်တဲ့ သေခြင်းတရားဆိုတဲ့ ပင်လယ်ကြီးရဲ့ အတွေ့အကြုံကိုပဲ တစ်ချီထဲနဲ့ အပြည့်အဝယူလိုက်တော့မယ်လို့။

ဟုတ်တယ် … သိပ်အရေးမပါတဲ့ အခြား အတွေ့အကြုံတွေကိုရှာဖို့ သမားရိုးကျ ဘဝဖြစ်စဉ်ထဲမှာ ကျွန်မ နစ်မျောပြီး အချိန်ဖြုန်းမနေချင်တော့ဘူး။

ဒီနေ့ည သင်ကြားရမယ့် မဟာအတွေ့အကြုံသစ် အတွက် ကျွန်မအခု ရင်ခုန်နေတယ် …။ပျော်နေတယ်။ ရှင်ကော မပျော်ဘူးလား ကိုညှသည်ကြီး”

မိန်းမပျိုလေး၏ စကားအဆုံးတွင် အသံသြကြီးဖြင့် တဟားဟား အော်ရယ်လိုက်သော အဘိုးအို၏ အသံကို ကြားလိုက်ရသည်။ ညှသည်က အံ့သြထိတ်လန့်မှုဖြင့် လှည့်ကြည့်၏။

အဘိုးအိုက

“အင်းပေါ့ကွယ် … မောင်ရင် ညှသည်လေး နားရှုပ်မယ်ဆိုလည်း ရှုပ်စရာပေါ့ … ကျုပ်ချွေးမနဲ့ ကျုပ်မြေးက … တာဝန်တွေ … အတွေ့အကြုံတွေနဲ့ ကြီးကြီး



www.burmeseclassic.com

www.burmeseclassic.com



ကျယ်ကျယ်သုံးသပ်ပြီး ခမ်းခမ်းနားနားကြီးတွေ ပြောပစ်လိုက်တာကိုး… ဒီမှာကွဲ့ မောင်ညွှန့်သည်ရဲ့… တကယ်တော့ ဘဝဆိုတာ ဘာတာဝန်မှယူဖို့ ရောက်လာတာမဟုတ်ဘူး။ ယုံပါ ကျုပ်အသက်အရွယ်နဲ့ ကျုပ်အတွေ့အကြုံတွေ အများကြီးရခဲ့ပြီးပါပြီ… ရင်ဆိုင်နေရစဉ်မှာ ကြီးမား ခန့်ထည်လှပါပေ့လို့အောက်မေ့ရတဲ့ ကိစ္စတွေဟာ ပြီးဆုံးသွားတော့လည်း ဘာမှမဟုတ်တဲ့ သာမန် ကိစ္စလေးတစ်ခု အဆင့်အတန်းကို လျှောကျသွားတာမျိုးလည်း ဘဝတစ်လျှောက်လုံး ကြိမ်ဖန်များစွာ ကြုံခဲ့ဖူးပြီဆိုတာ မောင်ရင်လေး သံသယဖြစ်မယ်မထင်ဘူး။

တကယ်တော့ဘဝဆိုတာ မှန်ပြောင်းတစ်ခုနဲ့တူတယ်။ ကြီးခြင်း သေးခြင်း နီးခြင်း ဝေးခြင်း မြင်တွေ့နေမှုအားလုံးဟာ ကြည့်သူနဲ့ပဲ သက်ဆိုင်တယ်။ မှန်ပြောင်း ကွဲသွားတဲ့အခါကျတော့မှ စောစောက ကိုယ့်လက် တစ်ကမ်းအကွာမှာ ရှိနေတဲ့ မြင်တွေ့နေရမှုတွေဟာ အရိပ်အယောင်တွေပါလား ရယ်လို့ သိစိတ်ပေါ်တော့တယ်။ မှန်ပြောင်းကို အသုံးချနေသရွေ့တော့ ဒီ အသိစိတ်ပေါ်ဦးမှာ မဟုတ်ဘူးလေ။ ကျုပ်ကတော့ ဘဝတလျှောက်လုံး ကျင်လည်ခဲ့ပြီးပြီ။ ဒီမှန်ပြောင်းကို အရေးလုပ်ပြီး ကြည့်မနေချင်တော့ဘူး။ အဲဒီ မှန်ပြောင်းကွဲသွားမယ့် အချိန်ကိုပဲ စောင့်နေပစ်လိုက်တော့မယ်"

ညွှန့်သည်က ထိုင်နေရာမှ ဝုန်းခနဲ ထရပ်၏။ သူ၏မျက်နှာသည် တစ်နာရီအတွင်းမှာပင် သိသိသာသာ ရင့်ရော် ညှိုးချုံးကျသွားသည်။

ညွှန့်သည်သည် သူ၏လက်များကို ဆန့်တန်း ခါယမ်းလိုက်ပြီး

"နားမလည်ဘူး၊ ကျွန်တော် လုံးဝ နားမလည်ဘူး။ သေခြင်းတရားအတွက်တဲ့လား … ၊ ဟုတ်လား။ ခင်ဗျားတို့ဟာ အလျားအနံမဲ့ တွေးခေါ်မှုထဲကမှ အစိတ်အပိုင်းဝယ်လေးတစ်ခုရဲ့ အစေခံတွေဖြစ်နေကြတာပဲ"

ညွှန့်သည်၏ အမူအရာသည် သွေးရူးသွေးတမ်း ဖြစ်နေ၏။ အားလုံးက သူ့ကို ဂရုဏာသက်စွာကြည့်ရင်း ခေါင်းများကို ဖြည်းညှင်းအေးဆေးစွာ ယမ်းခါပြကြသည်။ ညွှန့်သည်သည် မိန်းမပျိုကလေး ထိုင်နေရာ နောက်ဘက်တည့်တည့်သို့ ခြေလှမ်း ကျဲကြီးများဖြင့် ပြန်းခနဲ လျှောက်သွားသည်။ မိန်းမပျိုကလေးက သူ့ကို မော့ကြည့်၏။ မျက်ဝန်းချင်းဆုံကြသည်။ သူတဲ့ခနဲရပ်လိုက်၏။ ပြီး…

"မင်း ကိုယ့်ကို လက်ထပ်ပါလား။ ပြီးတော့ မင်းနဲ့ ကိုယ်နဲ့ လူတွေ၊ ယဉ်ကျေးမှုတွေ၊ ချစ်ခြင်း၊ မုန်းခြင်းတွေရှိတဲ့ လောကကြီးထဲကိုသွားကြမယ်။ အနိမ့် အမြင့်… အကောင်း အဆိုးတွေကြားမှာ လှိုင်းစီး ပျော်ရွှင်ကြမယ်လေ။ အဲဒါဟာ မင်းအတွက်ကော ကိုယ့်အတွက်ပါ အဓိပ္ပါယ်ရှိလာစေလိမ့်မယ်လို့ ကိုယ်အလေးအနက် ယုံကြည်တယ်။ ကဲ ဘယ်လိုလဲ မိန်းခလေး"

မိန်းမပျိုက ပြုံးလိုက်သည်။ ထို့နောက် -







www.burmeseclassic.com

www.burmeseclassic.com



"ရှင်က လက်ထပ်ချင်တယ်ဆိုရင်လဲ လက်ထပ်လိုက်ရုံပေါ့ ကိုညှိသည့်ကြီးရယ်… ဒီကိစ္စက အရေးမကြီးပါဘူး။ စောစောကပြောခဲ့သလို အတွေ့အကြုံ တွေ့ထဲက အတွေ့အကြုံတစ်ခုပဲ ဖြစ်သွားမှာပေါ့။ ရတယ်လေ … ကျွန်မ မသေခင် လောလောဆယ် နှစ်နာရီ သုံးနာရီလောက်အတွင်းမှာ လက်ထပ်လိုက်လို့ ရသေးတာပဲ။ လက်မထပ်ဘဲ ဖို-မ သဘာဝ ဆန္ဒအလျောက် ဆောင်ရွက်ချင်တယ်ဆိုလဲ ဖြစ်ပါတယ်။ သေသွားပြီးတဲ့ နောက်ကျတော့ ဒါတွေဟာ ဘာမှ မဟုတ်တော့ပါဘူး။ အချစ်ပဲဖြစ်ဖြစ် … တဏှာရာဂပဲ ဖြစ်ဖြစ် … သေဆုံးခြင်းရဲ့ တံတိုင်းထက် ဘာကမှ ပိုပြီး မမြင့်မားနိုင်တာ သေချာတယ်။ ရှင့်နောက်လိုက်ပြီး လောကကြီးထဲမပျော် မွေ့နိုင်တော့တဲ့အတွက်ကိုတော့ ခွင့်လွှတ်ပါ"

ညှိသည်သည် ကယောင်ကတမ်းဖြင့် အဘိုးအိုဘက်သို့ လှည့်လိုက်ပြီး

"ကျွန်တော်ဟာ အဖေအမေမဲ့ … ခွေမျိုးသားချင်းမဲ့ အထီးကျန်တစ်ကောင်ကြွက်ပါအဘိုး။ ကျွန်တော့် အနေနဲ့ ဘယ်သွားလို့ ဘယ်လာရမှန်းလည်းမသိပါဘူး။ အဘိုးအနေနဲ့ ကျွန်တော့်ဘဝအတွက် တစ်ခုခုများ လုပ်ပေးနိုင်မလား။ ကူညီပါဦး အဘိုးရယ်"

အဘိုးအိုက ခေါင်းကို ဖြေးညှင်းစွာ ခါယမ်းလိုက်ပြီး

"ဝမ်းနည်းပါတယ် မောင်ရင်လေးရယ် … အဘိုးအနေနဲ့





ဒီည သေဖို့ ဆုံးဖြတ်ပြီးပါပြီ"

သွေးပျက်လုခမန်း ချောက်ချားနေသော ညှိသည်က လင်မယားစုံတွဲဘက်သို့ လှည့်လိုက်ပြန်သည်။ သို့သော် သူ ဘာတစ်ခွန်းမျှ ပြန်မပြောနိုင်မီမှာပင် ခင်ပွန်းဖြစ်သူက…

"တို့တွေဟာ ဘဝ အံ့စာတုံးကြီးကို ထုခွဲချေဖျက်ခဲ့ ပြီးပါပြီကွယ်။ ဘယ်လိုအကြောင်းကြောင့်နဲ့မှ ဒီလောက ကျင်လည်မှုဘဝကို ပြန်မတည်ဆောက်ချင်တော့တာမို့ မောင်ရင့်ကို မကူညီနိုင်တာ အလေးအနက်တောင်းပန်ပါတယ်… ခွင့်လွှတ်ပါ"

"အား !!! "

စူးရှလေးပင်သည့် အသံနက်ကြီးဖြင့် ညှိသည်က အော်ဟစ်လိုက်သည်။ ထိုအခိုက်အတန့်တွင်ပင် - တစ်စ ထက်တစ်စ အို့မင်းရင့်ရော်လာနေသော ညှိသည်၏ရုပ်သွင်သည် ဇရာဖိစီးမှုကြောင့် ထောင်းထောင်းကြေနေသည့် အဘိုးအိုကြီးတစ်ဦး၏ ပုံသဏ္ဌာန်အဖြစ်သို့ လုံးဝပြောင်းလဲသွားပြီဖြစ်၏။

အရေပြားများ တွန့်လိပ် … ဆံပင်များဖြူဖွေး မျက်တွင်း ပိန်ချိုင့်…ပါးရိုးငေါငေါ…။ သူက ဆက်လက် အော်ဟစ်လိုက်သည်။ ကျောက်ခဲအချင်းချင်း ထုချေလိုက်သည့်အသံမျိုး။

"အရူးတွေ… အရူးတွေ… မင်းတို့အားလုံး အရူးတွေပဲ… !!!"

အားလုံးက ထိုင်နေရာမှ ဝုန်းခနဲ ထရပ်လိုက်မိကြ၏။ အဘွားအိုက ကတုန်ကယင်ဖြင့် မေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင် !!! မင်း… မင်း ဘယ်သူလဲ။"

ထိုအချိန်တွင် ညည်သည်၏ ခြေထောက်နှင့် လက်ချောင်းများသည် ကျောက်တုံး ကျောက်သားဘဝသို့ တဖြည်းဖြည်း အသွင်ပြောင်းလာနေပြီဖြစ်သည်။ သူက အက်ကွဲသော အသံနက်ကြီးဖြင့်

"ငါဟာ "မဟာသေလာ" တောင်ကြီးပဲ။ ပြိုပျက်ကျမယ့်အချိန်ကို မင်းတို့ရဲ့ မျှော်လင့်စောင့်စားခြင်းခံနေရတဲ့ "မဟာသေလာ" တောင်ကြီးဟာ ငါပါပဲ။ ငါဟာ လူ့ပ်ရှားနိုင်စွမ်းကင်းမဲ့တဲ့ … ဖန်တီးနိုင်စွမ်းအား ကင်းမဲ့တဲ့ ဘဝတစ်ခုကို ပိုင်ဆိုင်နေရသူပါ။ ငါ့ဘဝဟာ ဖြစ်တည်လာခဲ့ကတည်းက ပြိုပျက်ကျဖို့ အခွင့်အရေးတစ်ခုသာ ရခဲ့တယ်။ ဒါကို ငါ ပြောင်းလဲပစ်လိုက်ချင်ပါရဲ့။

ငါ… ပြောင်း… လဲ… ပစ်… လိုက် ချင်… ပါ… ရဲ့။

ဒါပေမဲ့ ငါ မတတ်နိုင်ခဲ့ဘူးလေ။ ငါ့ဘဝကို ကူညီပြောင်းလဲပေးဖို့ မင်းတို့ဆီမှာ အနူးအညွတ် တောင်းခံခဲ့ပြီးပြီ။ ဒါမှာ ရှင်သန်လှုပ်ရှား နိုးထတဲ့ဘဝကို မြတ်နိုးစုံမက်လွန်းမိတဲ့ ငါ့ရဲ့ အစွမ်းကုန် ကြိုးစားအားထုတ်မှုပါပဲ။ ဒါပေမဲ့ မင်းတို့ မဟာ လူသားတွေက မကူညီခဲ့ကြဘူး။ ကူညီချင်စိတ် မရှိကြဘူးလေ။ မင်းတို့ဟာ "လူ" တွေ ဖြစ်ကြပြီးတော့ - လှုပ်ရှားနိုင်စွမ်းလည်းရှိ၊ ဖန်တီးနိုင်စွမ်းလည်း ရှိလျက်နဲ့ သေဆုံးဖို့ကို အကြီးအကျယ် လိုအပ်နေကြတယ်။

တစ်ကိုယ်ကောင်းဆန်စွာ သေဆုံးချင်နေကြတယ်။





အခုတော့ … အားလုံးပြီးဆုံးသွားပါပြီ …။ ငါ ငါ … စွန့် … လွှတ် … လိုက် … ပါ … ပြီ …"

စကားအဆုံးတွင် သူ့ခန္ဓာကိုယ်ကို ဖွဲ့စည်းထားသော ကျောက်တုံးကျောက်ခဲတို့ အက်ကွဲ ပဲ့ကျလာသည်။ လက်တွေပဲ့ … ရှဲ့ … ကျိုး … ပြုတ်ကျသည်။ ခြေထောက်တွေ အက်ကွဲ ပြိုပျက်ကျကုန်သည်။ နောက်ဆုံးတွင် အထိန်းအကွပ်မဲ့သွားသော ကျောက်သားခန္ဓာကိုယ်ကြီးသည် ကြမ်းပြင်ပေါ်သို့ ပစ်ကျကာ အစိပ်စိပ်အမွှာမွှာ ကွဲထွက်၍ ကျောက်ခဲအစုအပုံဘဝသို့ ရောက်သွားလေတော့၏။

ထိုအချိန်၌ … လရောင်အောက်တွင် ခန့်ညားစွာ ရပ်တည်နေသည့် "မဟာသေလာ" ကျောက်တောင်ကြီးသည် တဝုန်းဝုန်း မြည်ဟီးလျက် အမြင့်မားဆုံး အပိုင်းမှနေ၍ အောက်ခြေအထိတိုင်အောင် လျင်မြန်စွာ အက်ကွဲလာနေသည်။

ဟိုး … တောင်ပေါ်မှ အရှိန်ပြင်းစွာ လိမ့်ဆင်းလာသော ရောမကျောက်တုံးကြီးများသည် သစ်လုံးအိမ်ကလေးကို …။



www.burmeseclassic.com

www.burmeseclassic.com



# ကျွန်တော်နှင့်အစောင့်

ကြောင်နှစ်ကောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



(၁)

ဇု (ဇနကျ) နတ်မင်းကြီးသည် လူသားတို့ကို နေရာချခန့်ခွဲစီရင်ရန် တာဝန်ကိုပေးလျက် လူစီဖာ နတ်အဘိုးအိုကို ကမ္ဘာမြေပေါ်သို့ စေလွှတ်လိုက်၏။

လူစီဖာသည်ကား မျက်စိ အလွန်မှုန်သော နတ်အိုကြီး တစ်ပါးဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



# (၂)

ထိုရဲတိုက်ကြီးဆီသို့ ကျွန်တော် အဲသည်နေ့ကမှ သွားကြည့်မိခြင်းဖြစ်၏။ တခြားသူတွေကတော့ နေ့စဉ်လိုလို အခေါက်ခေါက် ရောက်ပေါင်းများလှပေပြီ။

"(ကမ္ဘာမြေပေါ်သို့ နတ်တမန် လူစီဖာလာသည့်နေ့မှာ ထိုရဲတိုက်ကြီး၌ လူသားတို့ကို နေရာခွဲဝေခန့်ထားသည့် စီရင်ချက်များ ကြေငြာလိမ့်မည်"

ဟူသော ကောလဟာလများ ပျံ့နှံ့သွားပြီးသည်နောက်တွင် ထိုရဲတိုက်ကြီးသို့ နေ့စဉ်မပြတ် လူများ သွားရောက်စောင့်မျှော်ကြခြင်းဖြစ်၏။) သွားခဲ့ခြင်းဖြစ်သည်။ သိလျှင်သိခြင်း ကျွန်တော်လည်း ရဲတိုက်ကြီးဆီသို့ ထွက်ခဲ့၏။

"ဒီလောကကြီးထဲကို ဘာလုပ်ဖို့ ရောက်လာရတာလဲ"





ဟူသည့် မေးခွန်းကို ကိုယ့်ကိုယ်ကို ပြန်မေးနေခဲ့သည်မှာ ကြာလှပြီ…။ ယခု… လူစီဖာလာလျှင် ကိုယ်လုပ်ရမည့် တာဝန်ဝတ္တရားကို သဲသဲကွဲကွဲ သိရတော့မည်။ (ယခင်ကတော့ ကျွန်တော်တို့သည် အိပ်ခြင်း၊ စားခြင်း၊ ဟိုနား သည်နားသွားခြင်း၊ လက်ဖက်ရည်ဆိုင်ထိုင်ခြင်း၊ ကွမ်းဝါးခြင်း၊ ဘောလုံးပွဲကြည့်ခြင်း၊ ဖိမကိစ္စပြုခြင်းတို့မှလွဲ၍ တခြားဘာမှ လုပ်စရာမရှိပါ)

ကျွန်တော် ရောက်သွားသည့်အချိန်တွင် လူတွေ တော်တော်ယောက်ယက်ခတ်နေကြသည်ကိုမြင်ရ၏။ ကျွန်တော် ယခင်က လူစီဖာ၏ ရဲတိုက်ကြီးဆီသို့ တစ်ခေါက်မျှ မရောက်ဘူးပါ။ ထို့ကြောင့် "ဝင်ပေါက်" ကို ရှာမတွေ့ဘဲဖြစ်နေ၏။

ပတ်ပတ်လည်ကို လှည့်၍ လိုက်ကြည့်လိုက်သော အခါ တစ်နေရာတွင် လူအယောက် ၂၀ခန့် စုရုံး စုရုံး လုပ်နေကြသော "ဝင်ပေါက်" ဟု ယူဆရသည့် မှန်ဦးတံခါး တစ်ခုကို တွေ့လိုက်ရသည်။ ကျွန်တော်က မယောင်မလည် နှင့် ထိုလူအုပ်စုထဲ ဝင်ရောလိုက်သည်။ ထို့နောက် မသိမသာ တွန်းကာ တိုက်ကာဖြင့် တံခါးဝဆီရောက်အောင် တရွေ့ရွေ့ တိုးလာခဲ့၏။

ကျွန်တော်… တံခါးဝနားသို့အရောက်တွင် …၊ ရုတ်တရက်

"လူစီဖာနတ်မင်းကြီး ကြွလာပြီဟေ့"

လူတွေ အုန်းအုန်းကျွက်ကျွက် အော်ဟစ်လိုက်သံ၊ ဝရုန်းသုန်းကား ပြေးလွှားကြသံ၊ မြေပြင်တုန်ခါသံများကို ကြားလိုက်ရသည်။ ကျွန်တော် ချာခနဲ နောက်ပြန်လှည့်ကြည့်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



နတ်မင်းကြီး လူစီဖာသည် မြွေပုံသဏ္ဍာန်ရှိ တောင်ဝှေးကို ကိုင်ထားပြီး လေထဲတွင် တန့်ရပ်နေသည်ကို တွေ့မြင်ရသည်။ လေတိုးသောကြောင့် သူ့ဝတ်ရုံအနားစများ တဖျတ်ဖျတ် လှုပ်ခါနေသည်။ သူ့ကို ကြည့်ရသည်မှာ အကြောင်းတစ်စုတစ်ရာ ကြောင့် စိတ်တိုနေပုံလည်းရပါသည်။

လူစီဖာက ဒေါသတကြီး အော်ဟစ်လိုက်၏။

"သွားကြ၊ ငမိုက်သားတွေ ...၊ ဒီ တံခါးဝနားမှာ ဘာလာ လုပ်နေကြတာလဲ။ သွား... နင်တို့အားလုံး တစ်ယောက်မကျန် ဟောဟိုက ကွင်းပြင်ထဲမှာ သွားပြီး စုနေကြစမ်း။ နင်တို့ကို အဲဒီနေရာမှာ တာဝန်ခွဲ စီရင်ချက်ချမယ်။ သွားကြ ... ငါ့ ရဲ့တိုက်ထဲကို တစ်ယောက်မှမဝင်နဲ့"

သူက ထိုသို့ပြောရင်းနှင့် မျက်လုံးကို တစ်ချက် ဝေ့ကြည့်လိုက်ရာ တံခါးနှင့် အနီးဆုံးနေရာတွင်ရပ်နေသော ကျွန်တော့်ကို မြင်သွား၏။သူက လက်ထဲမှတောင်ဝှေးဖြင့် ကျွန်တော့်ကို ညွှန်ပြပြီး ...

"ဟော့ကောင် ... ။ မင်းက အဲဒီ တံခါးဝမှာ အစောင့် တာဝန်ယူစမ်း။ အဲထဲကို အဲဒီတံခါးပေါက်ကနေ ဘယ်သူမှ မဝင်စေနဲ့ ... ။ ကြားလား"

"ဟုတ်ကဲ့"

ကျွန်တော် အနည်းငယ်ကြောက်နေသော်လည်း တက်ကြွစွာဖြင့် ခေါင်းကို ညိတ်ပြလိုက်သည်။ လူစီဖာ၏ ပထမဦးဆုံး တာဝန်ပေးခံရသူမှာ ကျွန်တော်ပင် မဟုတ်ပါလား။





ယခု ... ကျွန်တော်သည် "အစောင့်" ဖြစ်သွားခဲ့ရလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



(၃)

ကျွန်တော် တံခါးပေါက်ဝတွင် ရပ်လျက် "အစောင့်" တာဝန်ကို ထမ်းဆောင်နေသည်။ မဝင်ကြနှင့်··· ဟောဒီတံခါးပေါက်မှ မည်သူမျှ မဝင်ရ။ ကဲ···ဒါပဲလေ။





(၄)

တကယ်လည်း ဘယ်သူမှ မဝင်ကြပါ။ ကျွန်တော် အစောင့် လုပ်နေခဲ့သည့် နှစ်ပေါင်းခြောက်ဆယ်လုံးလုံး (ကျွန်တော်စောင့်သည့် တံခါးဝမှ) မည်သူတစ်ဦး တစ်ယောက်ကမျှ ဝင်ရန် ကြိုးစားခြင်း၊ ခွင့်တောင်းခြင်း လုံးဝမရှိခဲ့သည်မှာ လွန်စွာ အံ့ဩဖွယ်ကောင်းသော အချက်တစ်ချက်ဖြစ်ပါသည်။

ဒါကိုပင် (ရံဖန်ရံခါမှာ) ဝမ်းသာစရာ ကိစ္စတစ်ခု အဖြစ် ကျွန်တော် တွေးကြည့်မိတတ်ပါသေးသည်။ အဘယ် ကြောင့်ဆိုသော် ··· အကယ်၍ တစ်စုံတစ်ယောက်ကသာ ဒီတံခါးပေါက်မှ ဝင်ရန် အတင်းအဓမ္မတိုက်ခိုက်မည် ဆိုပါစို့၊ ကျွန်တော် ဘာမှတတ်နိုင်လိမ့်မည် မဟုတ်ပါ။ ကျွန်တော့်ကို လူစီဖာက တိုက်ခိုက်ကျူးကျော် ဝင်ရောက်ခြင်းကို ကာကွယ်နိုင်ရန် ခွန်အား တစ်စုံတစ်ရာ



www.burmeseclassic.com

www.burmeseclassic.com



သော်လည်းကောင်း လက်နက် တစ်စုံတစ်ရာသော်လည်းကောင်း ပေးသနားထားခြင်းမရှိခဲ့ပါချေ။

ထို့ကြောင့်… ကျွန်တော်သည် (စောင့်ရုံသက်သက်) တံခါးကိုသာ စောင့်နေရသည်။ အမှန်တကယ် လုံခြုံအောင် ထိန်းသိမ်းကာကွယ်နိုင်သူ မဟုတ်ခဲ့ပါ။ သည်အချက်ကိုလည်း နှစ်ပေါင်းများစွာကြာပြီး ကျွန်တော် ခွန်အားချည့်နဲ့လာသော အခါတွင်မှ ရိပ်စားမိခြင်းဖြစ်ပါသည်။

သို့ရာတွင် …ကျွန်တော်သည် "အစောင့်" ဖြစ်ပါသည်။ မည်သူမှမဝင်သော တံခါးတစ်ချပ်ကို စောင့်နေသည့် အစောင့် ဖြစ်၏။

- ကျွန်တော်… ဘာကို စောင့်နေသလဲ?
- မသိပါ
- ဘာအတွက် စောင့်နေရတာလဲ?
- မသိပါ

ကျွန်တော်သည် အစောင့်တစ်ယောက်ဖြစ်နေရသောကြောင့်သာ စောင့်နေရခြင်းဖြစ်ပါသည်။





## (၅)

ကျွန်တော် အိုမင်းမစွမ်းဖြစ်ကာ သေရတော့မည့် အချိန်နှင့်နီးလာသည်။ ဇရာ၊ ဗျာဓိတို့ကြောင့် မကွယ်လွန်ရ သေးမီ နောက်ဆုံးအချိန်ကလေးတွင် ကျွန်တော့်တာဝန်ကို ပြောင်ပြောင် မြောက်မြောက်ထမ်းဆောင်သွားခဲ့ချင်ပါသေးသည်။ (ကျွန်တော်၏ တာဝန်ထမ်းဆောင်ချက် ပြောင်မြောက်ပုံကို ဟောဒီကမ္ဘာမြေပေါ်ရှိ တစ်စုံတစ်ယောက်အား ပြသမှတ်တမ်းအတင်ခံသွားခဲ့ချင်ပါ၏)

ကျွန်တော်၏ နောက်ဆုံး ရှိစုမဲ့စု အင်အား အကြွင်းအကျန်ကလေးကို ဖျစ်ညှစ်သုံးစွဲနိုင်ရန် ပင့်သက်ကို တဝကြီး ရှိုက်သွင်းပြီး စုတ်ပြတ်နေသော အင်္ကျီ လက်မောင်း နှစ်ဖက်ကို ပင့်လိပ်တင်လိုက်၏။

ထို့နောက် … ကျွန်တော့်ရှေ့မှ ဖြတ်လျှောက်သွားသော လူငယ်လေးတစ်ယောက်ကို လှမ်းအော်ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ ··· သူရဲဘောကြောင်တဲ့ ငနဲလေး။ လာ စမ်းကြည့်ပါကွ။ ဟောဒီတံခါးပေါက်က ဝင်ဖို့ ကြိုးစားကြည့်လိုက်တာနဲ့ မင်းတစ်သက်လုံး နောင်တရသွားအောင် ငါက ဆော်ထည့်လိုက်မှာ နော် ···၊ လာလေ ···၊ မယုံရင် စမ်းကြည့်ပါလား"

လူငယ်ကလေးက ကျွန်တော့်ကို စိတ်မပါစွာ တစ်ချက်လှမ်းကြည့်ပြီး ခေါင်းကို ခါယမ်းရင်း

"ကျွန်တော်သာ ဝင်ချင်တဲ့ဆန္ဒရှိရင် ဟိုး··· ဖက် "ဝင်ပေါက်တံခါး"က အေးအေးဆေးဆေး ဝင်မှာပေါ့။ အခု အဘစောင့်နေတဲ့ ဟောဒီတံခါးက "ထွက်ပေါက်"ပဲ ဥစ္စာ"

...

ကျွန်တော် ခြေပစ်လက်ပစ် ထိုင်ကျသွားသည်။

မျက်စေ့မှန်သော နတ်အိုကြီး လူစီဖာသည် ကျွန်တော့်ကို အစောင့်ထားစရာမလိုသော "ထွက်ပေါက် တံခါး" ကို အဝင် တံခါးဟု အောက်မေ့ကာ မှားယွင်းပြီး တာဝန်ပေးသွားခဲ့သည်ပဲ။

* * *

**သင်တို့ကော -**

**ကျွန်တော့်လို**

**ဘဝတစ်ခုလုံးကုန်အောင် မှားယွင်းခဲ့ကြဖူးပါသလား။**





# ပျော်ပွဲစား



www.burmeseclassic.com

www.burmeseclassic.com



ခါတိုင်းလိုပင် ပူနွေးပြာလဲ့နေသော နွေဦးဖြစ်ပါသည်။ သစ်ရွက်များသည် ရွှေရောင်တောက်ပနေကြပြီး အလွန်နူးညံ့သော အရောင်အဆင်းတစ်မျိုးဖြင့် အိပ်မက် ဆန်ဆန် လင်းလက်နေကြသည်။ ကျွန်းပင် မတ်မတ်မားမားကြီးတွေ၏ ထိပ်ဖျားတွင် အုံ့ဆိုင်းနေသော အရွက်ဖားလျားတို့ကို ကြည့်ရသည်မှာ မဟာ ဆန်လွန်းလှပါသည်။ နွေဦး၏ လေပြည်တစ်ချက် အတိုးအခတ်တွင် ကျွန်းရွက်တို့ ကြွေရရ ညင်သာစွာ လှုပ်ယိမ်းသွားကြပုံမှာ ဘုရင်မတစ်ပါး၏ ဝတ်ရုံအစနှင့် တူသည်ဟု အောက်မေ့စရာ ကောင်းနေ၏။

ဆောင်းကုန်စရာသီဖြစ်သောကြောင့် နှင်းကြွင်း နှင်းကျန် အစက်တွေ သစ်ပင်ကိုင်းခက်များ၊ အမြစ်ခေါက်ကြားတွင် စိုလူးနေဆဲရှိသေးသည်။ သစ်ကြီးဝါးကြီးတို့၏ အမြစ်ခေါက်တွင်တွင်မှာ



www.burmeseclassic.com

www.burmeseclassic.com



ဖုန်နှင့် မြေမှုန့်တွေ နှင်းအစိုဖြင့် ကပ်နေကြပြီး အကိုင်းအခက်များတွင်တော့ ရွက်နုနှင့်အဖူးများ နှင်းရည်ဆွတ်ကာ သစ်လွင်နေကြ၏။

(အနိမ့်အမြင့်ဆိုသည်မှာ ဘာမှမဟုတ်ပါဟု အဘိဓမ္မာဆရာများက ပြောကောင်းပြောကြမည်ဖြစ်သော်လည်း အမြစ်များ နှင့် အကိုင်းအခက်များမှာ နှင်းဆွတ်ပုံချင်း ကွာခြားနေသည့်အတွက်မူ သူတို့ကို အပြစ်မတင်ကြစေလိုပါ)

ရှဉ့်ညိုကလေးတွေ သစ်ပင်ပေါ်တက်လိုက် ဆင်းလိုက် လုပ်နေကြပုံကို ကျွန်တော် ရပ်ငေးကြည့်နေမိပါသည်။

နွေဦးကိုတော့ ငှက်ငယ်တွေ ရောက်မလာကြသေး။

လူသူကင်းဝေးရာ အရပ်ဝန်းကျင်ဖြစ်သောကြောင့် တိတိကျကျပင် တိတ်ဆိတ်ငြိမ်ဝပ်လျက် ရှိသည်။

မြက်ခင်းပေါ် ကြွေကျနေသည့် သစ်ရွက်ခြောက်တွေ ပေါ်မြတ်နင်းလာသော ကိုယ့်ခြေသံများကို ကိုယ်ပြန်ကြားနေရ၏။

သည်နေရာသည် ပျော်ပွဲစားထွက်ရန် အမှန်တကယ်ကို သင့်တော်သော နေရာတစ်ခုဖြစ်နေမှန်း သေချာသွားလေသည်။

ကျွန်တော်သည် လူတစ်ယောက်အဖြစ်အနေနှင့် အမှားပေါင်းများစွာ လုပ်ခဲ့ပြီးကြောင်းကို သံသယဖြစ်ရန် မလိုအပ် သည့်တိုင် ယခုလို လူအဖွဲ့အစည်း ယဉ်ကျေးမှု ထွန်းကားရာ မြို့ပြတစ်ခု၏ တံတောင်ဆစ်ကျွေးနားတွင်ထိုင်လျက် သူ့ဘာသာ သူ တိတ်တိတ်ကလေး ကျေးလက်ဆန်သော ရွာတစ်ရွာနှင့် ကိုက်နှစ်ရာခန့်အကွာရှိ တောအုပ်ကို ပျော်ပွဲစားထွက်ရန် နေရာအဖြစ် ရွေးချယ်ခဲ့ခြင်းကမူ





(မည်သည့်နည်းအားဖြင့်မဆို သိပ်မဆိုးလှသော) မှန်ကန်သည့် လုပ်ရပ်တစ်ခုဖြစ်ပါသည်။

သို့ရာတွင် ကျွန်တော်၏ မှန်ကန်မှုကို ထောက်ခံအတည်ပြုပေးမည့်သူဟူ၍ တစ်ဦးတစ်ယောက်မှ အနားတွင် မရှိပါ။

ကျွန်တော်တစ်ယောက်တည်းသာ ဖြစ်သည်။

ပျော်ပွဲစားထွက်ခြင်းဆိုသည်မှာ လူတစ်ယောက်ထက်ပိုသော အစုအဝေးဖြင့်လုပ်ရသည့် ကိစ္စတစ်ခုဟု အတော်များများက အောက်မေ့ကြသည့်တိုင် ကျွန်တော်ကတော့ တစ်ယောက်တည်းသာ ပျော်ပွဲစားထွက်လေ့ရှိပါသည်။

ကျွန်တော့်တွင် ငှက်များကိုပစ်ခတ်ရန် သေနတ်တစ်လက်၊ စီးကရက်တစ်ဘူး၊ ဆင်းဒဝချ်အနည်းငယ်နှင့် ကော်ဖီမစ်ထုပ်များ အပြင် ရေနွေးဓာတ်ဘူးတစ်လုံးလည်းပါ၏။

သည်မျှလောက်ဆိုလျှင် လုံလောက်ပြီဖြစ်သည်။

ကျွန်တော့် အယူအဆအရပြောရလျှင် ပျော်ပွဲစားထွက်ခြင်းဆိုသည်မှာ မိမိကိုယ်ကို ဖြားယောင်းခြင်းတစ်မျိုး ဖြစ်ပါသည်။

မြို့ပြလူနေမှုများ၊ တီဗီဂိမ်း၊ ဘဏ်ငွေကြေးစနစ်နှင့် ရောင်စုံရုပ်မြင်သံကြားများ၊ တယ်လီဖုန်းသံများ၊ တောက်ပ လွန်းသော မော်တော်ကား ကိုယ်ထည်များနှင့် အဆောက် အဦး မြင့်မြင့်ကြီးများတွင် တပ်ဆင်ထားသည့်မှန်များ၊ ဆူညံသည့်ဂီတနှင့် ဝုန်းဝုန်းထနေသည့် အလုအယက် စကားပြောသံများ စသည်တို့၏ ဖြားယောင်းမှုကို ကြာမြင့်စွာ ခံနေရပြီ ဖြစ်သောကြောင့် ပျော်ပွဲစားထွက်ရာတွင် ထိုအ[illegible]



www.burmeseclassic.com

www.burmeseclassic.com



အသက်များကို ထပ်မံယူဆောင်လာရန် မလိုအပ်တော့ဟု ထင်ပါသည်။

ကော်ဇောများ၊ ရောင်စုံ ပလပ်စတစ်ခြင်းတောင်းကြီး ငယ်များ၊ စတီးချိုင့်များ၊ ကက်ခက်များ၊ ပါဆယ်ထုပ်ကာစားနည်းများနှင့် ပျော်ပွဲစားထွက်ခြင်းသည် (မိမိကိုယ်ကို လူစုလူဝေးနှင့် အတူတကွသာ အဖြားယောင်းခံရရန် စိတ်အားထက်သန်ကြသည်အထိ) မြို့ပြယဉ်ကျေးမှုနှင့် သမုနားစရာကောင်းလောက်အောင် အသားကျနေသူများ၏ ပြဇာတ်ကခြင်းတစ်မျိုးဖြစ်သည်။

ကျွန်တော်ကတော့ တစ်သက်လုံး ကိုယ့်ကိုယ်ကို လိမ်ညာလှည့်ဖြားမှုများနှင့် နေသားတကျဖြစ်နေသောကြောင့်လား မပြောတတ်ပါ။ ပျော်ပွဲစားထွက်ရာတွင် ကျွန်တော်တစ်ယောက်တည်းနှင့်ပင် ကိုယ့်ကိုယ်ကို ဖြားယောင်းနိုင်ရန် လုံလောက်နေပါတော့သည်။

နေရောင်က သစ်ရွက်အကြိုအကြားကို ကွဲကာ မြေပြင်ပေါ်သို့ အလင်းပြောက်ထိုးနေပုံမှာ ရွှေအနုစ်ရောင် ကြယ်တံခွန်တွေ မိုးစက်လို တပြောက်ပြောက် ကြွေကျနေ သည်ဟုပင် ထင်စရာကောင်းနေ၏။

သစ်ပင်အုပ် ထူထပ်ရာဆီသို့ ကျွန်တော် တရွေ့ ရွေ့တိုးလျှောက်လာခဲ့သည်။ မြေကူးမတန်းကလေးကို ကျော်ပြီး လျှိုထဲသို့ ဆင်းမီချိန်တွင် မြေပြင်ကိုလွှမ်းကာ ခပ်နီမ့်နီမ့် ပျံ့တတ်သောငှက်ငယ်တွေကို မြင်ရ၏။ သစ်ပင်တစ်ပင်ကို ကျောမှီရပ်ကာ ကျွန်တော်စောင့်နေလိုက်သေးသည်။

ထိုအချိန်တွင် ကျွန်တော့်နောက်ဘက်နားဆီမှ ခပ်ဖွဖွနင်းလာသော ခြေထောက်သေးသေးကလေးတစ်စုံ၏ အသံကို





ကြားရလေသည်။

ကျွန်တော်လှည့်ကြည့်လိုက်သောအခါ

မဲညစ်စုတ်ပြတ်နေသော ဇွပ် ကျယ်ချိုင်းပြတ် ကလေးကို ဝတ်ထားသော ချာတိတ်တစ်ယောက်ကို တွေ့ရ၏။ အသက် (၁၀)နှစ် (၁၁)နှစ်ခန့်သာရှိဦးမည်ဟု ခန့်မှန်းမိသည်။

မျက်နှာပေါ်ရှိ ချေးကွက်များ၊ နှပ်ချေးစင်းရာများ၊ ပေမွဲမွဲဘောင်းဘီအစုတ်နှင့် ခြေသလုံးတွင် ပေနေသော နွားချေးကွက်များသည် (ကျေးလက်နေ ကလေးတစ်ယောက်၏ ဗိညာဉ်နှင့် အသွင်သဏ္ဌာန်ကို မည်သူမဆို သိပ်စဉ်းစားစရာမလိုဘဲ မြင်ရုံနှင့် အလိုလိုသိသွားစေသည့်) အတီအကျ ဖန်တီးထားသော ရုပ်ရှင်ကားတစ်ကား (သို့မဟုတ်) ပန်းချီကားတစ်ကားထဲက အတိုင်းပင် ဖြစ်နေပါတော့သည်။

ပရိတ်ဒိန်းခာတ်ချို့တဲ့သောကြောင့် နီကြောင်ကြောင် ဖြစ်နေသည့်ဆံပင်တွေ နွေဦးလေပြေထဲတွင် ဖွာခနဲ၊ ဖွာခနဲ လွင့်သွားပုံတစ်ခုကသာ သက်ရှိဆန်နေတော့၏။

အစစ်ကတော် အတူနဲ့ ပိုတူနေသလိုပဲဟု ကျွန်တော် ခံစားရလေသည်။

"ဦး… အဲဒါ ဘာလုပ်တာလဲဟင်"

ချာတိတ်က ကျွန်တော့်မျက်နှာထားကို မရဲတရဲ အကဲခတ်ရင်း မေး၏။

"ငှက်တွေကို လာပစ်တာပေါ့ကွ"

ကျွန်တော်က လက်ထဲမှ လေသေနတ်ကို မြှောက်ရင်း



www.burmeseclassic.com

www.burmeseclassic.com



ပြန်ပြောလိုက်သည်။

စကားပြောရခြင်းသည် ကျွန်တော့်အတွက် အနည်းငယ် အနှောင့်အယှက် ဖြစ်သော်လည်း ကြည်နူးစရာ ကောင်းသလိုလို ဖြစ်နေ၏။ ဘယ်လိုပဲဖြစ်ဖြစ် ကလေးတစ်ယောက်ရဲ့မေးခွန်းကို လျစ်လျူ ရှုသင့်ဘူး မဟုတ်လားဟု ကျွန်တော် တွေးမိသည်။

"ဦးက ငှက်တွေကိုသတ်ပြီး ချက်စားတာလား"

ကျွန်တော် အနည်းငယ် အသံထွက်အောင်ပင် ရယ်မိသည်။ နောက် ---

"မဟုတ်ပါဘူးကွ။ ဦးက အပျော်သက်သက်ပါ"

ငှက်တစ်ကောင်ကို လေသေနတ်ဖြင့် ခလုတ် မောင်းဆွဲ ရသည့်အလုပ်မှာ ပျော်စရာဘယ်မှာ ပါလို့လဲဟု ကလေးငယ်က တွေးကောင်းတွေးနေပေလိမ့်မည်။

သူ့အတွက်တော့ တကယ်ပင် နားမလည်နိုင်စရာ ဖြစ်၏။

ပျော်ပွဲစားထွက်နေသည့် လူကြီးတစ်ယောက်၏ ရိုးသားသန့်စင်သော "အပျော်ဆောင်မှု" ကိုလည်းကောင်း၊ လူ့စိတ်အခြေခံ သဘာဝ ကိုလည်းကောင်း၊ မြို့ပြ၏ စက်ရုံကျက်တီး မြေဆန်မှုသဘောနှင့် အီလက်ထရောနစ် သဲကန္တာရများ အကြောင်းကိုလည်းကောင်း၊ ၂၁- ရာစုကြီး လူသားတို့၏ Oedipus Complex ဟုခေါ်သည့် စိတ္တဗေဒဆိုင်ရာ ပြဿနာ တို့ကိုလည်းကောင်း၊ ထိုကလေးကို ရှင်းပြရန် မဖြစ်နိုင်ပါ။ ထိုအမှောင်တိုက် ချောက်ကမ်းပါးကြီးမှ ထွက်ပြေး လွတ်မြောက်ရန် နံရံကို စမ်းတဝါးဝါး ကုတ်ခြစ် တွယ်ဖက်တက်





နေပုံမျိုးနှင့် ဆင်တူသည့် "အသက်အောင့် ပျော်ရွှင်မှု" ကို သည်ကလေး နားလည်နိုင်လိမ့်မည်ဟု ကျွန်တော် မယူဆပါ။

အဘယ်ကြောင့်ဆိုသော် ကလေးငယ်တစ်ယောက်၏ ဘဝသည် ပျော်ရွှင်ခြင်းဆိုသည်ကို နားလည်စရာ မလိုလောက်အောင် တစ်ကယ်စင်စစ် ပျော်နေသောကြောင့် ဖြစ်ပါသည်။ (ကျွန်တော်တို့လို လူကြီးများအဖို့ "အပျော်" ကိုနားလည်အောင် တမင်လုပ်ယူပြီး ပျော်ရွှင်နေရသည်မှာ တကယ် မပျော်ရွှင်နိုင်သော ကြောင့်ဖြစ်၏)

"ရှူး တိတ်တိတ်နေ။ ဟိုမှာ ငှက်တစ်ကောင် နားနေပြီ"

ဟု ပြောလိုက်သည်။

နောက် သစ်ကိုင်းပေါ် နားနေသော ငှက်ကို အသေ အချာချိန်သည်။ ကျွန်တော့်အသက်ရှူသံသည် လေသေနတ် ပြောင်းဖျားတွင် ရေစက် ရေပေါက်ကလေးတစ်ခုလို တွဲလောင်းခိုနေ၏။

ပစ်လိုက်သည်။ လွဲသွား၏။ ကျွန်တော်ထွက်သက်ကို အောင့်ထားရာမှ ဝူးကနဲ မှုတ်ထုတ်လိုက်သည်။ ငှက်က ပျံပြေးသွားပြီ။

ချာတိတ်က ကျွန်တော့်လုပ်ရှားမှု မှန်သမျှကို ပါးစပ်ကလေး အဟောင်းသားဖြင့် ငေးကြည့်နေမိ၏။

သည်အရွယ် ချာတိတ်တစ်ယောက်အနေဖြင့် လေသေနတ်လိုပစ္စည်းမျိုးကို သဘောကျပေလိမ့်မည်ဟု ကျွန်တော် တွက်ဆကြည့်မိသည်။ ထို့ကြောင့်

"ရော့ ယူလေ"



www.burmeseclassic.com

www.burmeseclassic.com



ချာတိတ်က နောက်သို့ ခြေတစ်လှမ်း ဆုတ်သွားရင်း ခေါင်းခါ၏။

"ဟင့်အင်း၊ သူများအသက် မသတ်ရဘူးလို့ အမေက ပြောတယ်၊ ငရဲကြီးလိမ့်မယ်"

ကျွန်တော် တစ်ဝက်ပြုံးမိသည်။ စိတ်ဝင်စားဖို့ ကောင်းသော ကိစ္စတစ်ခုဖြစ်၏။ (အဲသည်ကိစ္စဆိုသည်မှာ ကိုယ်ကျင့်တရားဆိုင်ရာ ခေါင်းစဉ်အောက်တွင်ပါလိမ့်မည်ဟု ထင်ပါသည်)

ကလေးငယ်တစ်ယောက်အဖို့ ကိုယ်ကျင့်တရား ဆိုသည်မှာ မိဘများက တိုက်ရိုက်သင်ကြားပေးထားသော တစ်စုံတစ်ရာဖြစ်၏။

သူတစ်ပါးအသက် မသတ်ခြင်းသည်လည်းကောင်း၊ မခိုးခြင်းသည်လည်းကောင်း၊ မလိမ်ခြင်းသည်လည်းကောင်း၊ အရက်မသောက်ခြင်းသည် လည်းကောင်း၊ ကိုယ်ကျင့်တရား ဖြစ်၏။ သူတစ်ပါးကို အကောက်မကြံခြင်း၊ လူကြီးမိဘကို ရိုသေခြင်း၊ ဘုရားရှိခိုးခြင်း စသည်တို့သည် ကိုယ်ကျင့်တရား ဖြစ်၏။

ထိုကိစ္စတစ်ခုချင်းစီ၏ အလျား၊ အနံ၊ အမြင့်တို့ကို ကလေး တစ်ယောက်အနေဖြင့် ကိုယ်တိုင်ကိုယ်ကျ တွေ့ကြုံ ဆန်းစစ်ဖို့မလို၊ ခွဲခြမ်းစိတ်ဖြာ စဉ်းစားဖို့မလို၊ အဖေ၊ အမေပြောသည့်အတိုင်း အစိမ်းသက်သက် လက်ခံထားလိုက်ဖို့ သာလိုပါသည်။ ရိုးရိုးကလေးပါပဲ။

ရယ်စရာကောင်းလောက်အောင်ပင် ရိုးစင်းလွန်း သောကြောင့် ငိုချင်စိတ်ပေါက်လာစေနိုင်သည်။ "ရိုးရိုးကလေး" ဖြစ်ပါသည်။ ကိုယ်ကျင့်တရားကောင်းသည်ဆိုခြင်းမှာ ဘာလဲ၊ ထိုကောင်းခြင်း ဆိုးခြင်း





စံနှုန်းများကို မည်သူက သတ်မှတ်ခဲ့သလဲ။ သင့်အနေဖြင့် သိချင်သည်ဆိုပါလျှင် ဖြေနိုင်မည့်သူကို (ရှေးခေတ်က မင်းလောင်း ရှာသလို) ဖုတ်သွင်းရထားလွှတ်၍သာ ရှာသင့်ပါ တော့သည်။ (အဖြူ အနီမျဉ်း အမှတ်အသားပြထားသည့် ပလက်ဖောင်းများတွင် မရပ်မိအောင် ဖုတ်သွင်းရထားကို အသေအချာ မှာလိုက်ဖို့လည်း မမေ့ပါနှင့်)

ကျွန်တော်ကတော့ ဖြေဆိုနိုင်မှာ မဟုတ်သည့် အံတုတု သိပ်မသိလှကြောင်း အစောကြီးကတည်းက ကြိုတင်ဝန်ခံ ထားလိုပါ သည်။ ကျွန်တော် မသိပါ။ ကျွန်တော်တို့အနေဖြင့် "ကိုယ်ကျင့်တရား" ဆိုသည်ကို ဘယ်လို နားလည်ခံယူထားကြပါသလဲ။ ကျွန်တော်မသိပါ။ ကျွန်တော်တို့၏ ကိုယ်ကျင့်တရားဆိုင်ရာ နှုန်းစံများကို လည်းကောင်း လုပ်ပါ သို့မဟုတ် မလုပ်ပါဟူသော စည်းမျဉ်းများကိုလည်းကောင်း မည်သူ သတ်မှတ်ခဲ့ပါသလဲ၊ ကျွန်တော်မသိပါ။ ကျွန်တော်တို့ ဘယ်လိုကိုယ်ကျင့်တရားမျိုး ကျင့်သုံးနေကြပါသလဲ၊ ကျွန်တော် မသိပါ။

ကျွန်တော်တို့ ကိုယ်တိုင်လည်း ကလေးငယ် တစ်ယောက်၏ အသိဉာဏ်မျိုးဖြင့် "လုပ်ပါ" ဟု ပြောထားသော ကိစ္စများကို လုပ်လိုက်ပြီး "မလုပ်ပါနှင့်" ဟု တားမြစ်ထားသော ကိစ္စများကို မလုပ်ဘဲ နေလိုက်ရုံမျှနှင့် ဟိုလိုလို ... သည်လိုလို အသက်ရှင်နေကြပုံ ရပါသည်။ အသိဉာဏ် ရှိရှိဖြင့် ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည် နိုင်သူမှသာ ကိုယ်ကျင့်တရားဆိုင်ရာ တန်ဖိုးကို ကိုယ်တိုင် တည်ဆောက်နိုင်စရာ ရှိသည်ဟူသော တွေးခေါ်ပညာရှင် Albsrey



www.burmeseclassic.com

www.burmeseclassic.com



Castell ၏ အဆိုကို ကျွန်တော် သဘောတူပါသည်။ ဓာစ်ချိန်တွင်း မှာပင် ကျွန်တော်တို့သည် သူများ၏ အတွေးအခေါ် ခြေထောက်များပေါ် တက်ပြီး ရပ်နေသလားဟုလည်း တွေးနေမိ၏။

“ကျွန်တော်တို့တွင် ခြေထောက်များ မရှိကြပါ”

ဟု ကျွန်တော်က ပြောလျှင် ဖိနပ်ပိုင်ရှင်များနှင့် ဖိနပ်ချုပ် သမားများထံမှ စစ်တမ်းကောက်ယူထားခြင်း မဟုတ် သည့်အကြောင်း သင်တို့ နားလည်ပေးကြစေလိုပါသည်။

ဆောခရတ္တိ၏ Universal Man

တာဝန်ကျေမှုနှမ့် ကိုယ်ကျင့်တရားကို ထူထောင် သော ဘာရက်ဒလေနှင့် ဘာဂဝါရီတား။

သဘာဝတရား အခြေပြု ကိုယ်ကျင့်တရားကို ငြင်းပယ် ခဲ့သော “ကန့်”၊

“ဘင်သမ်” နှင့် “မီးလ်” တို့၏ အသုံးကျမှု အဓိကဝါဒ၊

“ဂန္ဓီ၊ ယန်းပေါခတ်၊ သီလကျွန်မဂ္ဂင်”

စသည်တို့ကို တခဏအတွင်းမှာပင် သတိတရ ဖြစ်မိ၏။ အရာရာသည် ဝေရီမှုန်ဝါးနေလေသည်။

နွေဦးသည် ချစ်သူ၏ နှုတ်ခမ်းသားတွေလို နီရဲ စွတ်စိုမှုနွေးကာ ရင်ကို မှူးယစ်ဝေစေပြီဟု အောက်မေ့ရ ၏။ ၂၁ ရာစုဟာ Utllitarianism ခေတ်ပဲလို့ ဘယ်သူပြောခဲ့ တာလဲ၊ မစ်ရှေးဖူကိုးလား ဖရန်ဆွာလီယိုတာလား။ လူစီလား။ မသိတော့ပါ။

နွေဦးရေ… ငါ့ကိုသာ နမ်းပါကွယ်။





ကျွန်တော့်အထင် ပြောရလျှင် ကိုယ်ကျင့်တရားဆို သည်မှာ ကျယ်ပြန့်သော ရည်ရွယ်ချက်ကိုသာ အဓိကထား သော အရာဖြစ်ပါ သည်။

လတ်တလောပြဿနာများ၏ ရလဒ်ကို အဓိကထားသော အရာမဟုတ်ပါ။

ပြဿနာတစ်ရပ်၏ အဖြေကိုမျှော်ကာ ကိုယ့်အတွက် ဘယ်လောက် အကျိုးအမြတ် ကျန်နိုင်မည်နည်းဟု ဈေးသည်တွေး တွေးတတ်ရုံမျှဖြင့် လူလုပ်စားနေကြသူများ အကြားတွင် “ကိုယ်ကျင့်တရား” အကြောင်း ကျွန်တော်တို့ ဘာပြောကြမည်နည်း။ (ဘယ်လိုနေနေ နောက်နှစ်ဆို ၂၁-ရာစုထဲ၊ ငါတို့ ရောက်ကြမှာပဲ မဟုတ်လား … ဟု ပြက္ခဒိန် လှန်ကြည့်ပြီး ပြောကြသူများ ရှိကောင်းရှိမည် ဖြစ်သော်လည်း ထိုသူတို့သည် မြင်းမြီးမှာ မျောက်ကို ချည်ပြီး ရိုက်နှင်လွှတ် ခံလိုက်ရသလိုမျိုး ပါသွားရမည့်အဖြစ်ကို တွေးမိကြမည် မဟုတ်ပါ)

ဟော နောက်ထပ် ငှက်တစ်ကောင် နားနေပြန်ပြီ။ ကျွန်တော် အသေအချာ ချိန်ပစ်လိုက်သော်လည်း လွဲချော် သွားပြန်သည်။ ကျွန်တော်က အနည်းငယ်ရက်ရက်ဖြင့် ချာတိတ်ကို လှည့်ကြည့်မိ၏။ ချာတိတ်ကတော့ ပျံပြေးသွားပြီဖြစ်သော ငှက်ကို တငေးတမော ကြည့်နေသည်။

သူဘာတွေ တွေးနေသလဲ။ မသိပါ။ သို့သော် ခပ်ဟဟ ကလေး ပွင့်နေသည့် သူ့နှုတ်ခမ်း သွေ့ခြောက် ခြောက်တွေမှာ



www.burmeseclassic.com

www.burmeseclassic.com



ဖျော့မွဲရီဝေသော စိတ်တစ်စုံတစ်ရာ ရှိနေသည်ဟု ကျွန်တော် ထင်မိလေသည်။

နွေဦးသစ်ပင် ရိုးတံခြောက်ခြောက်တွေကြားမှာ ရပ်ပြီး ငေးကြည့်နေသည့် ကလေးငယ်တစ်ယောက် (သူ့ ကိုယ်တိုင်ကလည်း ရိုးတံခြောက် သစ်ပင်တစ်ပင်နှင့် တူနေသည်) ကိုမြင်လျှင် သင်လည်း ကျွန်တော့်လိုပင် နှည်းကြေကွဲစွာ နာနာကျင်ကျင် ခံစားရပါလိမ့်မည်။

ကျွန်တော် နေရာရွှေ့သည့်အခါ သူလည်း ကျွန်တော့် နောက်က တိတ်တိတ်ကလေး ကပ်လိုက်လာ၏။ သစ်ရွက် ခြောက်တွေပေါ် နင်းသည့်အခါ ခြေသံမထွက်အောင် ကျွန်တော် ဂရုစိုက်သည့် အတိုင်း သူလည်းလိုက်၍ ဖွဖွကလေး နင်းလေသည်။

နောက်ထပ် ငှက်တစ်ကောင်ကို တွေ့လိုက်ရသည့်အခါ ကျွန်တော့်သတိတွေ ရေစိုသလို လေးပင်စုစည်းသွား၏။

သည်တစ်ခါတော့ ရအောင်ပစ်မယ်ဟု စိတ်ထဲက အလိုလို ကြုံးဝါးမိသည်။ သည်ချာတိတ်၏ရှေ့တွင် သုံးလေးခါ လွဲချော်ပြရမှာ ရှက်စရာကောင်းသည်ဟုများ ကျွန်တော် ထင်နေမိသလား မပြော တတ်ပါ။ (ထင်နေမိပုံရပါသည်) ဤသည်မှာ ကလေး တစ်ယောက်နှင့် ယှဉ်လိုက်တိုင်း အလိုလို သိမ်ငယ် နိမ့်ကျ သွားတတ်သည့် လူကြီးတို့၏ အနူကြောင်ကြောင်နိုင်မှု တစ်မျိုးလည်း ဖြစ်ပါသည်။

ကျွန်တော်က ငှက်ကို အသေအချာ ချိန်ရွယ်နေခိုက်တွင် ကလေးငယ်ကတော့ သူ၏ ထူးဆန်းစွာ တိတ်ဆိတ်လျှို့ဝှက်သော မျက်လုံးသေများဖြင့် ငေးကြည့်နေ၏။





ကျွန်တော် ပစ်လိုက်သည်။ သည်တစ်ခါတော့ ထိသွား၏။ ငှက်က မြေပေါ် ဖုတ်ကနဲ ပြုတ်ကျလာသည်။

ကျွန်တော်က အလိုလို ချာတိတ်ကို လှည့်ကြည့် မိလျက်သား ဖြစ်သွား၏။ (နှည်းစွာ ဖုံးကွယ်ထားသော ဂုဏ်ယူကြွားဝါစိတ်တစ်မျိုးဖြင့် ကြည့်မိခြင်းဖြစ်သည့်အကြောင်း ရှက်ရှက်နှင့်ပင် ဝန်ခံရပါဦးမည်) ချာတိတ်က ဘာမှုမထူးခြားပါ။ ကျွန်တော်၏ ဝင့်ကြွားဂုဏ်ယူလိုမှု ကိုလည်း သတိထားမိပုံ မပေါ်ပါ။ သူတွေးနေသည်မှာ အခြားကိစ္စတစ်ခု ဖြစ်ပေလိမ့်မည်။

သူ၏ အေးစက်တိတ်ဆိတ်သော အငေးသေကို ကျွန်တော် အမိပွါယ်မဖွင့်ဆိုတတ်ပါ။ ငှက်သေကို သွားကောက်ရန် ကျွန်တော် ခြေလှမ်းပြင်လိုက်သည့်အချိန်တွင်မှ ချာတိတ်က စာစာကထက်မိုပြီး တိုးဖျော့သည့် အသံဖြင့်

"ဦး အဲဒီငှက်ကို ချက်စားမှာလားဟင်"

စာစာက ဖြေခဲ့ပြီးသား မေးခွန်းကိုပင် ထပ်မေးသည်။

"ဟင့်အင်း မစားပါဘူး"

အဖြေတစ်ခုကို နှစ်ခါပြန်ပြောရခြင်းသည် ကျွန်တော့် အတွက် အတော်ပျင်းရိစရာ ကောင်းသော်လည်း သည်ကလေး အတွက်မူ သေချာမှုတစ်ခုခု (သို့မဟုတ်) အလားတူ တစ်စုံတစ်ရာ ဖြစ်နေနိုင်ပါ သည်။

"ဦး မစားရင် အဲဒီငှက်သေကို ကျွန်တော့်ကို ပေးပါလား"

"ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



အေးစက်သော မျက်လုံးတွေထဲမှာ ဆာလောင် ငိုညည်းသံတို့သဲ့သဲ့ကို ကြားရ၏။

"အိမ်က အမေက ဟင်းချက်မကျွေးတာကြာပြီ"

ကျွန်တော် ယခုပြောလိုသည်မှာ ကိုယ်ကျင့်တရား အကြောင်းဖြစ်ပါသည်။ အသားဟင်း စားလိုသည့်စိုင်

"သူတစ်ပါးအသက်ကို မသတ်ရဘူး"

ဟု ရိုးရိုးကလေး နားလည်ထားသော ကိုယ်ကျင့် တရားကိုချာတိတ်က အသေအချာ ထိန်းသိမ်းသွားပါသည်။

ထိုအရာသည် ချစ်စရာကောင်းသည်ဟု ဆိုပါလျှင်ကျွန်တော်သည် ပါဏာတိပါတ သိက္ခာပုဒ်ကို ချစ်မိခြင်း မဟုတ်ဘဲကလေးငယ်၏ သူနားလည်သလို ရိုးရိုးကလေး ပြုမူသွားခြင်းကိုသာချစ်မိခြင်းဖြစ်ကြောင်း ဖြည့်စွက်ပြော ကြားရန် လိုအပ်ပါလိမ့်မည်။

ကလေးငယ်တစ်ယောက်၏ ရိုးသားသော ပျော်ပွဲစားတစ်ခုကျင်းပသွားသည့် နွေဦးနေ့လည်ခင်း အပိုင်းအစများကြားတွင်ကျွန်တော်သည် တောအုပ်ထဲမှာ တိတ်ဆိတ်စွာ ထိုင်ရင်း"ကိုယ်ကျင့်တရား" အကြောင်းကို စဉ်းစားနေမိသည်။

ကျွန်တော်တွေးနေသည့် အထဲတွင် ...

"ကိုယ်ကျင့်တရား ပျက်စီးခြင်း" နှင့် "သူတစ်ပါး၏ အသနားခံရခြင်း" တို့နှစ်ခုအနက်

"ဘယ်ဟာက ပိုဆိုးသလဲ" ဟူသည့် မေးခွန်း လည်းပါပါသည်။ ကျွန်တော် ယခုပြောလိုသည်မှာ ကိုယ်ကျင့်တရားအကြောင်းဖြစ်ပါသည်။





# ကြက်တူရွေးပါးစပ်



www.burmeseclassic.com

www.burmeseclassic.com



(၁)

ကျွန်တော့်အိမ်တွင် ကြက်တူရွေး ခုနစ်ထောင့် တစ်ရာ ခြောက်ဆယ့်ကိုးကောင်တိတိ မွေးမြူထားပါသည်။

ကြောင်နှစ်ကောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



## (၂၈က)

အရွက်တွေ ကင်းမဲ့ကာ ရိုးတံချည်း ခြောက်သွေ့ ကျန်ရစ်နေသော သစ်ဆိမ့်ပင်ကြီးကို ကျွန်တော်ချစ်သည်။ အောက်ဘက်သစ်ကိုင်းပေါ် ခုန်ဆင်းရန်ဟန်ပြင်ရင်း ဟိုဟို သည်သည် ပြူးတူးပြာတာကြည့်နေသော ရှဉ့်ညိုညိုသေးသေး လေးကို ကျွန်တော်ချစ်သည်။ တပေါင်းလတွင် တိုက်ခတ် လာသော လေနွေးနွေးကို ကျွန်တော်ချစ်သည်။ အဝါရောင် ပွင့်ချပ်တွေဖြင့် တစ်ပင်လုံးကိုဖုံးထားပြီး တွဲရွဲကျနေသော ငုပန်းများကို ကျွန်တော်ချစ်သည်။ ထိုသဘာဝတရားများကို ချစ်တတ်ရန်နှင့် ထိန်းသိမ်းတတ်ရန် ကျွန်တော်တို့ကို တစ်စုံတစ်ရာက သင်ကြားပေးခဲ့သည်ဟု ကျွန်တော်ထင်၏။ (ခြွင်းချက်အားဖြင့်တော့ တချို့လူများသည် ထိုသင်တန်းတွင် ကျောင်းပြေးခဲ့ဟန်တူသည်။ "သို့မဟုတ်" အိပ်ပိုက်နေခဲ့ကြဟန်တူသည်။





သူတို့ကမူ သဘာဝတရားကြီးကို ကိုယ်ကျိုးအတွက် သုံးရန်ကလွဲ၍ ကျန်သည့်မျက်စိဖြင့် မမြင်တတ်ကြပါ)

တစ်ဖက်ကကြည့်လျှင် သဘာဝတရားကြီးကို ကျွန်တော်တို့ ချစ်မြတ်နိုးနေခြင်းနှင့် ထိန်းသိမ်းနေကြခြင်းသည် ကျွန်တော်တို့၏ ကိုယ်ကျိုးစီးပွားပေါ်တွင် အခြေခံသည်ဟုထင်သည်။ ဆိုလိုသည်မှာ .. အိုဇုန်းလွှာပေါက်ခြင်း၏ အန္တရာယ်၊ လေထုညစ်ညမ်းခြင်း၏ အန္တရာယ်၊ ရာသီဥတု ဖောက်ပြန်ခြင်း၏ အန္တရာယ်၊ အယ်နီညို၏ အန္တရာယ်စသော ကိစ္စများက ကျွန်တော်တို့ကို တိုက်ရိုက် ထိခိုက်လာသောအခါ ကျွန်တော်တို့က သဘာဝတရားကြီး ကို ပြေးသတိရလိုက်ကြပါသည်။ တစ်နည်းအားဖြင့် ပြောရလျှင် ကျွန်တော်တို့ကို ထိခိုက်လာမည့် အန္တရာယ်ဆိုးများကို ကာကွယ်ရန် သဘာဝတရားကြီးကို ထိန်းသိမ်းကြခြင်းသည် ကျွန်တော်တို့ ကိုယ်ကျွန်တော်တို့ မြတ်နိုးထိန်းသိမ်းကြခြင်းပင်ဖြစ်သည်။

ကျွန်တော်တို့သည် ရှဉ့်ညိုကလေးထက် လည်းကောင်း၊ ရွှေရောင်ဝါဝါ ဆွတ်သော ငုပန်းများထက် လည်းကောင်း၊ ရိုးတံငေါငေါနှင့် သစ်စိမ့်ပင်ကြီးထက်လည်းကောင်း၊ အရာရာ အားလုံးထက် လည်းကောင်း ကျွန်တော်တို့ကိုယ် ကျွန်တော်တို့ ပိုချစ်ကြသည်။

ပြဿနာက သည်နေရာတွင် စပါသည်။

*



www.burmeseclassic.com

www.burmeseclassic.com



(၂/ခ)

"လူ့ဘဝဆိုတဲ့ အရာမှာသာ အရောင်ရှိမယ်ဆိုရင် အဲဒီ အရောင်ဟာ အဖြူရောင်ပဲ ဖြစ်လိမ့်မယ်"

ဟု ကျွန်တော့်ဆရာက ပြောပါသည်။

ကျွန်တော်တို့နှစ်ယောက် ထိုင်နေကြသော မန်ကျည်းပင်အရိပ် ဝပ်ဝပ်ကျလျက်သားရှိရာ အိမ်ရှေ့ မြေကွက်လပ်ပေါ်သို့ သစ်ရွက် ခြောက်တွေ တဖွဲဖွဲ ကြွေကြွေ ကျနေ၏။ အေးစက်သော ရနံ့ပါသည့် လေပြည်တစ်ချက် ဝေ့တိုက်လာသည်။ အိမ်ခေါင်မိုးကို အုန်းလက်တို့ ပွတ်သံ တရှဲရှဲကို ကြားရလေသည်။

ကျွန်တော်က ကက်ဆက်ခွေအလွတ်ထည့်ပြီးသား ကက်ဆက်အသေးစားကလေးနှစ်လုံးကို အသံဖမ်းရန် ခလုတ်နှိပ်၍ ဆရာ့ဘက်သို့ တိုးပေးလိုက်၏။ ကျွန်တော်ပြုစုနေသည့် ဘွဲ့ယူ





ကျမ်းတစ်စောင်နှင့် ပတ်သက်၍ ဆရာနှင့် ဆွေးနွေးနေ ခြင်းဖြစ်သည်။ လိုအပ်ချက်များနှင့် ပတ်သက်၍ ဆရာပြောသမျှကို အသံသွင်းယူ ထားပြီးနောက်မှ အေးအေးဆေးဆေး ပြန်ကူးကာ ဖြည့်စွက်ပြင်ဆင် မည်ဟု ကျွန်တော် စိတ်ကူးခဲ့သည်။ ဆရာကလည်း ကျွန်တော့်စိတ်ကူး ကို သဘောတူကာ… အေး ငါ့အတွက်ပါ တစ်ခွေ ကူးပေးထားကွာ၊ ငါလည်း ပြန်နားထောင်ပြီး ငါပြော သွားတဲ့ အထဲမှာ မေ့သွားတာ၊ ကျန်သွားတာ ရှိမရှိ ပြန်စစ်ဆေးလို့ ရတာပေါ့ဟု ပြောခဲ့သည်။

ဆရာက သူ့စကားကို ဆက်၏။

"အဖြူရောင်ဆိုတာ မူလအရောင်ဖြစ်ပေမယ့်လို့ သူ့ဘာသာသူ သီးခြားမရပ်တည်နိုင်ဘူး။ တခြား အရောင်တွေနဲ့ တွဲကြည့်မှ ငါတို့က အဖြူရောင်ကို မြင်ရတာ၊ ဆိုလိုတာကကွာ အနက်ရောင်နဲ့ တွဲကြည့်လို့သာ အဖြူကို ဖြူတယ်လို့ သိရတာ၊ လောကမှာ အနက်၊ အနီ၊ အဝါ၊ အပြာ စတဲ့ အရောင်တွေသာ မရှိတော့ရင် အဖြူ ရောင်ဆိုတာလည်း ရှိမနေနိုင်တော့ဘူး လူ့ဘဝကလည်း ဒီလိုပဲကွ"

ကျွန်တော်က ဝင်ပြောလိုက်သည်။

"ဆရာပြောချင်တာက လူ့ဘဝဟာ သူ့ရပ်တည်မှု အတွက် သစ်ပင်တွေ၊ စမ်းချောင်း၊ လေထုနဲ့ တိရစ္ဆာန်ဆိုတဲ့ တခြားအရောင်တွေအပေါ်မှာ မှီခိုနေရတယ်လို့ ပြောချင် တာလား။ ဒါကြောင့် ကိုယ့်ကိုယ်ကို ချစ်ရင် ကိုယ့် အကျိုး စီးပွားကို ကာကွယ်ချင်ရင် အဲဒီနေရာတွေရဲ့ အကျိုးစီးပွားကို



www.burmeseclassic.com

www.burmeseclassic.com



ကာကွယ်ပေးရမယ်ဆိုတဲ့ သဘောပေါ့"

ဆရာက ငေးနေသည်။ မမြင်နိုင်သော အရာ တစ်ခုကို (သိပ်မျှော်လင့်ချက်မရှိပါဘဲ) လှမ်းကြည့်ရသလိုမျိုး ငေးသည်။ ဟိုးအဝေးဆုံး တစ်နေရာတွင် တစ်စုံတစ်ရာ ရှိနေသည်ဟုပင် အောက်မေ့မှတ်ထင်ရစေသော အကြည့် ဖြစ်သည်။ ပက်လက်ကုလားထိုင်ပေါ် လှဲနေသော ဆရာ့ ရင်ခွင်ပေါ်သို့ မန်ကျည်းရွက်ဝါကျင့်ကျင့်ကလေးတွေ ဖွေးကနဲ ကြွေကျလာလေသည်။

"မှီခိုနေရတယ်" ဆိုတဲ့ စကားလုံးထက် "တစ်သား တည်း ဆက်စပ်နေတယ်" လို့ ပြောရင် ပိုမှန်မယ်ထင်တယ်၊ "ကိုယ်ကျိုးစီးပွားကာကွယ်မှု" ဆိုတာ အတ္တကြီးတာ မဟုတ်ဘူး။ သူများတွေကို တန်းတူရည်တူ လွတ်လွတ်လပ်လပ် ရှင်သန်ခွင့် ပေးတာကို ဆိုလိုတာမှန်း အားလုံး သိဖို့လိုအပ်တယ်"

*





(၂/ဂ)

အိမ်ပြန်ရောက်သောအခါ ကက်ဆက်ခွေကို ကျွန်တော့် ညီမလက်ထဲထည့်ကာ စာရွက်နဲ့ အချော ပြန်ကူးထားလိုက်ဟု ပြောပြီး ရေချိုးခန်းထဲဝင်ခဲ့၏။

ကျွန်တော်ရေချိုးပြီး ထွက်လာသောအခါ ကျွန်တော့် ညီမက အနီးသို့လာပြီး နားမလည်သလို မျက်နှာအမူအရာ ဖြင့်

"ဘာကိုကူးရမှာလဲ အစ်ကိုကြီး။ ကက်ဆက်ထဲမှာ ဘာစကား ပြောသံမှ မပါဘူး"

ကျွန်တော်ကြောင်သွားသည်။ ပြစမ်းပါဦးဟုပြောကာ ကက်ဆက်ကို လှမ်းယူလိုက်ပြီး ပြန်ရစ်ကာ ဖွင့်ကြည့်လိုက်သည်။

တရှဲရှဲမြည်သံ ကြားရသည်။ နောက် ... ခွေး ဟောင်သံ၊ လမ်းမှ မော်တော်ကား ဖြတ်မောင်းသွားသံ၊ ဟွန်းသံ၊ စပယ်ယာ၏



www.burmeseclassic.com

www.burmeseclassic.com



အော်ဟစ်လှုခေါ်သံ၊ လမ်းပေါ်က ဈေးသည်တစ်ယောက်၏ အသံ၊ တိုးခပ်ဝေးဝေးမှ လူ နှစ်ယောက် ဆဲဆိုရန်ဖြစ်နေသံ သဲ့သဲ့ …။

ဒုက္ခပဲဟု ကျွန်တော်စိတ်ထဲမှကျိတ်ပြီး ရေရွတ်လိုက်၏။ ထိုအသံများအားလုံးကို ကျွန်တော်မှတ်မိသည်။ ဆရာနှင့်ကျွန်တော်စကားပြောနေစဉ်က ပတ်ဝန်းကျင်မှအသံများ ဖြစ်သည်။ သို့သော် ဦးနှောက်ခြောက်စရာ ကောင်းနေသည်က ကျွန်တော်တို့နှစ်ယောက် စကားပြောနေသံက တစ်ခွန်းမှ ပါမလာ …။

ဘယ်လိုဖြစ်တာပါလိမ့်။ တခြားအသံတွေ အားလုံး တော့ကက်ဆက်ခွေက ဖမ်းမိပြီး အရေးကြီးတဲ့ စကားတွေ ကျမှ ဘာဖြစ်လို့ တိတ်သားပေါ်မှာ မထင်ရတာပါလိမ့် …။ တစ်ခုခုတော့ မှားနေပြီ။

* * *

ကျွန်တော်ဆရာ့ဆီ ချက်ချင်းပြန်သွားဖြစ်၏။

အိမ်တံခါးပေါက်နားတွင် ခပ်ငိုင်ငိုင် ထိုင်နေသော ဆရာ့ကိုတွေ့ရသည်။ အကျိုးအကြောင်း ပြောပြလိုက်သောအခါ ဆရာက

"အေး … ဟုတ်တယ်ကွ၊ ငါ့ကက်ဆက်ခွေထဲမှာလည်း ငါတို့ နှစ်ယောက်စကားပြောသံ တစ်လုံးမှ မပါဘူး။ အံ့ဩစရာကောင်းတာက … တခြားအသံ တွေကျတော့ ဟိုး • • • အဝေးကြီးကအသံတောင် မှ ပြတ်ပြတ်သားသား ဖမ်းမိတယ်၊ ဟော့ကောင် … နေစမ်းပါဦး၊ ငါတို့ တကယ်တော့ စကားပြောခဲ့ကြတာမှ ဟုတ်ရဲ့လား"





ကျွန်တော် မဖြေတတ်တော့။ နောက်တစ်ခါ ထပ်စမ်းကြည့်ဖို့ ကျွန်တော်တို့ ဆုံးဖြတ်လိုက်ကြသည်။ ကက်ဆက်ကို ဖါးစပ်နားတွင် ကပ်ကာ အသံဖမ်းခလုတ်ကို နှိပ်လိုက်၏။ မန်ကျည်းပင်အကိုင်းပေါ်က ငှက်ကလေး တစ်ကောင် ကျလိကျလိ အော်မြည်သံကို ကြားနေရသည်။ ကျွန်တော့်အာရုံကို စုစည်းလိုက်ပြီး ဝါကျတစ်ကြောင်းကို ရွတ်ဆိုလိုက်၏။

"ကိုယ်ကျိုးစီးပွား ကာကွယ်မှုဆိုတာ ကိုယ့်အတ္တကို ကြီးသထက်ကြီးအောင် မွေးတာမဟုတ်ဘူး။ သူများ တွေကို တန်းတူရည်တူ လွတ်လွတ်လပ်လပ် ရှင်သန်ခွင့်ပေးတာပဲဖြစ်တယ်"

ပြောပြီးသည်နှင့် အသက်အောင့်ထားရသော လေကိုအားအင်ကုန်ခန်းသွားသလို မှုတ်ထုတ်သက်ပြင်း ချလိုက်သည်။

နောက် • • • ကက်ဆက်ခွေကို အစမှ ပြန်ရစ်ကာ ဖွင့်လိုက်သည်။ ပထမ အခွေရစ်သံ တရှဲရှဲကို ကြားရသည်။ နောက် • • • ငှက်အော်မြည်သံ ကျလိကျလိကို ကြားရ၏။ ခဏအကြာတွင် ဟင်းကနဲ သက်ပြင်းချလိုက်သံကို ကြားရသည်။ ပြီးသွားပြီ။ သေချာသည်။ ကျွန်တော် ရွတ်လိုက်သောစကားသံကို ကက်ဆက်က ဖမ်းမမိ။

ကျွန်တော့်ဆရာက ခေတ္တမျှ မျက်မှောင်ကုပ်ကာ လေးလေးနက်နက် စဉ်းစားနေသည်။ နောက် • • • ထိုင်နေရာမှ ရုတ်တရက်ထလိုက်ပြီး ခြံဝင်းတံခါးဆီ လျှောက်သွားသည်။ သိပ်ကြာကြာ မစောင့်လိုက်ရ၊ ခြံဝင်း တံခါးနှင့်ကပ်လျက် ပလက်ဖောင်းပေါ်မှ လူတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



လျှောက်လာနေသည်ကို မြင်ရ၏။ ဆရာက ထိုလူကို လှမ်းခေါ်လိုက်သည်။ ထိုလူအနားသို့ ကပ်လာသောအခါ ဆရာက . . .

"ဒီမှာ မိတ်ဆွေ ခင်ဗျား ကိုယ်ကျိုးစီးပွားကို ကာကွယ်ဖို့ဆိုရင် ခင်ဗျားတစ်ယောက်တည်း အတ္တကြီး နေရုံနဲ့မဖြစ်ဘူး၊ တကယ့်နည်းမှန် လမ်းမှန်က တခြားအရာတွေကိုပါ ခင်ဗျားနဲ့အတူ ရှင်သန်ခွင့်ပေးဖို့ပဲ၊ ဒါကို သဘောပေါက်ရဲ့လား"

ထိုလူက ဆရာ့ကို ငေးကြောင်ကြောင်ကြည့်နေ၏။ ဆရာ ပြောသောစကားသံကို မကြားရသည်မှာ သေချာသည်။

ဆရာက . . . ကိုယ့်လူ မကြားရဘူးလားဟုဆိုကာ ထိုစကားကိုပင် နောက်တစ်ကြိမ် ထပ်ပြော၏။ သည်တစ်ခါလည်း မကြားရပြန်။ ပါးစပ်လှုပ်နေသည်ကိုသာ မြင်ရသောကြောင့် နောက်ပြောင်နေသည်ဟု ထင်သွားပြီး သူ့လမ်း သူဆက်သွားရန် ဟန်ပြင်လိုက်၏။ ဆရာက စိတ်တိုသွားပြီး . . .

"ခွေးမသား၊ နားပင်းနေလားကွ . . . ဟေ"

ဟု ဆဲဆိုလိုက်၏။ အင်မတန်မှ ဝမ်းနည်းဖို့ ကောင်းပါသည်။ ဆဲဆိုသောစကားကိုတော့ ထိုလူက သေသေချာချာ ကြားသွားရှာသည်။ ချက်ချင်းပင် ဒေါသတကြီး ပြန်လှည့်လာ၏။ ကျွန်တော့်ဆရာကို ကျွန်တော် ကမန်းကတန်း အိမ်ထဲဆွဲသွင်းရသည်။ (ထိုစဉ်က ခြံတံခါးကို သော့ခတ် ထားမိသည်မှာ တန်ခိုးရှင်တစ်ပါးပါး၏ ဂုဏ်ကျေးဇူးတော်ကြောင့် သာဖြစ်ပါလျှင် ထိုတန်ခိုးရှင်ကို အိမ်တွင် ဝက်သားဟင်းနှင့် ထမင်း ဖိတ်ကျွေးသင့်ပါသည်)





ခဏအကြာတွင် အိမ်ခေါင်မိုး သွပ်ပြားပေါ်သို့ ခဲကျသံတဒုန်းဒုန်းကို ကြားရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



## (၃)

သင်··· ချောင်းဆိုးဖူးလိမ့်မည်ဟု ကျွန်တော် ယုံကြည်သည်။ တကယ်ဆို သင်အပါအဝင် ကျွန်တော်တို့ အားလုံးသည် တစ်သက်လုံး ချောင်းဆိုးနေဖို့သာ ကောင်းတော့သည်ဟု ကျွန်တော်က ပြောလျှင်မူ သင် ရုတ်တရက် သဘောတူချင်လိမ့်မည် မဟုတ်တာ သေချာပါသည်။

သင့်မှာ လောလောဆယ် အရေးတကြီး ကိစ္စမရှိလျှင် ... (ကလေးကျောင်းကြိုသည့်ကိစ္စ သို့မဟုတ်၊ မီတာခ သွားဆောင်ရမည့်ကိစ္စ သို့မဟုတ်၊ ကျူရှင်မှ ပြန်လာသည့် ကောင်မလေးကို တစ်နေရာရာမှ ထိုင်စောင့်ရမည့်ကိစ္စ သို့မဟုတ်၊ ခပ်ညံ့ညံ့ အငြိမ့်တစ်ခုမှ လူရွှင်တော်များ၏ တတိယတန်းစား ပြက်လုံးကို ရယ်မောပစ်လိုက်ရမည့်ကိစ္စ သို့မဟုတ်၊ အလားတူကိစ္စ တစ်မျိုးမျိုးကို သင့်အနေဖြင့် အရေးကြီးသည်ဟု ယူဆလိုက ယူဆနိုင်ပါသေးသည်။) ကျွန်တော်





ပြောလိုသည်မှာ လောလောဆယ် အရေးတကြီးကိစ္စ မရှိလျှင် သင့်အနေဖြင့် ချောင်းဆိုးကြည့်ရန် ကြိုးစားသင့်ကြောင်းပင်ဖြစ်၏။

အသေအချာ တွေးကြည့်လျှင် ဘာမှ သိပ်ထူးလှသည် မဟုတ်ပါ။ သည်အတိုင်း နေရုံနှင့်ကတော့ သင့်ပါးစပ်ပေါက်ကို ဘယ်လို အသုံးချမည်နည်း။ မနေ့တစ်နေ့က ကြည့်ခဲ့ရသော ဘောလုံးပွဲတွင် မည်သူက ဘောလုံးကို ကန်သွင်းကြောင်း၊ မည်သူက အလွန်တရာ ညံ့ဖျင်းကြောင်း၊ ဂိုးသမားက မည်သို့မည်ပုံ ဖြစ်နေကြောင်း၊ အချိတ်အဆက် အပေးအယူက မည်သို့ ဖြစ်သင့်ကြောင်းများကို လျှောက်ပြော နေရုံဆိုလျှင်တော့ သိပ်မဟုတ်လှသေးဟု ကျွန်တော် ထင်သည်။

အလားတူပင်။ ခြံရှင်အိမ်မှ မိန်းမကြီး၏ သမီး အပျိုဖော်ဝင်စ ပြုလာခြင်းနှင့် သူမ၏ ပတွေးအကြောင်း၊ ဂျာနယ်ထဲတွင် (ရိုးအီနေလောက်အောင်) အထပ်ထပ်ပါနေကျဖြစ် သည့် ပျစ်ခွဲညှိုစို့နေသော သတင်းများအကြောင်း၊ လင်ယူသားမွေး ကိစ္စကို ရေးကြီးခွင်ကျယ် လုပ်ကာ ငိုဟယ်ရိုဟယ်ဖြင့် ရိုက်ကူးပြနေသော ခပ်ညံ့ညံ့ မြန်မာဗီဒီယို ဇာတ်ကားများ အကြောင်း၊ (တီဗီ တွင်လာတတ်သော ကြော်ငြာများတွင် အော်ဂလီဆန်စရာ ကောင်းလောက်အောင် နှုတ်ခမ်းသားကြီးများကို မဖွယ်မရာ စူပြ၊ ထော်ပြ၊ ပြုံးပြ၊ ပြောင်ပြ ကော့ပြသည့် ပေါချာချာ ကြော်ငြာမင်းသမီးများအကြောင်း၊ · စသည့်အကြောင်း များကိုသာ ပြောရုံ သက်သက် ဆိုလျှင်တော့ ကျွန်တော်တို့ ပါးစပ်မှ ထွက်လာသော အသံများသည် လေလည်သံလောက်တောင် "ကြောင်းကျိုး အပ်စပ်မှုနှင့် တန်ဖိုး" ရှိတော့မည် မဟုတ်ပါ။ ၂၄ နာရီလုံးလုံး ချောင်းဆိုးနေသည်အမှ



www.burmeseclassic.com

www.burmeseclassic.com



ပါးစပ်အကုသိုလ် ကင်းပါလိမ့်ဦးမည်။

လူစည်ကားရာ လမ်းဆုံလမ်းခွများ၊ ဈေးများ၊ ပန်းခြံ ရုပ်ရှင်ရုံနှင့် အနီးတဝိုက်နေရာများသို့ ကျွန်တော်နှင့် ကျွန်တော့် ဆရာတို့နှစ်ဦး သွားကာ လူ့အတွေ၏ အဓိပ္ပါယ်ကို ဖွင့်ဆိုရှင်းပြကြသည်။ ကွမ်တန်သီဝရီ အကြောင်းပြောကြသည်။ ဘဝ၏ လွတ်မြောက်မှု အကြောင်း ဆွေးနွေးကြသည်။ ဂျော့ဆန်တာယန၏ အလုတရားကို ဝေဖန်သုံးသပ်ကြသည်။ ဖရန်စစ်ဖူကူကားမား၏ သမိုင်းနိဂုံးစာအုပ်နှင့် ပတ်သက်သော အမြင်ကို ဖလှယ်ကြသည်။

သို့သော် ကျွန်တော်တို့နှစ်ယောက်၏ အသံကို မည်သူကမျှ မကြားရပါ။ ဆဲသံ၊ ဆိုသံ၊ အော်ဟစ်ရန်ဖြစ်သံ၊ အလာပ သလာပ နှုတ်ဆက်သံတို့ကိုသာ သူတို့ကြားနိုင်ကြသည်။ (ထိုလူများထဲတွင်လည်း ကျွန်တော်တို့ကဲ့သို့ ပြောဆိုနေကြသူများ ပါကောင်းပါနေနိုင်ပါသည်။ သို့သော်၊ ကျွန်တော်တို့ကလည်း သူတို့၏ အသံကို မကြားရ။ ဆူသံ၊ ဆဲသံ၊ ရေခဲရေပုံးကို ခွက်ဖြင့် ခေါက်သံ၊ ကားစပယ်ယာ၏ လိုက်မလား၊ လိုက်မလား၊ ထိုင်စီးရမယ်၊ တောင်ဥက္ကလာကိုဟု အော်ဟစ်နေသံများကိုသာ ကြားနေရပါသည်။)

အားလုံးသည် ထိုအနိမ့်စား လေလည်သံများကို ရေခဲမုန့်တစ်ခု စားသလို (အရည်ပျော်မကျခင် ခပ်မြန်မြန် စုပ်ယူပုံမျိုးဖြင့်) စားသောက်နေထိုင်ရန် အသားကျနေကြပြီဖြစ်သည်။

ကျွန်တော် ချောင်းဆိုး ကြည့်လိုက်သည်။

*





(၄)

လှည်းတန်းဈေးရှေ့ လမ်းမပေါ်တွင် ကျွန်တော်တစ်ယောက်တည်း စိတ်ပျက်နွမ်းရိစွာ အဝတ်စုတ်တစ်ထည်ကို တရွတ်တိုက်ဆွဲလာပုံမျိုးဖြင့် လျှောက်လာခဲ့သည်။ သတိရတိုင်း ကမန်းကတန်း ချောင်းကိုလည်း ဆိုးပစ်လိုက်ရသေးသည်။ ငါ့အသံကို ကြားရအောင် ဘယ်လိုပြောမလဲဟုလည်း စိတ်ထဲက တွေးနေမိ၏။ ဟား၊ ဟုတ်တာပေါ့။ ပါးစပ်နဲ့ ပြောလို့မရရင် စာနဲ့ ရေးပြီးပြောမှာပေါ့။ ချက်ချင်း သတိရသွားပြီး ဝမ်းသာအားရဖြင့် အနီးဆုံး သဘောခဲဆိုင် တစ်ဆိုင်သို့ဝင်ကာ မှတ်ဆေးဗူးတစ်ဗူး ဝယ်လိုက်၏။

လမ်းမပေါ်ပြန်ရောက်သောအခါ ငါ ဘာစရေးရင် ကောင်းမလဲ ဟု တွေးသည်။ ဈေးထိပ်နားက တိုက်ခန်းဖြင့် ဖွင့်ထားသော ဆိုင်ရှေ့၌ "စန်လုံ ရတနာရွှေဆိုင်" ဟူသော ဆိုင်းဘုတ်ကို မြင်ရ၏။ အဲ



www.burmeseclassic.com

www.burmeseclassic.com



တွက်ပြီ၊ စိတ်ထဲပေါ်လာတာက စရေးရမှာပဲဟု ကျွန်တော် ဆုံးဖြတ်လိုက်သည်။ ဆိုင်းဘုတ်ကို အသေအချာ ထပ်ဖတ် ကြည့်လိုက်သည်။

ရတနာရွှေဆိုင်. တဲ့၊ အင်း. တကယ်ဆို. ရတနာတွေ ရွှေတွေဆိုတာက ငါနဲ့မှ မဆိုင်တာဘဲဟု ကျွန်တော် တွေးမိသည်။ ဘာဖြစ်လို့ "ဆိုင်" ဖြစ်ရမှာလဲ၊ ငါ့ဘက်က ကြည့်ရင် "မဆိုင်"ပေါ့။ ကျွန်တော်က ဆိုင်းဘုတ်မှ "ရွှေ" ဟူသော စာလုံးနှင့် "ဆိုင်" ဟူသော စာလုံးတို့ကြားတွင် မှုတ်ဆေးနှင့် မြားကလေးထိုးကာ "မ" ဟူသော စာလုံးကို ဖြည့်ရေးလိုက်သည်။ အဲ. ဟုတ်သွားပြီ၊ "စန်လုံ ရတနာရွှေမဆိုင်"။

ရှေ့အနည်းငယ် ဆက်လျှောက်လိုက်သောအခါ "သန်းထိုက်ဝင်း ဖိနပ်ဆိုင်" ဟူသော ဆိုင်းဘုတ်ကို တွေ့ရပြန်သည်။ ဟုတ်ပြီ. ဒီဆိုင်းဘုတ်ကိုလည်း ပြင်ပေးရဦးမှာပဲ၊ စောစောကလိုပင် မှုတ်ဆေးဖြင့် "မ" တစ်လုံး ဖြည့်ရေးလိုက်၏။ အိုကေ. ငါကလည်း ဖိနပ်ဝယ် မစီးနိုင်တာ ကြာလှပြီပဲ၊ အခုမှ ဆိုင်းဘုတ်က မှန်သွားတာ၊ ". ဖိနပ်မဆိုင်"

နောက်ထပ်တွေ့ရသော "အဝတ်အထည်ဆိုင်" ဟူ သည့် ဆိုင်းဘုတ်ကို ပြင်ရေးနေချိန်တွင် ကျွန်တော့်အင်္ကျီ ကော်လာစကို လူ တစ်ယောက်က ဖြုန်းကနဲ ဆုပ်ကိုင်လိုက်ပြီး

"ဟေ့လူ ဒါ. ဘာလုပ်နေတာလဲ"

ကျွန်တော်က ရှင်းပြရန် ကြိုးစားသည်။

"ကုန်ပစ္စည်းတွေရဲ့ အမြတ်ထဲမှာ နယ်နိမိတ်မျဉ်းတွေရဲ့





တန်ဖိုးက နေရာယူထားတယ်ဆိုတဲ့ စီးပွားရေး သီအိုရီကို ကြားဖူးလား၊ အဲဒီထဲမှာ..."

ကျွန်တော့်စကားသံကို ထိုလူမကြားနိုင်ဆိုသည့်အချက် ကို ကျွန်တော် မေ့သွားမိသည်။ ထိုအချိန်မှာပင် လူတွေ အုံလာကြ၏။ လူအုပ်ထဲမှ တစ်ယောက်က တိုးထွက်လာပြီး ကျွန်တော့်ကို အားရပါးရ ထိုးထည့်လိုက်သည်။

"ဒီကောင်ပဲ ဒီကောင်ပဲ၊ စောစောက ငါ့ဆိုင်က ဆိုင်းဘုတ်ကို ပြင်သွားတာ"

လူတွေက တစ်ယောက်တစ်ပေါက် ဝင်ပြောကြသည်။ "လုပ်မနေနဲ့ ရိုက်သာ ရိုက်ထည့်လိုက်ကွာ" ၊ "မလုပ်နဲ့ မလုပ်နဲ့ ရဲစခန်းကိုပို့"၊ "ချ. ချ. အသေဆော်"၊ "ဒီကောင် အရူးထင်ပါရဲ့".။

သြော်. အတ္တကြီးပြီး မိုက်မဲလိုက်တဲ့လူတွေ. ဟု ကျွန်တော်စိတ်ထဲက တွေးမိ၏။ ကျွန်တော်မေ့သွားပြီး စကားပြောမိပြန်သည်။

"ရှဉ့်ညိုကလေးကိုချစ်ပါ၊ သစ်စိမ့်ပင်ကြီးကိုချစ်ပါ၊ လူသားအားလုံးကိုချစ်ပါ၊ အတ္တမှာ. သူများထက် ခေါင်းတစ်လုံးပိုချင်တဲ့ အတ္တနဲ့ အများနည်းတူ မျှတချင်တဲ့ အတ္တဆိုပြီး နှစ်မျိုးရှိတယ်၊ ဒုတိယ အမျိုးအစားဟာ သမိုင်းနိဂုံးရဲ့ နောက်ဆုံးလူသားပုံစံပဲ၊ အဲဒီတော့ ...ခင်ဗျားတို့ရဲ့ အတ္တတွေကို..."

"ခွေးမသား...၊ ပါးစပ်က တလှုပ်လှုပ်နဲ့ အသံမထွက်ဘဲ



www.burmeseclassic.com

www.burmeseclassic.com



ငါတို့ကို ကျိတ်ဆဲနေတယ်၊ ချဟော့ • ချ • ဒီကောင့်ကို မှတ်လောက်သားလောက် ရှိသွားအောင်"

ဥက္ကာပျံအပိုင်းအစတစ်ခု ကမ္ဘာမြေပေါ် အရှိန်ပြင်းပြင်း လွှင့်စင်ပဲ့ကျပုံမျိုးဖြင့် လူအုပ်ကြီးသည် ကျွန်တော့်အပေါ် ပြုပြိကျလာသည်။

ကျွန်တော် ချောင်းဆိုးလိုက်သည်။

*





(၅)

စားပွဲခုံတစ်လုံးကို မြင်ရခြင်းဆိုသည်မှာ စားပွဲခုံပေါ်ကျ နေသော အလင်းကို မြင်ရခြင်းဖြစ်ကြောင်း အတိအကျသိရန် လိုအပ်ပါသလား။ မသိလျှင် ဘာမှမဖြစ်သည့်တိုင် ကျွန်တော်ကတော့ သိဖို့ လိုအပ်သည်ဟု ထင်ချင်သည်။ လူနေမှုဘဝများ၊ အတွေ့များနှင့် အချိုးအစား မညီညွတ်သော ဆက်ဆံရေး ဂရပ်မျဉ်းများကို မြင်နေရသော်လည်း ထိုအရာများပေါ်သို့ မည်သည့် အလင်းရောင် အမျိုးအစား ကျရောက်နေသည်ကို ခွဲခြားမသိတတ်လျှင် အတော် လွဲချော်သွားနိုင်ပါသည်။ (နောက်တစ်ခုပြောရန် ရှိသည်မှာ အလင်းရောင်တိုင်းတွင် အဖြူရောင်ပါသော်လည်း အလင်းရောင် တိုင်းကတော့ အဖြူရောင်ဖြစ်လိမ့်မည် မဟုတ်ပါ) အဖြူရောင်အကြောင်း သင် ဘယ်လောက်အထိ သိထားပြီးပြီလဲဟုမေးလျှင် ကျွန်တော်တို့အားလုံး



www.burmeseclassic.com

www.burmeseclassic.com



စာမေးပွဲကျမှာ သေချာပါသည်။

ငှက်ကလေးတစ်ကောင် သီချင်းဆိုနေသံကို ကြားရ၏။ "သီချင်းဆိုနေသံ" ဆိုသည်မှာ ကျွန်တော်၏ ထင်မြင်ယူဆချက် သက်သက်မျှသာ ဖြစ်ပါသည်။ တကယ်တမ်းတွင် ငှက်တစ်ကောင်နှင့် တစ်ကောင် အကြွေးအော်တောင်းနေသော အသံလည်း ဖြစ်ချင်ဖြစ်နေ ပါလိမ့်မည်။ ကျွန်တော်မသိပါ။

မြက်ခင်းပေါ် နှင်းဦးအလင်းတွေ ဖြာကျလျက်သားရှိ၏။ ပါးလှပ်သော အစိမ်းရောင် မြက်ပင်အနားသတ်ကလေး များသည် နေခြည်နှင့် ထိသောအခါ ရွှေရောင်လက်ပနေကြ၏။ သစ်စိမ့်ပင်ကြီးမှ ကြွေကျသော အညိုဖျော့ဖျော့ ရွက်ဟောင်းတို့ သည် မြေပြင်ပေါ်မှာ ပြန့်ကျဲနေကြ၏။ သစ်ကိုင်းခွကြားတွင် မျက်လုံးကလေး ပြူးကြောင်ကြောင်နှင့် ရှဉ့်ညိုကလေး တစ်ကောင်ကို မြင်ရသည်။ နှင်းဥတုတွင် ပြာစင်ကြည်လဲ့သော ကောင်းကင်၏ အရောင်ကို တခြား မည်သည့်အပြာရောင်ကမှ လိုက်မမီဟု ကျွန်တော်ပြောရဲပါသည်။

သင် မျက်နှာသစ်ခဲ့ပြီးပြီလား။ "မင်္ဂလာရှိသော နံနက် ခင်း"ပဲပေါ့။ ဒီလိုပဲ နှုတ်ဆက်လိုက်ကြရအောင်။ မနေ့ညက ကောင်းကောင်း အိပ်ပျော်ခဲ့ရဲ့ မဟုတ်လား။ (ဝမ်းနှုတ်ဆေးပြင်းပြင်း တစ်ခွက်လောက် သောက်မထားခဲ့ဘူးဆိုရင်) လူ့ဘဝဆိုတာ လောလော ဆယ်တော့ ဒါပဲ . . . လို့ ယူဆထားလိုက်ကြစို့ရဲ့။ အိုကေ . . . နေကောင်းလား။ ထမင်းစားပြီးပြီလား။ ကလေးတွေကော ကျန်းမာတယ်နော်။ အခုတလော သိပ်ပူတာပဲ။ ကဲ . . . ပြီးရင်





အလာပ သလာပစကားတွေ ဆက်ပြောကြမယ်။ နောက်တော့ . . . အင်းလေ အလာပ သလာပ စကားတွေပဲ (ကြားလောက်ရုံ) ဆက်ပြောကြတာပေါ့။ အခုလို ခင်ခင်မင်မင်ရှိမှလည်း မနက်ဖြန်မှာ အလာပ သလာပ စကားတွေ ဆက်ပြောနိုင်ကြမှာမဟုတ်လား။ သင့်မှာ အစွမ်းကုန် ဟလိုက်လျှင် လက်လေးလုံး စာခန့်ကျယ်သော သောက်ကျိုးနည်း ပါးစပ်ပေါက်ကြီးရှိနေပြီပဲ။ သင် ပါးစပ်ဖြင့် ပီကေဝါးနိုင်သည်။ ကွမ်းတစ်ယာစားပြီး သင်သိပ်မကျေနပ်သူ၏ အကျီပေါ် ကွမ်းတံတွေးထွေးချနိုင်သည်။ (အနည်းငယ် ကြောက်တတ် လျှင်) ခပ်တိုးတိုး ဆဲရေးနိုင်သည်။ အတင်းပြောနိုင်သည်။ သို့တည်း မဟုတ် - မင်္ဂလာပါဟု နှုတ်ဆက်နိုင်သည်။

ကဲ - မိတ်ဆွေ မင်္ဂလာပါ။

* * *

ကျွန်တော့်အိမ်တွင် ကြက်တူရွေး ခုနစ်ထောင့် တစ်ရာ ခြောက်ဆယ့် ကိုးကောင်တိတိ မွေးမြူထားပါသည်။ အလာပသလာပ စကားများ၊ နှုတ်ဆက်စကားများ၊ သိပ် အရေးမကြီးလှသော နေ့စဉ်ပြောနေကျစကားများကို ကြက်တူရွေး တစ်ကောင်လျှင် တစ်ခွန်းနှုန်း သင်ကြားထားပေး လိုက်ပါသည်။ "မင်္ဂလာပါ" ဟု နှုတ်ဆက်ချင်လျှင် နံပါတ်ဆယ့်တစ် ကြက်တူရွေး၏ အမြီးကို ဆွဲလိုက်ရုံဖြစ်ပြီး "ထမင်းစားပြီးပြီလား" ဟု မေးချင်လျှင် နံပါတ်သုံးဆယ့်ခြောက် ကြက်တူရွေးဖြစ်ပါသည်။ ကျွန်တော်သည်



www.burmeseclassic.com

www.burmeseclassic.com



တစ်နေကုန် ကြက်တူရွေးတို့၏ အမြီးများကို ထိုင်ဆွဲနေခြင်းမှလွဲ၍ တခြားဘာစကားမှ မပြောတော့ပါ။ လောကကြီးကို လှောင်ပြောင်သရော်နေသော ရယ်သံတိုးတိုး ကလေးကိုမူ ကျွန်တော့် ခန္ဓာကိုယ်တွင်းမှာသာ လုံခြုံစွာထုပ်ပိုး သိမ်းဝှက်ထားလိုက်ပါပြီ။





ဂျစ်ပစီ



www.burmeseclassic.com

www.burmeseclassic.com



အဝတ်အစား စုတ်တီစုတ်ပြတ် ဝတ်ဆင်ထားသော လူတစ်ယောက် . . . ၊ သစ်ပင်အောက်တွင် ထိုင်နေသည်။ သူ့တစ်ကိုယ်လုံး ညှိုးနွမ်းပိန်ကပ်လျက် . . . ၊ ရင့်ရော်နွမ်း ရှိသော မျက်နှာပြင်ပေါ်မှ အရေးအကြောင်း အတွန့်အလိပ်များက ပါးရိုးငေါငေါပေါ်တွင် အဆီအသား ခြောက်ခန်းစွာ အရစ်ရစ် ထနေ၏။

မရိတ်မညှပ်ဘဲထားသည်မှာ ကြာပြီဖြစ်သော မီးခိုးရောင် မွဲမွဲဆံပင်ရှည်များက ပုခုံးပေါ် ဖိုးယိုးဖားယား ဝဲကျနေသလို ရှည်လျားညစ်ပေသည့် နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးများကလည်း ဘိုသီဘတ်သီနှင့် . . . ။

ထိုသူ၏ ဖြူဖျော့ဖျော့ မျက်သားအလယ်က မျက်ဆန်နက်ကြောင်ကြောင်သည် တစ်နေရာသို့ မျက်တောင်မခတ်



www.burmeseclassic.com

www.burmeseclassic.com



စိုက်ကြည့်နေ၏။ ထိုသူ စူးစူးစိုက်စိုက် ကြည့်နေသော အရာက··· သစ်ကိုင်းပေါ်မှ ငှက်တစ်ကောင်။

*

ငှက်သည် ပျံသန်းရန် အင်အားမရှိတော့သလို တောင်ပံနှစ်ဖက်ကို လျော့ရဲရဲ တွဲလွဲချထား၏။ ခေါင်းနှင့် နှုတ်သီးကလည်း ရင်အုပ်ပေါ် ငိုက်စိုက်မှိုနေသည်။

လေပြေတစ်ချက် ဖြတ်သန်း တိုက်ခတ်လိုက်သည်။

ငှက်က··· လုံးဝ ငြိမ်သက်နေ၏။

သစ်ပင်အောက်မှ လူကလည်း ငှက်ကို ဝေသီသော မျက်ဝန်းများဖြင့် ကြည့်မြဲကြည့်နေဆဲ။

သူ့အကြည့်က မီးခိုးရောင်ဖျော့ဖျော့ မှိုင်းနေလေသည်။

*

ထိုစဉ်··· သစ်ပင်အနီးသို့ ဆလွန်းကားတစ်စီး ထိုးဆိုက်လိုက်ပြီး လူတစ်ယောက် ဆင်းလာ၏။ ထိုသူ ဝတ်စားထားပုံက လူချမ်းသာတစ်ယောက်မှန်း လုံးဝသိသာ ထင်ရှားနေသည်။ ထိုသူက သစ်ပင်အောက်တွင် ထိုင်နေသော အဝတ်အစား စုတ်စုတ်ပြတ်ပြတ်နှင့်လူကို သနားကြင်နာသလို တစ်ချက်လှမ်းကြည့်လိုက်ပြီး မေးသည်။

"ဟေ့လူ···၊ ခင်ဗျား ဘာဖြစ်လို့ ဒီလောက်တောင်





မပျော်နိုင်၊ မရွှင်နိုင် ဖြစ်နေရတာလဲ"

သစ်ပင်အောက်မှလူက အကိုင်းပေါ်တွင် နားနေသော ငှက်ကလေးဆီသို့ လက်ညှိုးညွှန်ပြလိုက်ပြီး ပြန်ဖြေသည်။

"ဟို··· သစ်ကိုင်းပေါ်က ငှက်ကလေး ဝမ်းနည်း ကြေကွဲနေတာကိုကြည့်ပြီး သူ့အတွက် စိတ်မကောင်းလွန်းလို့ ကျွန်တော် မပျော်နိုင်မရွှင်နိုင် ဖြစ်နေရတာပါဗျာ"

သူ့အဖြေစကားကိုကြားပြီး··· ကားပေါ်မှဆင်းလာသူက စိတ်ရှုပ်ထွေးသွားသည်။ ထို့ကြောင့် ထပ်မေးလိုက်၏။

"ခင်ဗျားက ငှက်မှ မဟုတ်တာ···၊ အဲဒီ ငှက်ကလေး ကြေကွဲဝမ်းနည်းနေတယ်လို့ ခင်ဗျား ဘယ်လိုလုပ်ပြီး အသေအချာ ပြောနိုင်မှာလဲ"

သစ်ပင်အောက်တွင် ထိုင်နေသူက တစ်ချက်ပြုံးလိုက် ပြီး ပြန်ဖြေသည်။

"ခင်ဗျား ကိုယ်တိုင်ကလည်း "ကျွန်တော်" မှ မဟုတ်တာဘဲ။ ကျွန်တော် ပျော်ရွှင်မနေဘူးလို့ ဘယ်နှယ်လုပ်ပြီး တစ်ထစ်ချ ပြောနိုင်မှာလဲဗျာ"



www.burmeseclassic.com

www.burmeseclassic.com



# ကမ္ဘာ

ကျော်နှစ်ကောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



(၁)

သတိပြန်ရလာပြီလား . . .။

မေ့မျောနေဆဲလား . . .။

သို့မဟုတ် အသက်ရှင်မှု နယ်ပယ်ကို လွန်သော ဘုံဘဝ တစ်ခုခုသို့ ရောက်နေပြီလားဟု သူ့ကိုယ်သူပင် မဝေခွဲနိုင်သေး။ ပူစပ်ကိုက်ခဲ နာကျင်မှုကို ပြင်းပြင်းထန်ထန် စူးစူးရှရှ ခံစားနေခြင်း ကသာ အသိစိတ်ကို စတင်ဖောက်ခွဲလိုက်လေသည်။

ငါ့လက်တွေ ဘယ်ရောက်နေကြပြီလဲ . . ဟု သူတွေးဖြစ်သည်။ အတွေးသည် နာရီပေါင်းများစွာကို တရွေ့ရွေ့ ဖြတ်သန်းပြီးမှ သူ့ထံသို့ ရောက်သည်ဟု အောက်မေ့ရ၏။ စိတ်မြင်ကွင်းထဲတွင် နက်ရှိုင်း သိပ်သည်းသော အမှောင် . . .။ ဟင်းလင်းပြင် . . .။ ထိုအနက်ရောင် ဟင်းလင်းပြင်ထဲ အလင်း ကလပ်စည်းမွှားတို့ တဖြည်းဖြည်း



www.burmeseclassic.com

www.burmeseclassic.com



စုလာခိုက် စက္ကန့်စိတ် တစ်ခုတိုင်းကို အသခေျာ်ယကပ်တမျှ ကြာမြင့်ငြီးမောစွာ ခံစားရရင်း လွင့်မျောနေသည်။

မျက်နှာ…ခြေ…လက်…ခန္ဓာကိုယ် ငန်စပ်စပ်…ချွဲကျိ ပူလောင်…။ မျက်နှာ နှာခေါင်းနှင့် ပါးပြင်ပေါ်သို့ ဘာကောင်တွေမှန်းမသိ တရွရွ… တလှုပ်လှုပ်…တက်ကြ…ဆင်းကြ ဖြတ်သွားနေကြ ·ဟင်။ ဘာတွေလဲ…အဲဒါ ဘာတွေလဲ…။

မျက်လုံးအစုံကို ဖွင့်ကြည့်ရန် သူသတိရလိုက်သည်။ အိမ်ပြေးတစ်ယောက်နှယ်… ပြတင်းတံခါးကို ဖြည်းညင်း တိုးတိတ်စွာ တွန်းဖွင့်…ဖွင့်…။ ဖြုန်းခနဲ လန့်ဖျပ်ကာ တစ်ဝက် တစ်ပျက်နှင့် ပြန်ပိတ်သွား၏။ စူးရှတောက်ပသော မွန်းတည့်နေအလင်းက သူ့မျက်ဝန်းများထဲသို့ ထိုးစိုက် ခုန်ဆင်းချလိုက်သောကြောင့် ဖြစ်သည်။

အား…နေရောင်ခြည်…။ စိတ်ကို တည်ငြိမ်အောင် တဖြည်းဖြည်းချင်းကြိုးစားရင်း မျက်စိကိုပြန်ဖွင့်သည်။

ကောင်းကင်… ပြာလဲ့… တိမ်· အလင်း။

ခေါင်းကို အားယူပြီး တစ်ဖက်သို့ စောင်းငဲ့ကြည့်လိုက်တော့ ကျောက်ဆောင်တွေ…ဇင်ရော်တွေ…ဒါဆို ဒါ…ပင်လယ်ပေါ့·။

သူ့စိတ်ထဲမှ ရေရွတ်ဖြစ်သည်။ ဟုတ်တယ်…ရေလှိုင်း ပုတ်သံတွေကိုပါ…ငါကြားနေရတယ်…။

သူ့အာရုံခံစားမှုတို့သည် ခလုတ်တစ်ခုပြီးတစ်ခု နှိပ်ဖွင့်လိုက်သလို တစ်စထက်တစ်စ ပီပြင်နိုးထလာကြ၏။ ပင်လယ်ရေ၏ ငန်ကျိချွဲစေးမှုကို သူပြန်လည်အမှတ်ရလာသည်။ ခြေထောက်ကို

ကြောင်နှစ်ကောင်စာပေ



လာရောက်တိုးဝှေ့သော ပင်လယ်ရေလှိုင်းတို့ကို သူ နားလည် ပစ်လိုက်သည်။

သူ မည်သို့မည်ပုံ ပင်လယ်ကမ်းစပ်မှာ လာတင်နေရ သလဲဟူသည့် မေးခွန်းကိုဖြေရန် ကြိုးစားသည်…မရ။ ဦးနှောက် တဆစ်ဆစ် ကိုက်ခဲကာ နိမိတ်ဆိုးတစ်ခုကို ကြုံရသလို ရင်ထဲ တစ်ဆို့ဆို့ ဖြစ်လာ၏။

သဘော်ပျက်… ခရီးသည်တွေ အော်ဟစ်· သွေးရူးသွေးတန်း မုန်တိုင်း…တဝေါဝေါ· လှိုင်းဘီလူး…သေလုမျောပါး ကူးခတ်ကြ

သူ့အာရုံတွေ ရှုပ်ထွေးလာ၏။ တခြား ဘာမှ စဉ်းစားကြည့်၍ မရ… ပင်ပန်းသောကြောင့် စိတ်ကို လျှော့ချလိုက်သည်။

သူတစ်ဖန် မေ့မျောသွားလေသည်။

ကြောင်နှစ်ကောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



(၂)

သတိလည်လာလိုက်- ပြန်မေ့မှောသွားလိုက်နှင့် ဘယ်နှစ်ကြိမ် ရှိနေပြီမသိ။ နောက်ဆုံးအကြိမ် သူသတိရလာ ချိန်တွင် သူ့ခန္ဓာကိုယ်သည် သောင်စပ်တွင် မဟုတ်တော့ဘဲ ကုန်းတွင်း အမြင့်ပိုင်းလေကွယ်ရာ ကျောက်ဆောင်တစ်ခုနောက်တွင် ရောက်နေသည်ကို တွေ့ရ၏။ သူ အားယူ၍ တဖြည်းဖြည်းချင်း လိမ့်ကာ ထလိုက်သည်။

သူ လှဲအိပ်နေသည်မှာ ရွက်ဖျင်စတစ်ခုပေါ်တွင်ဖြစ် ကြောင်း အံ့ဩစွာ နားလည်လိုက်ရပြန်၏။ သူ့နံဘေးတွင် အုန်းသီးအစိမ်း အလုံးနှစ်ဆယ်ခန့်ကို ဓားဖြင့် သပ်သပ်ရပ်ရပ် ထိပ်ဝလှီးဖွင့်ကာ စနစ်တကျ တန်းစီ၍ ချထားသည်ကို တွေ့ရသည်။ အုန်းသီးတစ်လုံးကိုမ၍ အုန်းရည်ကို အငမ်းမရ မော့သောက်ပစ်လိုက်၏။

ချက်ချင်းပင် ပါးစပ်မှ ဝေါခနဲ ပြန်အန်ဆောင့်ထွက် သွားသည်။





ခေါင်းထဲ မိုက်ခနဲ ဖြစ်သွားသောကြောင့် နီးစပ်ရာ နံရံတစ်ခုကို ကမန်းကတန်း မှီနေလိုက်သည်။ ခန္ဓာကိုယ် တဆတ်ဆတ် တုန်နေ၏။ မရ . . . မရ . . .၊ လည်ချောင်းတွေ ပူလောင် . . . နှုတ်ခမ်းတွေ သွေ့ခြောက် အက်ကွဲနေသည့်မှန်း သူ့စိတ်က သင်ယူ .။ နောက် အုန်းသီး. တစ်လုံး တဖြည်းဖြည်းချင်း ငုံ့သောက် . . . နောက်တစ်လုံး။

အုန်းရည်ဝင်သွားသောအခါ လန်းဆန်းလာသည့်နှယ် စိတ်ထဲဖြစ်၏။ အစက သူလဲလျောင်းရာနေရာကို ကျောက်ဆောင်အကွယ်အကာတစ်ခုဟု သာမန်အားဖြင့် ထင်ခဲ့မိသော်လည်း အသေအချာကြည့်လိုက်သောအခါတွင်မှ သဘာဝ ကျောက်ဆောင်မဟုတ်ဘဲ လူက ပြုပြင်ဖန်တီးထားခြင်းဖြစ်ကြောင်း သိလိုက်ရ၏။ ကျောက်ဆောင်သည် လူတစ်ရပ်သာသာမြင့်ပြီး မျက်နှာစာ သုံးဖက်ကပတ်လည် ကာရံထားသောကြောင့် နံရံသုံးဖက်သဖွယ်ဖြစ်နေသည်။ အမိုးကို ကျောက်သားတစ်ဝက်၊ ရွက်ဖျင်စတစ်ဝက် မိုးထား၏။ အောက်ခြေကိုလည်း ရွက်ဖျင်စများ ဝါးကပ်များ ဟိုတစ်ကွက် ၊ သည်တစ်ကွက် ကျိုးတိုးကျဲတဲ ခင်းထားသည်။

အတော်အတန် ကျယ်ဝန်းသော်လည်း ထင်းရှူးသေတ္တာ တစ်လုံးမှလွဲ၍ လူ့အသုံးအဆောင်ပစ္စည်းဟူ၍ တစ်ခုမှ မတွေ့ရခြင်း၊ အဝင်ဝတွင် အကာအရံမဲ့ ဟင်းလင်းဖြစ်နေခြင်း တို့ကြောင့် အိမ်နှင့် မတူဘဲ ဂူနှင့်ပို၍ တူနေလေသည်။ လက်ဝဲဘက်နံရံတွင် ကျောက်တုံး တစ်နေရာစာ လစ်လပ်ကာ ပြတင်းတစ်ခုသဖွယ် ဖြစ်နေသည် (သို့မဟုတ်) တမင်ပြုလုပ်ထားသည်ကို သူသတိ ပြုမိလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ အပြင်အပသို့ ကြည့်ချင်လာ၏။ ဒူးထောက်၍ ကျောက်သားပြတင်းပေါင်ကို လှမ်းကိုင်ကာ မျက်နှာကို အပေါက်ဝနှင့် ဆွဲကပ်ယူလိုက်သည်။

ဟိုး . . . ခပ်လှမ်းလှမ်းတွင် ကျောက်သားပါးပါး မြေသားထုကောင်းကောင်းနှင့် တောင်ပူစာမြင့်တစ်ခု။ ထိုတောင်ပူစာ တွင် ဆောက်လက်စ သစ်သားအဆောက်အအုံတစ်ခု။ အဆောက်အအုံပုံစံက ရိုးရိုးစင်းစင်း . . .။ သေတ္တာအကြီးစား တစ်လုံးနှယ်သာဖြစ်၏။ သို့သော် အကာအရံများက စေ့စေ့ပိတ် မနေ။ သစ်လုံးတိုင်အသေးစားများကိုသာ ခပ်စိပ်စိပ် စိုက်ထားသည်။

ထိုအဆောက်အအုံ၏ ဘေးတွင်ကား သစ်သားများ၊ တူ၊ လွှများဖြင့် အလုပ်ရှုပ်နေကြသော . . . လူသားသုံးဦး။

လူ၊ လူ၊ အသွေး . . . အသား . . . ခန္ဓာ . . . ဦးနှောက်နှင့် လူသားများ . . .။

ယခုအချိန်တွင် သူ့ အမျှော်လင့် အတောင့်တဆုံး၊ အတွေ့ချင် အမြင်ချင်ဆုံး သက်ရှိသတ္တဝါများ . . .။

အား . . . .။

ပထမဦးဆုံးအကြိမ်အဖြစ် အသက်ကို အားပါးတရ ရှူသွင်းလိုက်၏။ ဆားငန်နံ့သင်းသော ပင်လယ်လေ လတ်လတ်ဆတ်ဆတ်သည် သူ့အဆုတ်တွင်းသို့ အပြည့်အသိပ် တိုးဝင် လာလေသည်။





(၃)

သူနှစ်ခြိုက်စွာ အိပ်မောကျနေရာမှ လန့်နိုးလာသည်။ သူ့လက်မောင်းများကို တစ်စုံတစ်ယောက်က ဆုပ်ကိုင်လိုက် သည့်နှယ် ခံစားရသောကြောင့်ဖြစ်၏။ သူမျက်စိ ဖွင့်ကြည့်လိုက် သည်။

လူနှစ်ယောက်က သူ့လက်မောင်း တစ်ဖက်တစ်ချက်စီမှ ဆုပ်ကိုင်ထားကြပြီး ကျန်တစ်ယောက်က သူ့ခြေထောက်အစုံကို မထားသည်။ ဖြုန်းခနဲ သုံးယောက်သား သူ့ကို တစ်ပြိုင်နက် ပွေ့မလိုက်ကြ၏။ မရုန်းနိုင် . . . ရုန်းရုန်လည်းသတိမရ။ သူတို့ ဘာလုပ်ကြသည်ကို သူမသိ . . .။ တအံ့တသြ ဖြစ်လျက်သား ငေးကြောင်နေမိသည်။ သူဘာမှ မပြောလိုက် နိုင်မီမှာပင် ဂူအပြင်သို့ ရောက်လာ၏။ ပင်လယ်စွန်းတစ်ဖက် ဆီမှ လဲလျောင်း ပျော့ခွေကျလာသော ဆည်းဆာနေ အလင်းအောက်တွင် သူ့ကိုယ်ခန္ဓာ



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာများကို မြင်ရသည်။

ကျောက်ဆစ်ရုပ်တုများသဖွယ်၊ ပကတိ အေးစက် မတုန်မလှုပ် မျက်လုံးတို့ကလည်း ဖွင့်ထားလျက်နှင့် မမြင်ရလောက်သယောင် ခံစားချက်မဲ့သော လူသေကောင် မျက်နှာများ။

ပုပ်အဲ့အဲ့ ညနေ၏ အရောင်သည် သူတို့၏ မျက်နှာတစ်ခြမ်း ဆီပေါ်သို့ ကျနေ၏။ သူတို့၏ မုတ်ဆိတ်မွေးများ၊ ပါးမြိုင်းမွေးများ၊ ချိုင့်ခွက်ဝင်နေသော မျက်တွင်းဟောက်ပက်များ၊ ငေါထွက်နေသော ပါးရိုးများကို ဖြတ်သန်းပြီးသောအခါ နေရောင်သည် ပို၍ စေးထန်းခွဲ ပျစ်သော အညိုမှိုင်းမှိုင်းအဖြစ်သို့ ပြောင်းလဲသွားသည်ဟု အောက်မေ့ရ၏။ သူတို့သုံးဦးစလုံးက အရောင်လွင့်၍ အနားများ ဖွာလန်စုတ်ပြတ်နေသော ဂျင်းဘောင်းဘီ အဟောင်းအနွမ်းများကို ဝတ်ထားကြ၏။ ပခုံးရင်းမှ စုတ်ပြတ်ကာ အင်္ကျီလက်များ မရှိကြတော့ပြီဖြစ်သော သူတို့၏ ရှပ်အင်္ကျီများသည် ပင်လယ်ရေအထိများသောကြောင့် ဆွေးရိနေကြ၏။ လူတစ်ယောက်၏ခါးတွင် အမေရိကန် တောလိုက် ဓားမြှောင်ရှည် တစ်လက်ကို ပတ္တျူဖျင်အိတ်ဖြင့်ထည့်ကာ ချိတ်ထားသည်ကို တွေ့ရ၏။ သူက လည်ချောင်းတစ်ချက် ရှင်းလိုက်ပြီး စကားပြောရန် အားယူလိုက်သည်။

"ဒီ . . . ဒီမှာ . . ."

စကားသံက ပီပီသသ ထွက်မလာ။ လည်ချောင်းထဲ လေတိုးသည့် ခံစားမှုဥပင် ဆားပွင့်များ တဂျစ်ဂျစ်ဖြင့် ရုပ်တိုက်ပါ နေသယောင် ထင်ရ၏။





သူ့စိတ်ကို တည်ငြိမ်စွာထား၍ ပတ်ဝန်းကျင်ကို သတိပြုမိ သည့်အချိန်တွင် သူနံနက်ပိုင်းက မြင်ခဲ့ရသော သစ်သား အဆောက်အအုံရှိရာ တောင်ပူစာ၏ ခြေရင်းသို့ပင် ရောက်နေပြီ ဖြစ်သည်။ သူ ထပ်၍ကြိုးစားလိုက်ပြန်သည်။ သည်တစ်ခါတွင်

"ကျေးဇူးပဲ . . . ကျေးဇူးတင်တယ် နောင်ကြီးတို့ . . ."

သူ့အသံ အက်ကွဲကွဲကို ထိုလူသုံးယောက်စလုံး အသိအမှတ် မပြုကြ။ မကြားသည်ဟန်ဖြင့် သူ့ကို သယ်ပိုးမြဲ သယ်ပိုးလျက် တောင်ပူစာထိပ်သို့ ခပ်သွက်သွက် လှမ်းနေကြသည်။

"နောင်ကြီးတို့ကော ကျွန်တော့်လို သင်္ဘောပျက်ပြီး ရောက် လာတာလား . ."

စကား အတုံ့အပြန်မရ။

"ရောက်တာကြာပြီလား . . . ဒီကျွန်းက ဘာကျွန်းလဲ . . ."

မကြားဟန် တမင်ပြုနေကြသည်။

"သင်္ဘောတွေလာရင်တော့ ကျွန်တော်တို့ကို ကယ်မှာပေါ့ နော် . . ."

သူ့အသံတွင် မျှော်လင့်ခြင်းတို့ တဝုန်းဝုန်းမြည်အောင် လှိုင်း ထန်။ ထိုလူသုံးယောက်၏ နှုတ်ခမ်းများက တိတ်ဆိတ်စေ့လျက် . ။

တောင်ပူစာထိပ်သို့ ရောက်လာ၏။ သူ မသက်သာတော့။ ထိုလူသုံးယောက်လက်ထဲမှ အတင်းရုန်းထွက်သည်။ ခန္ဓာကိုယ်ကို ကျုံ့ ၍ နောက်သို့ယို့သည်။ ခြေဖြင့်ကန်သည် . . . မရ။ ခါးလိမ်၍ ပစ်လှဲသည် လွန့်သည်၊ လူးသည် မရ။ သူ အလန့်တကြား နားလည်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အား။

အကျဉ်းထောင် ...။ အကျဉ်းထောင် ။

နံနက်ပိုင်းက သူမြင်ခဲ့ရသော ဆောက်လက်စ သစ်သား အဆောက်အအုံသည် သူ့အတွက် သီးသန့် ရည်ရွယ်ထားသည့် အကျဉ်းထောင်တစ်ခုသာ ။

ထိုလူသုံးယောက်သည် သစ်သားလှောင်အိမ်အတွင်းသို့ သူ့ကို တွန်းထည့်လိုက်ပြီး တံခါးကိုပိတ်ကာ မင်းတုံးချလိုက်ကြတော့၏။





(၄)

သောကတွေ ငွေရည်ဖွဲ့ကာ အိုင်ထွန်း၍ လာသည်။ စိုးရိမ်ခြင်း၊ အားငယ်ခြင်း၊ ဝမ်းနည်းကြေကွဲခြင်းတို့သည် တုထည်ကြီးမားသော အပူမီးတောက်တစ်ခုဖြစ်ကာ ရင်ဘတ်ကို တွန်းကန်နေပုံသည် ပွက်ပွက်ဆူနေသော ရေနွေးအိုးတစ်လုံး၏ အဖုံးနှင့်တူနေ၏။ သံကုန်ဟစ်ခေါ်ရလွန်း၍လည်း လည်ချောင်းတွေ ခြောက်ကပ်လှပြီ။

သူ့ကိုမည်သူမျှ ဂရုမစိုက်ကြ။ သူတို့ဘာသာ ငါးများ သူကများသည်။ အုန်းသီးခူးသည်။ ကမ်းပေါ်လာတင်သော လင်းပိုင်သေများမှ အဆီထုတ်သည်။ ခင်တန်းအစပ်တွင် ပေါက်နေသော သစ်ပင်ချုံနွယ်များမှ အသီးအရွက်များကို ဆွတ်ကာ ဟင်းချက်သည်။ စမ်းပေါက်များမှ သောက်ရေချိုခပ်သည်။ အချိန်တန်လျှင် တစ်ယောက်က သူ့ထံသို့ စားသောက်စရာ လာပို့သည်။ ရေချိုဘူးကို လည်းထည့်ပေး



www.burmeseclassic.com

www.burmeseclassic.com



သည်။ ပြီးလျှင် သူတို့နေထိုင်ရာ ဂူကလေးဆီသို့ ပြန်သည်။ မေး လျှင်လည်း စကားတစ်ခွန်းမှမပြော။ သူတို့ကို ဆဲလျှင်လည်း မည်သို့မျှ မတုံ့ပြန်။ ထူးဆန်းသည်မှာ သူတို့အချင်းချင်းလည်း စကားမပြောကြ။

ပင်လယ်၏ ပခုံးစွန်းပေါ်ဖြန့်၍ ကျသောလရောင်သည် တစ်စုံတစ်ယောက်နှင့် ပြေလည်ရန် အတတ်နိုင်ဆုံး မျက်နှာချိုသွေးနေရသူ တစ်ယောက်နှယ် နူးညံ့လှပစွာ ဒေါသဖြစ်နေ၏။ သူ့ အကျဉ်းထောင်ရှိရာ တောင်ပူစာသည် ကျွန်း၏ အမြင့်ဆုံး အပိုင်းတွင် ရှိသောကြောင့် အားလုံးကို သူ့အပေါ်စီးမှ ကြည့်ရမြင်ရသကဲ့သို့ရှိ၏။

ည၏ လေချွန်သံတို့ကို တရှီးရှီး ကြားနေရသည်။ ပင်လယ်မှ လာသော လေငွေ့ထဲတွင် ချောက်ချားစရာကောင်းသော ဝိဉာဉ်များ အပြည့်အသိပ် တိုးဝင်လာကာ သူ့ကိုဝိုင်း၍ ကျိန်စာတိုက်နေကြ သည်ဟုပင် ထင်စရာကောင်းနေ၏။

ကမ်းစပ်နှင့် မနီးမဝေးကျောက်ဆောင်အကွယ်တစ်ခု၏ နောက်တွင် တဟုန်းဟုန်းတောက်နေသော မီးပုံငယ်တစ်ခုကို သူ လှမ်းမြင်နေရသည်။ မီးပုံဘေးတွင် အရိပ်မည်းကြီးသုံးခုသည် ပဋ္ဌလက် မော်ဆန်ဆန် ပိန်လိုက်ကိုင်းညွတ်ကာ အလွန်အမင်း ရှည်လျားနေ၏။ မီးတောက်ယိမ်းနွဲ့လိုက်သည်နှင့်အမျှ ထိုအရိပ်ကြီးများ တဆတ်ဆတ် ရမ်းခါသွားပုံမှာ တစ်ယောက်ပေါ်တစ်ယောက် ခုန်အုပ်၍ ကုပ်ကို လိမ်ချိုးနေကြသည်ဟုပင် ထင်ရမှတ်ရသည်။ သူဝမ်းနည်းလာပြန်သည်။

ထိုလူသုံးယောက်သည် မီးပုံကို ဝိုင်းပတ်၍ ထိုင်နေ လျက်သားရှိကြ၏။ တစ်ယောက်က မီးပုံဘေးတွင် စိုက်ထားသော





တံစို့မှ ငါးကင်ကို ဖြုတ်ယူကာ ဖြည်းဖြည်းချင်း ဝါးစားနေသည်။ တစ်ယောက်က ကျောက်သားနံရံကို မှီ၍ ကောင်းကင်ကို မော့ကြည့် နေသည်။ ကျန်တစ်ယောက်ကမူ ပင်လယ်ဆီသို့ ငေးနေ၏။ ပင်လယ် . . . လရောင် . . . လူသုံးဦး . . .။

ညရှုခင်းသည် ကျောက်ဖြူသားဆန်ဆန် နူးညံ့နေလေ သည်။

အမိပွါယ်ဆိုတာဘာလဲ . . . ဘယ်သူက ဘယ်သူ့ကို အမိပွါယ်ရှိပေးရမှာလဲ . . .။ ငါကရော ဘယ်သူ့ကို အမိပွါယ် ရှိပစ်လိုက်ရမလဲ . . . သူ့အတွေးတွေ လွင့်နေသည်။ အမြင့်ဆုံး သစ်ပင်ကြီးတစ်ပင်၏ ထိပ်ဖျားတွင် ချည်နှောင်ထားသော အနီရောင် အဝတ်စ တဖျပ်ဖျပ် လူးလွန့်နေသည်ကို သူငေးကြည့်နေဖြစ်ပြန်သည်။ သူ ငေးကြည့်နေဖြစ် . . .။ ထိုသစ်ပင်၏ အောက်ခြေတွင် ဖိုထားသော မီးပုံမှ လွင့်လွင့်တက်လာနေသော မီးခိုးများကို . . .။

ထိုအဝတ်စနှင့် နေ့ရောညပါ မပြတ်ဖိုထားသော ထိုမီးဖိုကို သူစတင်၍ အချုပ်အနှောင်ခံရသည့် နေ့မှာကတည်းက သတိပြုမိ၏။ အနီးအပါးက ဖြတ်သွားမည့် သင်္ဘောတစ်စင်းတလေ ရှိခဲ့လျှင် လာရောက်ကယ်ဆယ်နိုင်ရန် အချက်ပြထားခြင်းဖြစ်မည် ဟု သဘော ပေါက်ထားခဲ့သည်။

သူ့မျှော်လင့်ခြင်းတို့သည် မီးခိုးငွေ့တို့နှင့်အတူ လွင့်၍ လွင့်၍ တက်ကာ ကမ်းခြေတစ်နေရာဆီသို့ ရှက်လွင့် ထွက်ခွာ သွားကြလေ သည်။

ဘာလိုလို့နဲ့ ငါဒီကျွန်းပေါ်ရောက်နေတာ တစ်လကျော်



www.burmeseclassic.com

www.burmeseclassic.com



မြည်တော့မှာပါလားဟု သူတွေးဖြစ်၏။ နေ့ရက်တို့သည် မည်သို့မျှ ကုန်ဆုံးနိုင်ဖွယ်မရှိဟုပင် မှတ်ထင်ရသည်။





(၅)

လူအဖွဲ့အစည်း•

သေခြင်းနှင့် ရှင်ခြင်း၏ လှည့်စားမှု

နိဂုံး •••သို့မဟုတ် •••နိဒါန်း

အစပြုသယ် •••။

သူ လူအဖွဲ့အစည်းသုံးရပ်ကို ကြုံဖူးပြီ။ ကုန်ထုတ်လုပ်မှုနှင့် Civilization တို့ အရှိန်အဟုန်ကောင်းစွာ စီးဆင်းနေသော သူနေထိုင်ခဲ့ဖူးရာ ကမ္ဘာမှ လူအဖွဲ့အစည်း•••။ ယခု သူရောက်နေသော အကျဉ်းထောင် •••တစ်နည်းအားဖြင့် ပြောရလျှင် အခြေခံရပ်ဝတ္ထုလိုအပ်ချက်တို့ကို အဆင်သင့်စွာ ရရှိနေသည့်တိုင် လွတ်လပ်ခြင်းကင်းသော မိမိ၏ ကံကြမ္မာကို မိမိ မဆုံးဖြတ်နိုင်သော သူတစ်ဦးတည်း ပါဝင်သည့် လူအဖွဲ့အစည်း•။ နောက် •••ဟိုးရှေ့က သဲသောင်ပြင်



www.burmeseclassic.com

www.burmeseclassic.com



ပေါ်တွင် ငြိမ်သက်စွာထိုင်နေကြသော လူသုံးဦး၏ အဖွဲ့အစည်း။

သေခြင်းသည်လည်းကောင်း၊ ရှင်ခြင်းသည်လည်းကောင်း သူ့အားလှည့်စားခဲ့ပြီ။ မိမိ၏ လူသားဆိုင်ရာ ဖန်တီးနိုင်စွမ်းအားနှင့် အခွင့်အရေးတို့သည် မိမိပိုင်ပစ္စည်းဖြစ်သည်ဟု ယုံကြည်နေခဲ့စဉ် နောက်ဆုံး အနိုက်အတန့်အထိ အသက်ရှင်မှုကို အရှူးအမူး ဆုပ်ကိုင်ခဲ့သည်။ သေခြင်းတရားသည် စိတ်နှလုံး ညစ်ညူးနောက်ကျိဖွယ် အပုပ်အစပ်၊ အချွဲအပျစ်တစ်ခု၊ အဆိုးဝါးဆုံး ဖျက်ဆီးနိုင်စွမ်းတစ်ခုအဖြစ် ယူဆခဲ့၏။ သို့သော် ထိုဆိုးဝါးမှုထက်ပိုသော အဆိုးဝါးလွန် အမည်နာမမဲ့ အင်အား တစ်ခု၏အောက် တွင် နစ်မြုပ်သွားခဲ့ရသည့်နောက်တွင်ကား အတွေးအခေါ် ပြောင်းလဲဖြစ်ခဲ့ပြီ။ လောလောဆယ်တွင် သေခြင်းတရားကိုသာ သူပြန်လည်တောင့်တနေမိသည်။ နိဂုံးလည်းမဟုတ်၊ နိဒါန်းလည်း မဟုတ်သော အခြေအနေတစ်ရပ်တွင် သူပါပါဝင်အမည်နာမမဲ့ မနေလိုတော့ပါ…။ တစ်ခုခု… သူ့ဘဝအတွက်… တစ်ခုခုကို စာတန်းထိုးပေးဖို့…။

မည်သည့်စာတန်းထိုးမှုသည် သူ့ဘဝ၏ အဓိပ္ပါယ်ဖြစ်မည်နည်းဟူသည့်အတွေးကိုသာ သူအခါခါ တွေးနေဖြစ်တော့သည်။

ညသည် သူ၏ကိုယ်ခန္ဓာကို ပင်လယ်ထဲတွင် နစ်မြုပ်၊ ဦးခေါင်းကို ကျွန်းငယ်ကလေးပေါ် မှေးတင်ကာ အိပ်စက်လျက်သားရှိ၏။

ည၊ လရောင်၊ ပင်လယ်နှင့် လူသားသုံးဦး။

တစ်ဦးက သဲသောင်ပြင်ပေါ်တွင် လဲလျောင်း အိပ်စက်နေသည်။

ကျောင်းနှစ်ကောင်စာပေ



တစ်ဦးက ကျောက်သားအစွန်းတစ်ခုပေါ်တွင်ထိုင်ကာ ပင်လယ်ဆီသို့ ငေးကြည့်နေသည်။

တစ်ဦးက လရောင်အောက်တွင် တစ်လှမ်းချင်းလျှောက်ရင်း ကျောက်သားဂူကလေးရှိရာ ကုန်းမြင့်ဆီသို့ တက်လာနေသည်။

ကျောင်းနှစ်ကောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



(၆)

နံနက်ခင်းသည် သတ္တုဆွန့်ဆန် သစ်လွင်နေသည်။

သူ့ကို ချုပ်နှောင်ထားရာ ကုန်းမြင့်ကလေးဆီသို့ လူတစ်ယောက် တက်လာနေ၏။ လက်ထဲတွင် ရေဘူးတစ်ဘူးနှင့် ငါးကင်တစ်ကောင်ကို ကိုင်ထားသည်။ ထုံးစံအတိုင်း နံနက်စာအတွက် လာပို့ခြင်းဖြစ်ကြောင်း သူသိလိုက်သည်။

မတင်းလွန်း၊ မလျော့လွန်းသော အနေအထားဖြစ်နေစဉ် သူ့စိတ်ကို သူပြင်ဆင်လိုက်သည်။ နားလည်နိုင်ရန် နောက်ဆုံးအကြိမ်အဖြစ် သူကြိုးစားလိုက်တော့မည်။ သူတို့သည် ကျွန်းနေ အရိုင်းအစိုင်းများ မဟုတ်မှန်း သူတို့ကိုင်ဆောင်ထားသော ကုန်ထုတ်ကိရိယာ "တန်ဆာပလာ"များက သက်သေခံနေသည်။ ပညာတတ်များဖြစ်ကြောင်းကိုလည်း သူတို့၏ မျက်လုံးများကို ကြည့်ရုံဖြင့် သိနိုင်သည်။





စကားမပြောခြင်းကရော• ဘာကြောင့်••ဘာသာဗေဒ ကျဉ်းမြောင်းမှု (တစ်နည်း) ဘာသာဗေဒ ကွာခြားမှုကြောင့်လား။ ခါတိုင်းလိုပင် သူ့အတွေးကို သူကိုယ်တိုင် အခုံးမသတ်တတ်။

သူတို့သည် ယဉ်ကျေးမှုထွန်းကားရာ ကမ္ဘာမှ လူသားများဖြစ်ကြောင်းနှင့် သင်္ဘောပျက်၍ သည်ကျွန်းပေါ် လာတင်နေခြင်းဖြစ်သည် ဟူသော ကောက်ချက်ကိုသာ သူ အနိုင်အမာ ချတတ်တော့သည်။

သူတွေးနေခိုက်မှာပင် ထိုလူက အနီးသို့ရောက်လာကာ သစ်သားတိုင်များကြားမှ ရေဘူးနှင့် ငါးကင်ကို လှမ်းပေးသည်။ သူက လှမ်းပေးနေသော လက်နှစ်ဖက်ကို ဖျတ်ခနဲ တင်းကျပ်စွာ ဆုပ်ကိုင်လိုက်ပြီး •။

"ဒီမှာ ကျုပ်ကို ခုချက်ချင်း လွှတ်ပေးစမ်းပါ •••ကျုပ်ဟာ ခင်ဗျားတို့ကို အန္တရာယ်ပေးမယ့်သူလည်း မဟုတ်ဘူး။ ဒုက္ခသည်တစ်ယောက်ပါဗျာ။ ခင်ဗျားတို့လို ဒုက္ခသည် တစ်ယောက်ပါ။ ကျွန်တော့်ဘဝကို အနည်းဆုံး ကျွန်တော့် ဘာသာ မျှော်လင့်ခွင့်လေးတော့ပေးပါ။ ကျွန်တော် ခင်ဗျားတို့ လို လွတ်လပ်ချင်တယ်။ ခင်ဗျားတို့ အိမ်ကို ပြန်ရောက် ချင်သလိုပဲ ကျွန်တော်လည်း ပြန်ချင်တယ်။ သင်္ဘော တစ်စီးစီးက လာကယ်ရင် ခင်ဗျားတို့နဲ့အတူ ကျွန်တော့်ကို ပြန်လိုက်ခွင့်ပြု •••"

ထိုလူက လက်ကို ဆတ်ခနဲ ရုန်းထွက်လိုက်သည်။ ရေဘူးနှင့် ငါးကင်သည် မြေပေါ်သို့ ဖုတ်ခနဲပြုတ်ကျသွားသည်။ ထိုလူ၏



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာပေါ်တွင် အပြုံးတစ်ခုကို မြင်လိုက်မိသလို ထင်ရ၏။ ထိုအပြုံးသည် သူ့ကို စက်ဆုပ်ရွံရှာသည့် အပြုံး မုန်းတီးမှု၏ သင်္ကေတကို ပိ၍ နက်ရှိုင်းစွာ ထုဆစ်ပြသော အနုတ်လက္ခဏာ အပြုံးသာဖြစ်လေသည်။





(၇)

မသိစိတ်၏ စေ့ဆော်မှုကြောင့် ဖျတ်ခနဲ သူအိပ်ရာမှ လန့်နိုးလာသည်။ အသံတစ်သံ ကြားလိုက်ရသလို ထင်မိသည်။ အမှန်စင်စစ် ဘာသံမှ မကြားရ။ သူကြောင်စီစီ ဖြစ်နေသေး၏။ နောက်မှ ခွန်အားတစ်စုံတစ်ရာက သတိပေးလိုက်သည့်နှယ် လှသုံးယောက်နေထိုင်ရာ ကျောက်ဂူကလေးဆီသို့ လှမ်းကြည့်ဖြစ်သွားသည်။ သူ့အကြည့်သည် ကျောက်ဂူကလေးအထိ အရောက်သွားစရာ မလိုတော့။ လှသုံးယောက်သည် သူတို့၏ အကျီမျှား ကိုချွတ်ကာ ဝေယံမ်းရင်း သောင်ပြင်ဆီသို့ ပြေးဆင်း နေကြသည်။ သူ့အကြည့်သည် သောင်ပြင်ဆီသို့ လိုက်သွား၏။ ထိုမှတစ်ဆင့် ရေစစ် ထိုမှတစ်ဆင့် ပင်လယ်။

မြင်းကွင်းက ရင်ဘတ်ကို တိုးလျှိုဖောက် ဆောင့်ဝင်



www.burmeseclassic.com

www.burmeseclassic.com



ထောက်ထွက်သွားသည်။ သဘော်တစ်စင်း သေချာသည်။ ပင်လယ်ကူး သဘော်တစ်စင်း။

ဟော သဘော်ပေါ်မှ အသက်ကယ်လှေတစ်စင်း ချနေသည် ကိုပင် မြင်ရပြီ . . .။ အရာရှိဝတ်စုံနှင့် လူတစ်ယောက်၊ အခြား သဘော်သားများ၊ အသက်ကယ်လှေသည် ရေပြင်နှင့်ထိပြီ။

ဟိုလူသုံးယောက် . . .ဟိုလူသုံးယောက်ကော။

သူတို့ရေစပ်တွင်ဆင်း၍ အသက်ကယ်လှေအလာကို စောင့် နေကြ၏။

အို- သူတို့ လိုက်သွားကြတော့မှာပါလား။

မျက်ရည်တွေ သူ့ပါးပြင်ပေါ် စီးကျလာသည်။ ခြေထောက်များ မရှိတော့သလို သူ ခွေယိုင်လဲကျသွား၏။ သစ်သားတိုင်များကို တင်းတင်းကျစ်ကျစ် ဆုပ်ကိုင်ထားရာမှ လက်ကိုမဖြေနိုင်သေး-။

သူတို့ ပြန်လိုက်သွားကြတော့မယ် . . .ကမ္ဘာမြေကို . . . ငါ နေထိုင်ခဲ့ဖူးရာ . . .ပျော်ရွှင်ခဲ့ဖူးရာ ကမ္ဘာမြေကို . .။ ငါ့မှာတော့ တစ်ယောက်တည်း ကျန်ခဲ့ . . .ငတ်ပြတ် . . .သေဆုံး။

အိုး- မဖြစ်ရဘူး . . .ဒါ . . .မဖြစ်ရဘူး-။

သူ ဆတ်ခနဲ ထထိုင်သည်။ ပင်လယ်သို့ တည့်တည့် မျက်နှာ မူကာ အသံကုန်အော်ဟစ်လိုက်သည်။

ဟေ့ . . .ငါ့ကို . . .မ . . .ထား . . .ခဲ့ . . .ကြ . . .ပါ နဲ့ . . .။

ပင်လယ်ကို ဖြတ်သန်းတိုက်ခတ်လာသောလေ၏ ငူငူမြည်





သံနှင့် လှိုင်းသံ တဝုန်းဝုန်းတို့သည် သူ့စကားလုံးတိုင်းကို အညှာအတာ ကင်းမဲ့စွာ ဖိညှစ်ချေမှုပစ်လိုက်တော့၏။ တဖြည်းဖြည်းနှင့် သူ့အသံ တိမ်ဝင်သွားသည်။ မျက်ရည်တို့သာ ပို၍ စီးကျလာတော့၏။ လှေသည် ရေစပ်သို့ရောက်ပြီ။ လှေပေါ်မှ အရာရှိနှင့် ထိုလူသုံးယောက်တို့ အပြန်အလှန် စကားပြောကြ၊ သဘော်သားနှင့် အရာရှိတို့ ဒူးဆစ်ခန့် ရှိသော ရေထဲမှဖြတ်၍ လမ်းလျှောက်လာ . . .သူ့မျက်လုံးကို မျက်ရည် တွေဖုံး . . .သဘော် . . .ဟိုလူသုံးယောက် . . .အရာရှိနှင့်စကားပြော သူ မျက်ရည် . . .အမြင်ဝါး . . .။အရာရှိက ဟိုလူသုံးယောက်ကို ပခုံးဖက်လျှက် ရယ်မောနေ။

သူ့ရင်ထဲမှာ နာကျင် . . .မေ့မျှောသွားမတတ် . . .မျက်ရည် ရှိုက်ကာ ရှိုက်ကာ ငိုမိ . . .နောက် စိတ်ကိုပြန်တင်း။ နောက်ဆုံး အကြိမ်အဖြစ် ကြိုးစားကြည့်ရန် သူ့ပါးစပ်ကို အကျယ်နိုင်ဆုံးဟလိုက်။ သို့သော် သူမအော်နိုင်ခဲ့။ အံ့အားသင့်စွာ မျက်ရည်များဖုံးကာ သူ့မပီပိုးတဝါးမြင်ကွင်းထဲတွင် အရာရှိနှင့် သဘော်သားတို့ သူ့ရှိရာ အချုပ်ခန်းဆီသို့ လာနေကြသည်ကို မြင် . . .လိုက် . . .ရ။



www.burmeseclassic.com

www.burmeseclassic.com



(၇)

အိပ်မက် မက်နေသလိုပင်။

အကြား . . . အသိ . . . အတွေး . . . ကင်းလျက် သူ လမ်းလျှောက်နေရသည်။ လျှောက်နေသည် . . . သူ . . . လမ်း . . . သောင်စပ် . . .။

သူ့ကို သဘော်သားနှစ်ဦးက တွဲလာသည်။ သောင်စပ်ကိုလွန်ကာ ပထမဦးဆုံး လှမ်းလိုက်သည့် သူ့ခြေတစ်ဖက်သည် ပင်လယ်ရေအေးအေးနှင့် စတင်ထိလိုက်သည်။ နှလုံးသားထဲအထိ ကျင်ခနဲဖြစ်။ ထိုအသိကပင် သူ့ကို လှန့်နိုးလိုက်သလိုဖြစ်သွားသည်။

ဟိုလူသုံးယောက် - ဘယ်မှာလဲ . . .။

သူ ဆတ်ခနဲ လှည့်ကြည့်ဖြစ်သွား၏။ လူသုံးယောက်သည် ရေစပ်နှင့် ခပ်လှမ်းလှမ်း သောင်ပြင်တစ်နေရာတွင် အေးဆေးတည်ငြိမ်စွာ





လက်ပိုက်လျက် သက်တောင့်သက်သာ မတ်တပ်ရပ်ကာ သူ့ကို ငေးကြည့်နေကြ၏။ လေ၏ ခပ်ကြမ်းကြမ်း အတိုးအဝှေ့ကြောင့် သူတို့၏ ဘောင်းဘီအကျႌစတွေ တဖျပ်ဖျပ် ခါယမ်းနေကြလေသည်။ သူတို့ကား ပကတိ ကျောက်ရုပ်။

“ဟေ့ လူတွေ . . . လာလေဗျာ၊ လာကြလေဗျာ . . . သွားမယ် . . . သွားမယ် . . . အိမ်ပြန်ကြမယ် . .”

သူ့ပါးစပ်မှ ထွက်လာသောအသံကို သူကိုယ်တိုင်ပင် မမှတ်မိ။ ဝမ်းသာကြည်နူးမှုဖြင့် အသံလှိုင်းတွေ တလှပ်လှပ် အရောင်ပြောင်းနေကြသည်။ သူ့နှလုံး ပြင်းထန်စွာ ခုန်နေပုံမှာ နံရိုးများကို အတွင်းမှ လှမ်းဖြင့်တိုက်နေသလိုပင် အောက်မေ့ရ၏။ သူ လက်တွေကို ဝှေ့ယမ်းသည်။ လက်ယပ်ခေါ်သည်။ လာကြ . . .။ နှုတ်မှ အော်ဟစ်ခေါ်ငင်သည်။ လာလေ . . . လိုက်ခဲ့ကြ . . .။ လက်ကိုဝှေ့ယမ်း . . . အော်ဟစ်ခေါ်ငင် . . .။ ဟိုလူသုံးယောက်က သူ့ကိုကြည့်ကာ တစ်ချက်ပြုံးလိုက်ကြသည်။ ထို့နောက် သူ့ကို ကျောခိုင်းကာ ကျွန်းပေါ်သို့ တစ်လှမ်းချင်း . . . တစ်လှမ်းချင်း . . . တည်ငြိမ်အေးဆေးစွာ ပြန်တက်သွားကြတော့သည်။

သူနားမလည်နိုင်စွာ ငေးကြည့် . . . တဒင်္ဂတွင် မတ်တပ်ရပ်အသက်ရှူရင်း သေဆုံးနေသလိုပင် စိတ်ထဲဖြစ်၏။ သူ့ကို သဘော်သားနှစ်ဦးက အသာအယာ တွဲခေါ်သည်။ သူလှေပေါ်သို့ တက်လိုက်၏။ သူတို့ စတင်ရွေ့လျားပြီ။ သူ့မျက်နှာမူရာ တည့်တည့်တွင် ပင်လယ်ပြင်သဘော်ကြီးကို မြင်နေရ၏။ ကြာကြာမြင့်မြင့် ဝေးခဲ့ရာကျွန်းဆီသို့



www.burmeseclassic.com

www.burmeseclassic.com



သူဦးတည် ရွေ့လျားနေသည်။

ကမ္ဘာမြေရေ . . .။

သူ ရွေ့လျားနေသည်။ ဘာရယ်မဟုတ်ပါဘဲနှင့် သူနောက်သို့ တစ်ချက် ပြန်စောင်းငဲ့ကြည့်လိုက်မိ၏။

လူသုံးယောက် ကုန်းမြင့်ကလေးကို တက်နေကြသည်။ ကျောက်ဂူကလေးရှိရာသို့ သူတို့တစ်လှမ်းချင်း လျှောက်သွားနေကြ။

သူ့ရှေ့သို့ မျက်နှာပြန်မူသည်။ သူရွေ့လျား . . လေ . သူရွေ့လျား သဘောဆိုသို့။ သူထပ်၍ လှည့်ကြည့် ဖြစ်ပြန်သည်။ လူသုံးယောက် ရင့်ပေါင်တန်းလျက် ပင်လယ်ပြင်ကို ကျောခိုင်းလမ်းလျှောက်သွား . တစ်လှမ်းချင်း။ သူ တစ်စုံတစ်ရာကို နားလည်လိုက်သည်။

"ဟေး . . ."

သူ့ အော်ဟစ်လိုက်သံကြောင့် လူသုံးယောက်လျှောက် နေရာမှ ရပ်တန့်ကာ သူ့ဆီ ပြန်လှည့်ကြည့်သည်။ သူ ရုတ်တရက် ထရပ်လိုက်ပြီး ပင်လယ်တွင်းသို့ ခုန်ဆင်းလိုက်၏။ သူ့ ခြေတွေ လက်တွေ အလို အလျောက် စတင်လှုပ်ရှား ကူးခတ်နေလေသည်။ ရေထဲတွင် ခန္ဓာကိုယ်၏ အလေးချိန်သည် များစွာလျော့နည်းသွားကြောင်း သူ နွေးထွေး ချိုမြိန်စွာ နားလည်ဖြစ်သည်။

သူ ကူးခတ်နေသည် . . ကျွန်းဆီသို့ . . ကူးခတ်။ လူသုံးယောက်သည် သူ့ကို ကြိုဆိုရန် သောင်ပြင်ဆီသို့ တစ်ဖန် ပြန်ဆင်းလာနေကြ၏။

မင်းခိုက်စိုးစန်

ကြောင်နှစ်ကောင်စာပေ

www.burmeseclassic.com